ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လကွယ်၊ တနင်္ဂနွေနေ့။ Sunday, 5 September 2021 ၁၀၄၈၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

## သံရုံး၊ စစ်သံရုံး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ


**နေပြည်တော် စက်တင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် ကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ စစ်သံမှူးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

မီဒီယာအဆိပ်သင့်မှုနှင့် သတင်းတု၊ သတင်းမှား ထောင်ချောက်က ရုန်းထွက်စေချင် စာမျက်နှာ » ၆

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း စာမျက်နှာ » ၉

အကြမ်းဖက်ဝါဒကင်းစင်ဖို့ ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့ စာမျက်နှာ » ၁၁

မျိုးဆက်သစ် ပျိုးခင်း စာမျက်နှာ » ၂၀၊ ၂၁

ကိုဗစ်ကာကွယ်ဆေးထိုးထားတာကြောင့် ကျွန်တော်အခုလို မြန်မြန်ဆန်ဆန်နဲ့ ကိုဗစ်ရောဂါ ပျောက်ကင်းလာတာလို့ ယုံတယ် စာမျက်နှာ » ၁၆

# ကိုဗစ်စည်းကမ်းများကို တိကျစွာလိုက်နာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာထားသည်။ အလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရေးဖြစ်သည်။ ကိုဗစ်တတိယလှိုင်းကာလ၌ အလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခြောက်ကြိမ်သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားခဲ့သော ပြီးခဲ့သည့်ဇူလိုင်လမှစ၍ အများပြည်သူအလုပ်ပိတ်ရက်များကို သတ်မှတ်ခဲ့ရာ ရောဂါကူးကွင်းဆက်ဖြတ်နိုင်ရေး အထောက်အကူဖြစ်ခဲ့သည်။ သို့သော် ကိုဗစ်ရောဂါ ကူးစက်ဖြစ်ပွားမှု လျော့ကျသော်လည်း ပြည်ပတွင် ရောဂါဖြစ်ပွားမှု မြင့်တက်နေခြင်း၊ ပြည်တွင်းအချို့ဒေသများ၌ ရောဂါကူးစက်မှု မြင့်မားဆဲဖြစ်၍ အလုပ်ပိတ်ရက်များကို ဆက်လက်ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါကာလအတွင်း ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ အသိပေးကြေညာချက်များကို လိုက်နာကြဖို့ လိုအပ်ပေသည်။

Stay at Home အစီအစဉ်တွင် အကျုံးဝင်သော မြို့နယ်များအနေဖြင့် မိမိတို့၏နေအိမ်များတွင် နေထိုင်ရန်နှင့် တာဝန်နှင့်နာရေးကိစ္စမှအပ ခရီးသွားလာခြင်းကို လုံးဝမပြုလုပ်ရန်အချက်သည် အရေးကြီးသောအချက်ဖြစ်သည်။ ပြည်သူများအနေဖြင့် နိစ္စဓူဝ မဖြစ်မနေလုပ်ကိုင်ရသည့်ကိစ္စမှလွဲ၍ မလိုအပ်ဘဲ အပြင်ထွက်လည်ပတ်ခြင်း မပြုလုပ်ကြရန်လိုပေသည်။ မဖြစ်မနေ နေအိမ်မှထွက်ခွာရမည့်ကိစ္စများ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း(Mask)အပါအဝင် လိုအပ်သောကာကွယ်ရေးအစီအမံများကို မဖြစ်မနေ ပြုလုပ်ရန်လိုအပ်သည်။ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်လိုပြီး အခြားလူများနှင့် နီးနီးကပ်ကပ် စကားပြောခြင်းတို့ မပြုလုပ်ရန်လိုသည်။

မဖြစ်မနေ ခရီးသွားရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်း၊ ရေ၊ လေ လမ်းတို့နှင့်ပတ်သက်သောယာဉ်များ ပြေးဆွဲနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စီစဉ်ပေးထားသည်။ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ်ချက်ကို လိုက်နာရန်လိုသည်။ ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ထားပြီး ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဖွင့်လှစ်ရန် အသိပေးထားသည်။

ထို့အပြင် သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြားသင့်လျော်ရာနည်းလမ်းဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊ မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာဖွင့်လှစ်ရန်၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊ စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်ဖြင့်သာရောင်းချရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဖွင့်လှစ်ရန်တို့ကို အသိပေးလမ်းညွှန်ထားသည်။

ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာသော်လည်း အထူးသဖြင့် နယ်မြို့များ၊ နယ်စပ်ဒေသများတွင် ကူးစက်မှုနှုန်းမြင့်မားနေသည်ကို တွေ့ရသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ တတိယလှိုင်း မြင့်မားနေဆဲဖြစ်ပြီး စတုတ္ထလှိုင်းဟုယူဆသည့် ရောဂါမျိုးစိတ်သစ်တစ်မျိုးပင် ပေါ်ပေါက်နေသည်ဟုဆိုကြရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ စည်းကမ်းချက်များကို ပြည်သူအားလုံး တိကျစွာလိုက်နာကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် အလျှင်းပျောက်မည့်ရောဂါမဟုတ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများတွင် ရောဂါဖြစ်ပွားနှုန်းမြင့်မားနေသောကြောင့် အထူးသတိပြု၍ ကျန်းမာရေးဆိုင်ရာ စည်းကမ်းများကို လိုက်နာကြရန်လိုအပ်သည်။ ယခုအခါ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ မဖြစ်မနေ ထိုးနှံကြရန်လိုအပ်ပြီး ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို ပြည်သူများ တိတိကျကျ လေးစားလိုက်နာကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ထန်းတပင်မြို့နယ်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၉၁၃ ဦးထိရှိ

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများအား ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၉ ရက်မှစတင်၍ မြို့နယ်အတွင်း ဦးစားပေးစုရပ်နေရာရှစ်ခုတို့၌ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ဒုတိယအကြိမ် ကာကွယ်ဆေး လာရောက်ထိုးနှံခဲ့သူ ၂၉၁၃ ဦးထိရှိကြောင်း သိရသည်။



**ထိုးနှံပေး**

ထန်းတပင်မြို့နယ်အတွင်း ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံရာတွင်လည်း သက်ဆိုင်ရာ ဦးစားပေးအုပ်စုများအလိုက် စုရပ်များခွဲ၍ ကာကွယ်ဆေးကိုထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၉ ရက်နှင့် ၃၁ ရက်တို့တွင် ထန်းတပင်မြို့မ အားကစားကွင်းစုရပ်၊ ဩဂုတ် ၃၀ ရက်တွင် အ ထ က (ဘောလည်)ကျောင်းစုရပ်၊ စက်တင်ဘာ ၁ ရက်တွင် တက်သစ်တိုက်နယ်ဆေးရုံစုရပ်နှင့် အ ထ က (ကျူတော) စုရပ်၊ စက်တင်ဘာ ၂ ရက်တွင် လှည်းဆိပ်တိုက်နယ်ဆေးရုံစုရပ်၊ အ ထ က(ခွဲ) အုတ်ဖိုကျောင်းစုရပ်၊ စက်တင်ဘာ ၃ ရက်တွင် ဒိတ်ကုန်း-ပေါက်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း စုရပ်နှင့် စက်တင်ဘာ ၄ ရက်တွင် နဲသမိန်တိုက်နယ် ဆေးရုံစုရပ်တို့၌ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများကို ဒုတိယအကြိမ်မြောက် ထိုးနှံပေးခဲ့သည်။ အဆိုပါစုရပ်နေရာ ရှစ်နေရာတို့တွင် ကာကွယ်ဆေး လာရောက်ထိုးနှံခဲ့ကြသည့် သံဃာတော်အရှင်သူမြတ် ၁၈၇ ပါး၊ နိုင်ငံ့ဝန်ထမ်း ၂၃၈ ဦးနှင့် ၎င်းတို့၏မိသားစုဝင် ၅၆၇ ဦး၊ စေတနာ့ဝန်ထမ်း ၄၁၃ ဦး၊ အသက် ၆၅နှစ်နှင့်အထက် အဘိုးအဘွား ၁၄၇၈ ဦးနှင့် ဈေးသူ၊ ဈေးသား ၃၀ စုစုပေါင်း ၂၉၁၃ ဦးတို့ ကာကွယ်ဆေးလာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာတွင်လည်း ကာကွယ် ဆေးလာရောက်ထိုးနှံကြသူများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးမထိုးနှံမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင်လည်ပတ်မှုနှုန်းတိုင်းတာခြင်းနှင့် ရောဂါအခံရှိ၊ မရှိ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ



ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီကိုးခုမှ Eprex 4000 Injection ၉၅၇ ခု၊ Durapen ၉၄၀၁ ခု၊ Clarithromycin Tablets ၅၀၀၊ Azithromycin Anhydrous ၄၀၀၀၊ Endoxan Tablets ၅၀၀၊ Vinoxarin Injection ၂၀၁၅၂ ခု၊ Cresp Injection ၂၀၀၀၊ Favtris Tablets ၅၀၁၁ ခု၊ Silex 1G Powder For Injection ၁၀ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ခြောက်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Raw For Medicine ၁၁၀၀၀ ကီလိုဂရမ်၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၄၀၊ Surgical Face Mask ၃၆၀၀၀၊ Oxygen Plant ကိုးခု၊ ဆေးဝါးမျိုးစုံ ၆၉၅၆၀ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကိုးကန့်)တွင် ကုမ္ပဏီ ၂၄ ခုတို့မှ Oxygen Cylinder ၅၃၁၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၄ ခု၊ နှာခေါင်းစည်း ၂၄၉၅၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၄၉၂ ကုဗမီတာ၊ Flow Meter ၃၉၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၈၂၇၅၀၊ Oxygen Plant ခြောက်ခု၊ Oxygen Mask ၄၀၀၀၊ Syringe ၆၈၃၂ ခု၊ Infusion ၆၀၀၊ Hydrochloride Injection ၅၄၁၂ ကီလိုဂရမ်၊ Hydrocortisone Injection ၆၃၇၁ ကီလိုဂရမ်၊ Vitamin B6 Injection ၁၈၀၃၂ ကီလိုဂရမ်၊ Shoe Cover ၇၅၀ ကီလိုဂရမ်၊ Cannula ၅၄၀၀၊ လက်အိတ် ၉၇၂၂ ကီလိုဂရမ်၊ အပူချိန်တိုင်းကိရိယာ ၉၀၀၊ 84 Disinfectant (Isopropyi Alcohol ) ၁၀၀၀၀ ကီလိုဂရမ်၊ Disposable Cap ၁၀၀၀ ကီလိုဂရမ်၊ Oximeter ၁၂၀၊ Oxygen Air Speration Machine Spare Parts သုံးခု၊ Surgical Gown ၅၅၀၀ ကီလိုဂရမ်၊ Trolley ၁၇၅ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | ဒီဇိုင်း | |
| အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင် |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | | |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်ရန်လိုအပ်

**အသက်အရွယ်ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကိုတွေ့ရှိရပြီး အသက် ၅၀ နှင့်အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံစေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ၈ သန်းရောက်ရှိပြီး ၆ သန်းကို ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံရန် ဆေး ၂ သန်း ကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင် နေထိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ စစ်ဘက်နည်းပညာ၊ ပညာရေး၊ ကျန်းမာရေးနှင့် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးတို့မှ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝေးလံသည့် နိုင်ငံရပ်ခြားတွင် နိုင်ငံတော်၏တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန် လိုအပ်သည့် အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ နိုင်ငံ့အကျိုးစီးပွားတိုးတက်ရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာဖြင့် နိုင်ငံတော်နှင့် မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိရှိဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သံရုံး၊ စစ်သံရုံး မိသားစုများအတွက် လက်ဆောင်ပစ္စည်းနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့က လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ထံ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးတို့မှ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သံအမတ်ကြီး ဦးလွင်ဦးအား သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သာစည်မြို့နယ်ရှိ ထုံးကျောက်ထုတ်လုပ်ကွက်၊ ဘိလပ်မြေစက်ရုံတို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြင်ညောင်ရှိ ရွှေတောင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ထုံးကျောက်လုပ်ကွက်၊ အပါချီဘိလပ်မြေစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ထားမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးသည်။



**ပြောကြား**

ကွင်းဆင်းစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခုစက်ရုံသည် တစ်ရက်လျှင် ဘိလပ်မြေတန်ချိန် ၅၅၀၀ ထုတ်လုပ်နိုင်ပြီး လိုအပ်သောထုံးကျောက်ကုန်ကြမ်းကိုလည်း အနီးအနားတွင် လုံလောက်စွာ ရရှိနိုင်သည့်အတွက် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်သည့် အခြေအနေတွင် ရှိကြောင်း၊ ထုံးကျောက်ထုတ်လုပ်မှုနှင့် ဘိလပ်မြေစက်ရုံလည်ပတ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပိုင်းကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်မှသာ Responsible Investment ဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကို ရရှိစေမည်ဖြစ်ကြောင်း၊ Responsible Investment တွင် Envir– onment၊ Social၊ Governance – ESG ကိုလည်းကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဘိလပ်မြေထုတ်လုပ်ရာမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကို စနစ်တကျထိန်းချုပ်သည့် စနစ်များ၊ ပုံမှန်စောင့်ကြည့် စစ်ဆေးသည့်စနစ်များ တပ်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံအနေဖြင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှု၊ ဂေဟစနစ်ပျက်စီးမှု၊ ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အတည်ပြုထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်နှင့် ရေရှည်တွင် သန့်ရှင်းသောနည်းပညာ (Clean Technology) များကိုလည်း ပြောင်းလဲတိုးတက်လာသောခေတ်နှင့်အညီ မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ တာဝန်ရှိသူများက ထုံးကျောက်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ ဘိလပ်မြေစက်ရုံလည်ပတ်ဆောင်ရွက်မှုနှင့် EIA အစီရင်ခံစာအပေါ် အဆင့်အလိုက် လိုက်နာဆောင်ရွက်ထားရှိမှုများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အရှေ့ရေပေါင်းစုံကြိုးဝိုင်း အကွက်အမှတ်(၁၀)တွင် သစ်တောဦးစီးဌာနက တည်ထောင်ထားသော ကျွန်းသစ်စေ့ထုတ်ဧရိယာ ၂၁ ဧကသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)ကို စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေသည့် အခြေအနေ၊ ပဲခူးစက်မှုဇုန်နယ်မြေအတွင်းရှိ ကိုရီးယားနိုင်ငံအခြေစိုက် Panko Bago Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးချဲ့ခြင်း၊ စက်ရုံမြေနေရာတိုးချဲ့ခြင်းနှင့် စက်ရုံတည်ဆောက်ရေးကာလ တိုးမြှင့်ဆောင်ရွက်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း သဘာဝဂေဟစနစ်ကို မထိခိုက်စေဘဲ လုပ်သားဦးရေများစွာကို အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရရှိသည့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများကို စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်နှင့် စက်မှုနယ်မြေများအတွင်း ကျူးကျော်ဆောက်လုပ်မှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃၆ ခုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၉ ခုရှိပြီး ဒေသခံပြည်သူ လေးသောင်းကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာနှင့် ဒလမြို့နယ်တို့အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ထမ်းအိမ်ရာဝင်း၌ ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) ရပ်ကွက် ရန်ကုန်–ပုသိမ်လမ်းမကြီးပေါ်ရှိ FMI City (ပဒေသာပင်မြို့တော်)တွင် အမှိုက်များ၊ သစ်ပင်ချုံနွယ်များနှင့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းပုံသွင်းနေမှုကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်–ပုသိမ်လမ်းမကြီးပေါ်ရှိ မြစိမ်းအောင်ချောင်းသို့ ဆက်သွယ်သည့်ရေပြွန်အထိ အရှည်ပေ ၄၅၀၀ ရေမြောင်းတူးဖော်ခြင်းနှင့် ရေမြောင်းအတွင်း မှော်၊ ဒိုက်၊ နုန်းများ၊ ပိန်းပင်နှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ဦးစိန်ပေါလမ်းတွင် အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲက စီးဆင်းသည့် ရေမြောင်းမှ မြစိမ်းအောင်ချောင်းအထိ အရှည် ၂၀၁၇ ပေ ရေမြောင်းတူးဖော်ရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့အတူ မြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အနော်ရထာစက်မှုဇုန်ရှေ့ မြေဧရိယာ ၁၂ ဒသမ ၂၅၈ ဧကတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်း တည်ဆောက်မည့်နေရာ၌ မြေပြင်ခြင်းနှင့် သဲဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပန်းလှိုင်တံတားနှင့် BOC လမ်းဆုံကြား အရှည် ၃၁၆၈ ပေရှိ လမ်းဝဲ/ယာအား AG Mixer ယာဉ်ဖြင့် ကွန်ကရစ်လောင်းခြင်းကိုလည်းကောင်း၊ တွံတေးမြို့နယ် တွံတေး–ဒလကားလမ်းပေါ်ရှိ ရန်ကုန်–ပေါက်ကျေးရွာအနီး ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းတွင် Nano Filter ဖြင့် ရေသန့်စင်မှုစနစ် စမ်းသပ်တပ်ဆင် သုတေသနဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒလမြို့နယ် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ (Final Disposal Site) တည်ဆောက်ရန် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဒလရေပေးဝေရေးလုပ်ငန်းအတွက် တွံတေး–ဒလလမ်းတစ်လျှောက် အရှည် ၄၁၅၆၉ ပေ 630 mm HDPE Pipe ဆက်သွယ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဒလမြို့နယ် တာကြီးကျေးရွာတွင် ခါတ်ငွေ့ထုတ်ပိုက်၊ ရေဆိုးထုတ်ပိုက်များ တပ်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒလမြို့နယ် ဗိုလ်ချုပ်ပန်းခြံအနီး တွံတေး–ဒလလမ်းနှင့် ကနောင်လမ်းဆုံရှိ အောက်ဆီဂျင်စက်ရုံတွင် အောက်ဆီဂျင်ဖြည့်တင်းနေမှုကိုလည်းကောင်း၊ ဒလရေပေးဝေရေးရုံးရှိ ရေတွန်းစက်၊ ရေစုကန်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)မှ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခဆရာ ဆရာမများအား တွေ့ဆုံ




**နေပြည်တော် စက်တင်ဘာ ၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် စက်တင်ဘာ ၂ ရက်တွင် နည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း) သို့ ရောက်ရှိပြီး သင်တန်းခန်းမများ၊ မြို့ပြအင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ သုတ နည်းပညာအင်ဂျင်နီယာဌာန၊ မော်တော်ယာဉ် နည်းပညာအင်ဂျင်နီယာဌာန၊ စက်မှုပုံစံပြုနှင့် CNC ဌာနများသို့ သွားရောက်၍ တပ်ဆင်ဆောင်ရွက်ထားသည့် LAB ခန်းများ၊ စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်စေရန် လေ့ကျင့်သင်ကြားဆောင်ရွက်နိုင်စေရန် စီစဉ်ထားရှိမှုများ၊ သင်တန်းသား အိပ်ဆောင်များနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာ နယ်ပယ်အလိုက် အရည်အသွေးပြည့်ဝသည့် လုပ်သားများရှိရန် လိုကြောင်း၊ သင်တန်းသားများကို ပြုစုပျိုးထောင်ပေးမည့် ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ e-Learning Online စနစ် သင်ကြားသင်ယူမှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို မှာကြားသည်။

စက်တင်ဘာ ၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနများ၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)သို့ သွားရောက်ပြီး သုတေသနဆောင်ရွက်နေမှု အခြေအနေများ၊ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးငြိမ်းသတ်ယာဉ်များ စွမ်းရည်သရုပ်ပြသမှုနှင့် ရွှေနတ်တောင် တန် ၂၀ ဆံ့ အောက်ဆီဂျင်(အရည်) စက်ရုံလည်ပတ်မှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင် စက်တင်ဘာ ၄**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် မောရဝတီပန်းခြံရှေ့၌ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနသို့ အသစ်ရောက်ရှိလာသော မီးငြိမ်းသတ်ယာဉ်လေးစီးအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အသစ်ရောက်ရှိလာသော မီးငြိမ်းသတ်ယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သရုပ်ပြမီးငြိမ်းသတ်မှုများကို ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မီးငြိမ်းသတ်ယာဉ် ၁၁ စီး ဝယ်ယူခဲ့ရာ ပထမအသုတ် လေးစီးရောက်ရှိပြီး ဒုတိယအသုတ် ခုနစ်စီး ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ မီးငြိမ်းသတ်ယာဉ် တစ်စီးတန်ဖိုးငွေကျပ်သိန်း ၆၅၀ ဖြစ်ပြီး SINO Truck HOWO ယာဉ်အမျိုးအစားဖြစ်ကာ မြင်းကောင်ရေ ၁၆၀ အားကို ရေနှင့်အမြှုပ်ဆေးရည် တွဲဖက်အသုံးပြုနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင်စက်ရုံဝင်းအတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ထားသည့် တန် ၂၀ ဆံ့ အောက်ဆီဂျင် (အရည်) စက်ရုံမှ လီတာ ၄၀ ဆံ့အိုးများသို့ အောက်ဆီဂျင်ဖြည့်တင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တန် ၂၀ ဆံ့ အောက်ဆီဂျင်(အရည်) စက်ရုံမှ တစ်နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၅၀ ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန်ပတ်လမ်း ၃ ဒသမ ၈၂ ကီလိုမီတာအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## သွားရောက်ကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာတွင်း လမ်းအရှည် ၈၃၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို လည်းကောင်း၊ ပဒေသာကျေးရွာတွင် မွေးမြူရေးလုပ်ငန်းရှင် ဦးစံကျော်လှ၏ နို့စားနွားမွေးမြူရေးခြံကို လည်းကောင်း၊ တောင်သူခုနစ်ဦး၏ လယ်ကေ ၂၅ ကေတွင် ခတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောနှောထည့်သွင်း စံပြစိုက်ခင်းကို လည်းကောင်း၊ ကွမ်းတောင်ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်း အရှည်ပေ ၅၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မနှင့် လမ်းပေါ်တွင် ရေနုတ်ပြွန်တံတားငယ် ခြောက်စင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာပြုစုစောင့်ရှောက်ရေးစခန်းများသို့ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မြစ်ကြီးနား စက်တင်ဘာ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေ ၃ နာရီခွဲတွင် မြစ်ကြီးနားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းများသို့ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နောင်နန်းကျေးရွာရှိ တြိနီတီနှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းဖွင့်လှစ်ထားရှိမှုအခြေအနေကို တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စခန်းအတွင်းရှိ လူနာများအား အားပေးစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများထံ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် မန်ခိန်ရပ်ကွက်အတွင်းရှိ ပထမလီဆူနှစ်ခြင်းအသင်းတော်ဘုရားကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများပြုစုစောင့်ရှောက်ရေးစခန်းသို့ သွားရောက်ပြီး အသင်းတော်တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မီဒီယာအဆိပ်သင့်မှုနှင့် သတင်းတု၊ သတင်းမှားထောင်ချောက်က ရုန်းထွက်စေချင်

မြင့်မြတ်

နိုင်ငံတစ်နိုင်ငံမှာ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တရားဥပဒေစိုးမိုးဖို့ လိုပါတယ်။ တရားဥပဒေစိုးမိုးရေးကို အဓိကခြိမ်းခြောက်တဲ့အရာဟာ အကြမ်းဖက်လုပ်ရပ်တွေပါပဲ။

အကြမ်းဖက်တိုက်ဖျက်ရေးမှာ အဖျက်အမှောင့် မီဒီယာရဲ့ သက်ရောက်မှုဟာ စိန်ခေါ်မှုတစ်ခုဖြစ်နေပါတယ်။ အကြောင်းကယနေ့ခေတ်အကြမ်းဖက်အဖွဲ့တွေဟာ သူတို့ရဲ့အကြမ်းဖက်လုပ်ငန်းစဉ်တွေအတွက် မီဒီယာကို ကောင်းကောင်းချုပ်ကိုင်နိုင်ကြ၊ လွှမ်းမိုးနိုင်နေကြလို့ပဲဖြစ်တယ်။ လူအများဆီအရောက် ဆက်သွယ်ရေးကြားခံ ချန်နယ်တစ်ခုအဖြစ် သတင်းအချက်အလက်တွေကို ဖြန့်ဝေပို့ဆောင်ပေးရတဲ့ မီဒီယာတစ်ခုဟာ မလိုလားအပ်ဘဲ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ ထိန်းချုပ်မှုအောက် ရောက်ရပြီဆိုရင် အကြမ်းဖက်မီဒီယာအဖြစ် သတ်မှတ်ခံရနိုင်ပါတယ်။

> **တကယ့်မြေပြင်မှာ အဆုံးအရှုံးနဲ့ ရင်ဆိုင်နေရတဲ့အခါ ကိုယ့်ဘက်တော်သားတွေ စိတ်ဓာတ်မကျအောင်၊ စိတ်ဓာတ်မပျက်ပြားအောင် Psy-war ဆိုက်ဝါးလုပ်တာတွေ၊ ဝါဒဖြန့်ချိတာတွေကို အသွင်ယူပုံဖျက်ပြီး ပြည်သူတွေနားဝေတိမ်တောင်ဖြစ်အောင် လုပ်တယ်ဆိုရင် ဒါဟာ မရိုးသားမှုပဲဖြစ်တယ်။ ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ ကာလံဒေသံမတူတဲ့အဖြစ်အပျက်တွေကို ဖြတ်၊ ညှပ်၊ ကပ်လုပ်ပြီး ရောချပုံမှားရိုက်တတ်ကြ**

ဒီလိုအဖြစ်မျိုး မကျရောက်စေဖို့နဲ့ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်အဖြစ် ဂုဏ်ယူစရာ သတ်မှတ်ခံထားရတဲ့ မီဒီယာတွေကတစ်ဆင့် လက်ဆင့်ကမ်းလိုက်တဲ့ သတင်းတွေအပေါ်မှာ ပြည်သူတွေအနေနဲ့ ချင့်ချိန်နှိုင်းဆအကဲဖြတ်နိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ယခုဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါတယ်။

## အမုန်းတရားတွေကြီးထွားစေတဲ့မီဒီယာရဲ့သက်ရောက်မှု

လူ့အဖွဲ့အစည်းကြီးတစ်ခုအပေါ်မှာ မီဒီယာရဲ့သက်ရောက်မှုက အလွန်ကြီးမားပါတယ်။ ၂၀၀၄ ခုနှစ်မေလအတွင်း အမေရိကန်တပ်တွေ အီရတ်ကိုသိမ်းပိုက်အပြီး အီရတ်နိုင်ငံမှာ နစ်ခ်ဘတ်(Nickberg) ဆိုတဲ့ အမေရိကန်ဓားစာခံတစ်ယောက်ကို အကြမ်းဖက်သမားတွေက ရက်ရက်စက်စက် ခေါင်းဖြတ်သတ်လိုက်တဲ့လုပ်ရပ်ကို TV ကတစ်ဆင့် ကမ္ဘာ့ပြည်သူတွေ မြင်လိုက်ရတဲ့အခါ အံ့သြတုန်လှုပ်ချောက်ချားသွားခဲ့ကြရတယ်။

ဒါပေမဲ့ ဒီလို သွေးသံတရဲရဲနဲ့ အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေဟာ ယနေ့ခေတ် TV နဲ့ အင်တာနက် လူမှုကွန်ရက်တွေမှာ မမြင်ချင်ပေမယ့် အလွယ်တကူ မြင်နေကြားနေရပြီဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေကိုယ်တိုင်က မီဒီယာကတစ်ဆင့် ကမ္ဘာကြီးကသိအောင်၊ မြင်အောင် တမင်ချပြနေတယ်ဆိုတာ သိစေချင်လို့ဖြစ်ပါတယ်။

တချို့ဖြစ်စဉ်တွေမှာ အကြမ်းဖက်သမားတွေနဲ့ မီဒီယာဟာ အချိန်ကိုက်ပြီး တစ်သားတည်း လှုပ်ရှားသွားတာကို တွေ့နေရပါတယ်။ တစ်ခါတစ်ရံ သာမန်မှုခင်းလေးတစ်ခုဆိုပေမယ့် ဆိုရှယ်လူမှုစာမျက်နှာတွေနဲ့ ဖေ့စ်ဘွတ်ကတစ်ဆင့် ပျံ့နှံ့သွားတဲ့သတင်းတွေကြောင့် ကြီးမားတဲ့ပဋိပက္ခအသွင် ဆောင်သွားပြီး လူ့အဖွဲ့အစည်းတွေအကြား ရှင်းရခက်တဲ့အမုန်းတရားနဲ့ လက်စားချေမှုတွေ၊ အာဃာတတရားတွေ ကြီးထွားသွားခဲ့တဲ့ အတွေ့အကြုံတွေဟာ သင်ခန်းစာယူစရာအဖြစ် ရှိနေသေးတယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

## သတင်းတု သတင်းမှားနဲ့ လုပ်ကြံသတင်းတွေရဲ့ရည်ရွယ်ချက်ဆိုတာ..

သတင်းတု (fake)၊ သတင်းမှား (misinformation) နဲ့ ရည်ရွယ်ချက်ပါတဲ့ လုပ်ကြံသတင်း (disinformation) တွေရဲ့ထိုးနှက်တိုက်ခိုက်မှုအန္တရာယ်က မြန်မာမှာတင်မက တစ်ကမ္ဘာလုံးမှာလည်း ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်ထောင်ထားတဲ့ မီဒီယာတွေ၊ ဖေ့စ်ဘွတ်အကောင့်ဖွင့်ထားတဲ့မီဒီယာတွေ၊ အကောင့်တုတွေ များပြားလာတာလည်းပါတယ်။

ဒီကြားထဲ အချို့မီဒီယာတွေရဲ့သဘောကိုကလည်း ပေးတာယူ ကျွေးတာစား ခိုင်းတာလုပ်အဆင့်မှာသာ ရှိနေတာကိုလည်း တွေ့နေရပါတယ်။ သူတို့မှာ ဘာမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးဆိုတဲ့စိတ်မရှိ၊ ဘာအခြေခံစည်းမျဉ်းမှလည်းမလိုက်နာ၊ ဘာပဲပျက်စီးပျက်စီး ဂရုမစိုက်၊ သူတို့အတွက်က နိုင်ငံရေးအကျိုးအမြတ် ထင်ပေါ်လိုမှုနဲ့ စီးပွားဥစ္စာငွေကြေးအကျိုးအမြတ် တစ်ခုခုကို ရှေ့တန်းတင်တတ်ကြတာပဲဖြစ်တယ်။

**တစ်ဖက်နဲ့တစ်ဖက် အထင်လွဲအောင် အမုန်းပွားအောင် အာဃာတတရားအခြေခံ၊ ဘက်လိုက်ပြီး မုန်းတီးရေးဝါဒဖြန့်တတ်တယ်။ တစ်ဖက်နဲ့တစ်ဖက် ဆက်ဆံရေးအဆင်မပြေအောင် သွေးခွဲတတ်တယ်။ လူအများစိတ်ဝင်စားမှုကိုအခြေခံပြီး အမှန်ကို အမှား၊ အမှားကိုအမှန်ဖြစ်အောင် သတင်းမှားတွေ လွှင့်တတ်ကြတယ်။ မီဒီယာကျင့်ဝတ်၊ လူ့ကျင့်ဝတ်ဆိုတာမရှိဘူး။ အသိဉာဏ်နုံနဲ့သူတွေကို ရွေးပြီး မှိုင်းတိုက်တတ်ကြတယ်။**

## မရိုးသားတဲ့မီဒီယာတွေရဲ့သဘောသဘာဝ

အချို့မရိုးသားတဲ့ မီဒီယာတွေရဲ့သဘောက ခံစားလွယ်ပြီး အကဲဆတ်တဲ့ လူအုပ်စုကို ဦးတည်အသုံးချ ရှေ့တန်းတင်တယ်။ များသောအားဖြင့် လူငယ်တွေ၊ အမျိုးသမီးငယ်တွေ၊ ကလေးသူငယ်တွေ၊ သံဃာတော်တွေကို အသုံးချတတ်တယ်။ လူငယ်ဆိုတာ ခံစားလွယ်တယ်လေ။ အနာဂတ်ရဲ့ခေါင်းဆောင်တွေဆိုပြီး မြှောက်ပေးတယ်၊ သွေးထိုးတယ်။ စေတနာမမှန် ကောက်ကျစ်တဲ့ နိုင်ငံရေးသမားမျိုးနဲ့တွေ့ရင် အဲဒီနိုင်ငံရေးသမားမျိုးတွေက မီဒီယာကိုအားကိုးပြီး ဆင်ခြင်တုံတရားကလည်းအားနည်း၊ ဆက်စပ်ပြီးမစဉ်းစားတတ်တဲ့သူတွေဆိုရင် သူတို့လိုချင်တဲ့ အနေအထားရောက်အောင် ပထမပုံဖော်တတ်တယ်၊ နောက် ပုံသွင်းတယ်။ သူလိုချင်တဲ့ အနေအထားတစ်ခုဆိုတာ နိုင်ငံရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုတစ်ခုခုဖြစ်နိုင်တယ်။

မူလအနေအထားကနေ သွေဖည်သွားအောင်၊ တိမ်းစောင်းသွားအောင် နှစ်ရှည်လများ ကြိုတင်ဖန်တီးပုံဖော်ထားခြင်းကိုဆိုတယ်။ သူတို့လိုချင်တဲ့ စရိုက်တစ်ခုခုကို ရိုက်သွင်းထားတာ။ ဒီနေရာမှာ မီဒီယာနဲ့ လူမှုကွန်ရက်တွေဟာ သော့ချက်ပါပဲ။ တချို့ မီဒီယာနဲ့လူမှုကွန်ရက်က ဖော်ပြချက်တွေဟာ တကယ့်မြေပြင်အခြေအနေတွေနဲ့ ကွဲလွဲမှုတွေ ရှိနေတတ်တယ်။

**တကယ့်မြေပြင်မှာ အဆုံးအရှုံးနဲ့ ရင်ဆိုင်နေရတဲ့အခါ ကိုယ့်ဘက်တော်သားတွေ စိတ်ဓာတ်မကျအောင်၊ စိတ်ဓာတ်မပျက်ပြားအောင် Psy-war ဆိုက်ဝါးလုပ်တာတွေ၊ ဝါဒဖြန့်ချိတာတွေကို အသွင်ယူပုံဖျက်ပြီး ပြည်သူတွေနားဝေတိမ်တောင်ဖြစ်အောင် လုပ်တယ်ဆိုရင် ဒါဟာ မရိုးသားမှုပဲဖြစ်တယ်။ ဘယ်လိုမှဆက်စပ်လို့မရတဲ့ ကာလံဒေသံမတူတဲ့အဖြစ်အပျက်တွေကို ဖြတ်၊ ညှပ်၊ ကပ်လုပ်ပြီး ရောချပုံမှားရိုက်တတ်ကြတယ်။**

ကိုယ့်ဘက်တော်သားတွေ စိတ်ဓာတ်တက်ကြွအောင် ဆိုက်ဝါးလုပ်တယ်ဆိုဦးတော့ အပြစ်မဲ့ပြည်သူတွေ အများကြီးပေးဆပ်ရမယ့်ဘေးကိုတော့ ရှောင်သင့်ပါတယ်။ သတင်းတွေကို အဆမတန်ပုံကြီးချဲ့ကြတယ်။ တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြီး ချဲ့ကားကြတယ်။ သတင်းလိမ်တွေနဲ့ အရှုံးဘုံမြှောက်ကြတယ်။ အချို့မီဒီယာတွေရဲ့ သတင်းတုသတင်းမှားတွေကြောင့် အပြစ်မဲ့ပြည်သူတွေ သေကျေနေကြရတာလိပ်ပြာလုံပါရဲ့လား။ လုပ်ကြံလီဆယ်မှုတွေနဲ့ လူတွေသတ်ကြ၊ လူတွေသေကြရတာ ကိုယ့်ပယောဂ ပါဝင်နေတယ်ဆိုရင် ကိုယ့်တာဝန်မကင်းသလို ကိုယ်ခံယူရမယ့် အပြစ်ဒဏ်ဟာ ကြီးလေးပါတယ်။ တရားသဘောအရလည်း ယခုဘဝတွင်သာမက နောင်ဘဝ နောင်သံသရာတစ်လျှောက် အပါယ်ငရဲဝဋ်ဆင်းရဲဆီ အတူတူလားရောက်ကြမှာပဲဖြစ်ပါတယ်။

## ရုပ်တည်ချက်တူ၊ အသွင်တူမဖြစ်ရန်လို

**နောက်ကွယ်က ကြိုးကိုင်နေတဲ့ အဖျက်အဖွဲ့အစည်းတွေဟာ မထူးဇာတ်ခင်းပြီး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်လာတဲ့အခါ မီဒီယာနဲ့ အရှိန်အဝါကြီးတဲ့ influencer တွေကို ပါးစပ်ငှား၊ ကလောင်ငှား အသုံးချခိုင်းစားလာပါတော့တယ်။ အလိုတော်ရိ မီဒီယာသမားတွေကလည်း ရဲရဲတောက်မြှောက်ပင့်ရေးသား၊ လူတွေကို ပျားရည်နဲ့ ဝမ်းချအချိုသတ် ၊ အလိမ္မာနည်းနဲ့သွေးဆောင်ကာ လူငယ်တွေကို အကြမ်းဖက် အဖျက်အမှောင့်တွေလုပ်စေပြီး လမ်းမှားကို ပို့ကြပြန်ပါတယ်။ နောက်ကွယ်က စေခိုင်းသူရော၊ မီဒီယာ၊ အကြမ်းဖက်သူတွေရောဟာ ပုလင်းတူဘူးဆို့ ရုပ်တည်ချက်တူ အသွင်တူ အတူတူပါပဲ၊ တစ်ဖက်စွန်းရောက်မုန်းတီးရေးဝါဒတွေ အတင်းအဓမ္မသွတ်သွင်းပြီး လူထုကို အယုံသွင်း လူထုကို အရှုးလုပ်တာခြင်းအတူတူ ဘုန်းကြီးရှူးနဲ့ လှေလှူးတွေပါပဲ။**

လူရဲ့သဘောကိုက အယုံလွယ်တယ်။ ဖြစ်နိုင်လား၊ မဖြစ်နိုင်ဘူးလား၊ ဖြစ်သင့်လား၊ မဖြစ်သင့်ဘူးလား၊ ကိုယ်ကြိုက်တာထက် အများနဲ့ရောတည့်ရဲ့လား၊ သေသေချာချာစဉ်းစားရပါမယ်။ ကိုယ့်အသိဉာဏ်နဲ့ကိုယ် စူးစမ်းဆင်ခြင်စိတ်နဲ့ ဗဟုသုတလည်းများဖို့လိုတယ်။ အများလက်ခံတိုင်းလည်း ကိုယ်ကလက်ခံဖို့ လိုချင်မှလိုပါမယ်။ သတင်းမှားကို လက်ခံမိသူဟာ အလိုလိုကျဆုံးသွားသလိုပါပဲ။ သတင်းမှားကြောင့် ကိုယ့်ဆုံးဖြတ်ချက်တွေလည်း တလွဲဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုရပါမယ်။

ကိုယ့်ကြောင့် အရာရာမရှုပ်ထွေးသွားပါစေနဲ့၊ ကိုယ့်ကြောင့် လူ့အဖွဲ့အစည်း မပျက်စီးပါစေနဲ့လို့ မိမိကိုယ်မိမိ သတိပေးနေရပါမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဆိုတာ သိထားသင့်သလို အကြောင်းအရာအလုံးစုံကိုလည်း သေသေချာချာမသိထားရင် တစ်ဖက်ဖက်ကို မျက်စိစုံမှိတ် နားကိုပိတ် ဆွဲဆောင်ရာဆီပါသွားပါလိမ့်မယ်။

စာမျက်နှာ ၇ သို့ ◆

> **အကောင်းနဲ့အဆိုး အမှန်နဲ့အမှားကြားမှာ ပြည်သူတွေအနေနဲ့လည်း ဖြစ်ပေါ်သမျှသတင်းတွေကို ချင့်ချိန်ယုံကြည် သုံးသပ်စေချင်ပါတယ်။ ဆင်ခြင်တုံတရားနဲ့ ပိုင်းခြားဝေဖန် စိစစ်တတ်စေချင်ပါတယ်။ ကျောင်းသားတွေ၊ လူငယ်တွေ၊ ဝန်ထမ်းတွေအတွက်ဆိုရင်လည်း မိမိပတ်ဝန်းကျင်အနှံ့မှာ သတင်းတု၊ သတင်းမှား ကောလာဟလတွေ ဝါဒဖြန့်ချိမှုတွေနဲ့သာ ပြည့်နှက်နေတာကြောင့် ဒီကာလဟာ မိမိရဲ့ ပိုင်းခြားဝေဖန်စိစစ်နိုင်စွမ်းကို လေ့ကျင့်အားထုတ်ဖို့ အကောင်းဆုံးအချိန်ပါပဲ။ နုံတဲ့၊ အတဲ့သူအဖြစ်မခံပါနဲ့။ မရည်ရွယ်ဘဲ မိမိကိုယ်တိုင် သတင်းမှားတွေဖြန့်မိတာမျိုးလည်း မပြုမိအောင် သတိထားရှောင်ရှားဖို့လို**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအခြေအနေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ကာကွယ်ဆေးရရှိမှု၊ ဖြန့်ဝေမှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**တင်သွင်းခဲ့**

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်နှင့် ထီးခီးစခန်းငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၈ ခုမှ ယာဉ်စီးရေ ၃၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၁၂ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၈၅ ခု၊ Oxygen Plant ကိုးခု၊ Oxygen Generator ငါးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၈၂၇၅၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း ၂၆ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည်(Bowser) ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ကိုးခုမှာ ရန်ကုန်မြို့သို့ လေးခု၊ မင်းဘူးမြို့သို့ နှစ်ခု၊ မန္တလေးမြို့သို့ နှစ်ခု၊ မုဒုံမြို့သို့ တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ယာဉ်စီးရေ ၁၅၃၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၁၈၀၆ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၇၂ တန်၊ အောက်ဆီဂျင်ခါတ်ငွေ့ (အိုးဖြင့်) ၇၄ တန်၊ Storage Container ၁၉ ခု၊ အောက်ဆီဂျင် (အရည်) Distributor ကိုးခု၊ အောက်ဆီဂျင် (အိုးခွံ)ခုရေ နှစ်သိန်း ၊ Oxygen Plant ၁၁၅ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် သုံးခု၊ Oxygen Generator ၃၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၉၃၃၉၅ ခု၊ Test Kit ခုရေ နှစ်သိန်း၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံရေ ကိုးသိန်း ၊ လက်အိတ် ၁၃၃ တန်နှင့် နှာခေါင်းစည်း ၂၀၇၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၈၂ စီးမှာ ရန်ကုန်မြို့သို့ ၆၆ စီး ၊ မန္တလေးမြို့သို့ ငါးစီး၊ နေပြည်တော်သို့ သုံးစီး၊ မော်လမြိုင်သို့ လေးစီး၊ ပဲခူးသို့ နှစ်စီး၊ မုံရွာနှင့် သံဖြူဇရပ်တို့သို့ တစ်စီး စီဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၁၁၅ ခုမှာ ရန်ကုန်မြို့သို့ ၆၂ ခု၊ မန္တလေးမြို့သို့ ၁၀ ခု၊ လားရှိုးသို့ ငါးခု၊ ပဲခူးသို့ လေးခု၊ မြစ်ကြီးနားသို့လေးခု၊ ကျောက်ပန်းတောင်းသို့ သုံးခု၊ မော်လမြိုင်သို့ သုံးခု၊ မုံရွာသို့ နှစ်ခု၊ မကွေးသို့ နှစ်ခု၊ ပခုက္ကူသို့ နှစ်ခု၊ ဘားအံသို့ နှစ်ခု၊ မင်းဘူးသို့ နှစ်ခု၊ တောင်ကြီး၊ နေပြည်တော်၊ မြစ်သား၊ မိုးကောင်း၊ မြင်းခြံ၊ ကျောက်တံခါး၊ ဝါးခယ်မ၊ သံဖြူဇရပ်၊ ထားဝယ်၊ ကွမ်းခြံကုန်း၊ စစ်တွေ၊ ဒေးဒရဲ၊ မြင်းမူနှင့် မုဒုံတို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

သတင်းစဉ်

◆ စာမျက်နှာ ၆ မှ

## တာဝန်ယူတာဝန်ခံမှုရှိတဲ့ မှန်ကန်တဲ့မီဒီယာတစ်ခုဆိုတာ...

**အချို့သောမီဒီယာသမားတွေရဲ့နိုင်ငံနဲ့ပြည်သူအပေါ် သစ္စာရှိမှုနဲ့ တာဝန်ယူ၊ တာဝန်ခံမှုဆိုတာ ဘယ်ရောက်သွားပြီလဲ။ တာဝန်ယူ တာဝန်ခံမှုရှိတဲ့ တကယ့်မီဒီယာသမားကောင်းတွေလည်း တွေ့ဖူးပါတယ်။ သတင်းမီဒီယာစံနှုန်းတွေကို အတိအကျလိုက်နာတဲ့ ဖြောင့်မတ်မှန်ကန်တဲ့ မီဒီယာတစ်ခုဟာ ဒီမိုကရေစီရဲ့အခြေခံစံနှုန်းဖြစ်တဲ့ လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်နဲ့ အခြေခံလူ့အခွင့်အရေးကို အလွဲသုံးစားပြုလို့မရပါဘူး၊ မှန်ကန်ဖြောင့်မတ်တဲ့ မီဒီယာဆိုတာ ကိုယ်တင်တဲ့သတင်း ရာနှုန်းပြည့်မှန်တယ်ဆိုတာ တာဝန်ယူနိုင်ရပါမယ်။ မှန်ရမယ့်အပြင် အများပြည်သူအတွက် အကျိုးလည်းရှိရမယ်။ အသုံးလည်းတည့်ရပါမယ်။ သတင်းကမှန်တယ်ဆိုဦးတော့ အများအတွက် အကျိုးမရှိရင် mal- information ဖြစ်လို့ ရှောင်ရှားရပါမယ်။ မိမိတင်တဲ့သတင်းမှားနေရင်တောင် အမှန်သိရင် ပြန်တင်ရဲတဲ့ တာဝန်ခံမှုမျိုးရှိရပါမယ်။**

ယနေ့ခေတ်မီဒီယာလောကမှာ ပြည်သူကို တကယ်အကျိုးပြုမယ်လို့ ခံယူထားတဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့မီဒီယာတွေလည်းရှိသလို နိုင်ငံနဲ့ပြည်သူ့အကျိုးစီးပွားကနေ သွေဖည်နေတဲ့ မီဒီယာတွေလည်း ရှိနေပြန်တယ်။ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းမှာ ကောင်းကောင်းလိုက်ပါနိုင်တဲ့ မီဒီယာတွေလည်းရှိပါတယ်။ မီဒီယာထံ သတင်းပေးသူဟာ အချက်အလက်မှန်ကန်တိကျသေချာတဲ့ သတင်းကိုသာ ပေးဖို့လိုသလို မီဒီယာအနေနဲ့လည်း ကိုယ်လက်ခံရရှိတဲ့ သတင်းအချက်အလက်ဟာ မှန်ကန်ရဲ့လား၊ သေချာတိကျရဲ့လား စိစစ်ပြီးမှလက်ခံဖို့နဲ့ ပြည်သူကို အကောင်းဆုံးအသိပေးဖို့ လိုပါတယ်။

ပြည်သူအတွက် အကျိုးမရှိ အသုံးမဝင်တဲ့ သတင်းအချက်အလက်၊ ခါတ်ပုံ ဗီဒီယိုတွေဆိုရင် လျှော့ချကန့်သတ်ရမယ့် တာဝန်ရှိတယ်ဆိုတာ မမေ့အပ်ပါဘူး။ အချို့သောမီဒီယာတွေကြောင့် အကြမ်းဖက်မှုတွေဖြစ်ရတယ်ဆိုရင် ထိုမီဒီယာတွေအနေနဲ့ အကြမ်းဖက်မှုရဲ့ သားကောင်ဖြစ်ရသူတွေ၊ ခားစာခံဖြစ်ရသူတွေသူတို့ရဲ့ အဖျက်ဆီးခံရတဲ့ လူ့ဂုဏ်သိက္ခာအတွက် တာဝန်ယူရမှာ ဖြစ်ပါတယ်။

## ပိုင်းခြားဝေဖန်စိစစ်သုံးသပ်နိုင်စွမ်းကို လေ့ကျင့်ရမယ့်အချိန်အခါကောင်း

**အကောင်းနဲ့အဆိုး အမှန်နဲ့အမှားကြားမှာ ပြည်သူတွေအနေနဲ့လည်း ဖြစ်ပေါ် သမျှ သတင်းတွေကို ချင့်ချိန်ယုံကြည် သုံးသပ်စေချင်ပါတယ်။ ဆင်ခြင်တုံတရားနဲ့ ပိုင်းခြားဝေဖန် စိစစ်တတ်စေချင်ပါတယ်။ ကျောင်းသားတွေ၊ လူငယ်တွေ၊ ဝန်ထမ်းတွေအတွက်ဆိုရင်လည်း မိမိပတ်ဝန်းကျင်အနှံ့မှာ သတင်းတု၊ သတင်းမှား ကောလာဟလတွေ ဝါဒဖြန့်ချိမှုတွေနဲ့သာ ပြည့်နှက်နေတာကြောင့် ဒီကာလဟာ မိမိရဲ့ ပိုင်းခြားဝေဖန်စိစစ်နိုင်စွမ်းကို လေ့ကျင့်အားထုတ်ဖို့ အကောင်းဆုံးအချိန်ပါပဲ။ နံတဲ့၊ အတဲ့သူ အဖြစ်မခံပါနဲ့။ မရည်ရွယ်ဘဲ မိမိကိုယ်တိုင် သတင်းမှားတွေ ဖြန့်မိတာမျိုးလည်း မပြုမိအောင် သတိထားရှောင်ရှားဖို့ လိုပါတယ်။**

ဒါ့ကြောင့် သတင်းမီဒီယာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ တိုးပွားအောင် အစဉ်လေ့ကျင့်သင်ကြားကြပါ။ များများစဉ်းစားပေးရင် များများ အသိဉာဏ်တိုးပါတယ်။ အသိဉာဏ်ကို လက်တွေ့နဲ့ပေါင်းလိုက်ရင် ပညာဖြစ်ပါတယ်။ ဘယ်လိုအရင်းအမြစ် အစုံကလာတဲ့ သတင်းအချက်အလက်ပဲဖြစ်ဖြစ် မျှမျှတတနဲ့များများဖတ်ပါ၊ မှတ်ပါ။ အထူးသဖြင့် တိကျခိုင်မာမှုရှိတဲ့အဖွဲ့အစည်းတွေကလာတဲ့ သတင်းတွေကို ပိုအလေးထားလက်ခံရပါမယ်။ အထောက်အထားတွေကို သေချာစုဆောင်းရပါမယ်။ သတင်းရဲ့ ရည်ရွယ်ချက်ကဘာလဲ၊ ခေါင်းစဉ်တစ်ခုနဲ့တင် မဆုံးဖြတ်ပါနဲ့။ အဖန်တလဲလဲစိစစ်ပါ၊ ထပ်ခါထပ်ခါ စုံစမ်းပါ၊ လက်တွေ့နဲ့ယှဉ်ပြီး ဆက်စပ်နှိုင်းယှဉ်ပါ၊ သေချာမှန်ကန်မှ အတည်ပြုပါ။ ရိုးသားစွာနဲ့ အပြုသဘော သုံးသပ်အဖြေရှာပါ။ ရလဒ်အနေနဲ့ မိမိရဲ့ ပိုင်းခြားဝေဖန်နိုင်စွမ်းဟာ သိက္ခာရှိရှိနဲ့ အမှန်တကယ် တိုးတက်လာပါလိမ့်မယ်ဆိုတာ ပြောရဲပါတယ်။

ဒါမှလည်း အမှားနဲ့အမှန်ကိုခွဲခြားဆုံးဖြတ်နိုင်တဲ့ လူတော်လူကောင်း၊ အားကိုးရတဲ့ နိုင်ငံ့သားကောင်းတွေပေါ်များလာမှာပေါ့။ အားလုံးကို မီးရှို့သူ မီးမွှေးသူမဖြစ်စေလိုဘဲ အငြိမ်းခါတ်ပေးစွမ်းသူသာ ဖြစ်စေချင်ပါတယ်။ လူ့အဖွဲ့အစည်းအေးချမ်းသာယာရေးမှာ ရိုးသားစွာနဲ့ အမှန်ကိုသာလက်ဆင့်ကမ်းသူ၊ အလင်းဆောင်သူတွေသာ ဖြစ်စေချင်ပါတယ်။ယနေ့လူငယ်လူရွယ်တွေအနေနဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့အဖွဲ့အစည်းနဲ့ ကိုယ့်နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ချင်တယ်ဆိုရင် ပိုပြီးတော့ ပညာတတ်တဲ့ ပညာရှိတွေ ဖြစ်စေချင်ပါတယ်၊ ဆင်ခြင်တုံတရား ပိုရှိစေချင်ပါတယ်၊ ကျင့်ဝတ်သိက္ခာကိုပိုမြင့်မားစေချင်ပါတယ်။

စာရေးသူရဲ့ရည်ရွယ်ချက်ကတော့ အကြမ်းဖက်မှုနဲ့ သွေးထိုးလှုံ့ဆော်မှုတွေကင်းပြီး ယုံကြည်မှုအားကောင်းတဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့အတူ နိုင်ငံတော်ရဲ့ပုံရိပ်ကို မြှင့်တင်ပေးနိုင်မယ့် နိုင်ငံ့သားကောင်းတွေ ဖြစ်စေရန် ဆန္ဒနဲ့ စေတနာသာလျှင် အဓိကဖြစ်ပါတယ်။ ။

# ကုန်ကြမ်းမှ ကုန်ချောအဆင့်ထုတ်လုပ်ရာတွင် တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာ၊ လုပ်ငန်းနည်းပညာနှင့် ပတ်ဝန်းကျင်ရွာများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကူညီပေးရန် အသင့်ရှိ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပြင်ဦးလွင်မြို့နယ် သက္ကံချိုင်းကျေးရွာရှိ Haewoo Myanmar Co.,Ltd ၏ Dextrose Monohydrate ဂေါ်ဖီထုပ်၊ မုန်လာဥနီအခြောက်ခံစက်ရုံသို့ ယနေ့နံနက် ၁၀ နာရီခွဲက ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် စက်ရုံမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တက်ရောက်လာသူများအား စက်ရုံတာဝန်ခံ Mr. SunSangwoo က မြန်မာနိုင်ငံအတွင်း လာရောက်လုပ်ကိုင်ရခြင်းရည်ရွယ်ချက်များ၊ တောင်သူများနှင့် Contract farming ဂေါ်ဖီစိုက်ပျိုးနေမှု၊ ထုတ်လုပ်နေမှုအခြေအနေများ၊ နိုင်ငံခြားတင်ပို့ရောင်းချရမှုအခြေအနေများ၊ ဆက်လက်လုပ်ကိုင်မည့်အစီအစဉ်များ၊ အခက်အခဲများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် ပတ်သက်ပြီး ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများအပေါ် ကြိုဆိုပါကြောင်း၊ ယခု ဂေါ်ဖီထုပ်စက်ရုံကဲ့သို့အခြားသီးနှံများကိုလည်း ကုန်ကြမ်းမှကုန်ချောအဆင့်သို့ ထုတ်လုပ်လိုသည့် ပြည်ပရင်းနှီးမြှုပ်နှံလိုသူများရှိပါကလည်း ဖိတ်ခေါ်ပါကြောင်း၊ ကုန်ကြမ်းမှ ကုန်ချောအဆင့်ထုတ်လုပ်ရာတွင် တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာ၊ လုပ်ငန်းနည်းပညာနှင့် ပတ်ဝန်းကျင်ရွာများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကူညီပေးရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကိုနှင့် တာဝန်ရှိသူများ ဂေါ်ဖီပင်ပေါက်ပျိုးထောင်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစဉ်။

ယင်းနောက် ကုမ္ပဏီနှင့် Contract farming စိုက်ပျိုးနေသည့်တောင်သူများနှင့်တွေ့ဆုံပြီး တောင်သူများမှ စိုက်ပျိုးလုပ်ကိုင်နေသည့်အပေါ် ရရှိသည့် အကျိုးအမြတ်နှင့် အခက်အခဲများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စက်ရုံဝင်းအတွင်း ဂေါ်ဖီပင်ပေါက်ပျိုးထောင်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါစက်ရုံမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြေဧရိယာ ၂၄ ဒသမ ၈၂ ဧကပေါ်၌ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် လုပ်ငန်းများစတင်ခဲ့ရာ နိုင်ငံခြားမှ ဂေါ်ဖီထုပ်မျိုးစေ့များအား ၁၂၈ ပင်ပါသော ပျိုးခွက်ဗန်းများဖြင့် ရက် ၃၀ ကြာ ပျိုးထောင်ပြီး ပျိုးပင်နှင့် မြေသြဇာကို တောင်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကာ ၂ လအကြာ စိုက်ပျိုးပြီးစီးပါက စက်ရုံမှ ကြီး၊ ငယ်၊ အကောင်း၊ အဆိုးမရွေးပြန်လည်ဝယ်ယူကြောင်း၊ ဒေသမျိုးထက် အရွယ်ကြီးပြီး အရောင်လှပကြောင်း၊ ဂေါ်ဖီထုပ်များအား အော်ဂဲနစ်စိုက်ပျိုးရခြင်းဖြစ်ပြီး ရရှိဂေါ်ဖီထုပ်များအား သတ်မှတ်ထားသော အစိတ်အပိုင်းအစများရသည့်အထိ အဆင့်ဆင့်ထုတ်လုပ်ကာ အခြောက်ခံပြီး ဘက်တီးရီယားလုံးဝကင်းစင်ကြောင်း စစ်ဆေးပြီးမှ ကိုရီးယား၊ ဂျပန်၊ တရုတ်နိုင်ငံများသို့ ပြန်လည်တင်ပို့ကြောင်းနှင့် အသင့်စားခေါက်ဆွဲထုပ်များတွင် ဖြည့်စွက်အစာထုပ်များအဖြစ်အသုံးပြုခြင်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အောင်မြင်ပါက ဂေါ်ဖီထုပ်၊ မုန်လာဥနီသီးနှံများကို ကုန်ကြမ်းရရှိရေးအတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဟားခါးမြို့ရှိ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဟားခါး စက်တင်ဘာ ၄**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ဟားခါးမြို့ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံတည်ဆောက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ္မသူးမောင်အားကစားကွင်းသို့ ရောက်ရှိရာ မီတာ (၄၀၀) ပြေးလမ်း Synthetic ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်နှင့် ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က အသုံးပြုသည့်ပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး မီတာ ၄၀၀ ပြေးလမ်းဆောင်ရွက်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝမ္မသူးမောင် အားကစားကွင်း မီတာ ၄၀၀ ပြေးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၀၂၉ သန်းဖြင့် REVA Co.Ltd က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၉၄ ဒသမ ၁ သန်းဖြင့် သူရလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကီယိုမန်း အားကစားကွင်း (၄၀၀ x ၃၀၀)ပေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင် စက်ရုံတည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံဆောက်လုပ်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လိုက်လံရှင်းလင်းပြသပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံတွင် တပ်မတော်က လှူဒါန်းတပ်ဆင်သည့် အောက်ဆီဂျင်ထုတ်သည့်စက်မှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အလုံး ၃၄ လုံး ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လှိုင်းဘွဲ့မြို့နယ် ရွှေဂူနန်းကျေးရွာ ရေထိန်းနံရံဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**လှိုင်းဘွဲ့ စက်တင်ဘာ ၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့မွန်းလွဲ ၂ နာရီက လှိုင်းဘွဲ့မြို့ မြိုင်ကြီးငူအထူးဒေသနှင့် ရွှေဂူနန်းကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေထိန်းနံရံဆောင်ရွက်ပြီးစီးမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

### လှူဖွယ်ပစ္စည်းများ လှူဒါန်း

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် မြိုင်ကြီးငူအထူးဒေသ ပွင့်ဖြူမြိုင်သာသနာ့ဥယျာဉ်ကျောင်းတွင် ဒုတိယ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိကအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ပြီး မြိုင်ကြီးငူအထူးဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်လမ်းလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းတို့ကို ဆွေးနွေးတင်ပြခဲ့ကာ ဆရာတော်က ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ပြန်လည်မိန့်ကြားခဲ့သည်။

### ကွင်းဆင်းကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ရွှေဂူနန်းကျေးရွာတွင် ဆောက်လုပ်ပြီးစီးသော ရွှေဂူနန်းကျေးရွာ ရွာသစ်(၃)ရပ်ကွက် သံလွင်မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်း အလျားပေ ၂၅၀ ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ သံလွင်မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁၁) ကရင်ပြည်နယ်ရုံးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၃၁၈ ဒသမ ၅ သန်းဖြင့် The Imagine Project Construction Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**✻ မန်ယူတောင်ပံကစားသမားမှ**

အင်္ဂလန်လက်ရွေးစင်အသင်းရဲ့ ထုတ်ပြန်ချက်မှာတော့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ စက်တင်ဘာ ၁၁ ရက်(စနေနေ့)မှာ နယူးကာဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်မှာ မန်ယူအသင်းနဲ့အတူ ပါဝင်ကစားနိုင်ဖို့မျှော်လင့်ထားတယ်လို့ဆိုပါတယ်။

တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အခုနှစ်နွေရာသီအတွင်းမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၇၃ သန်းနဲ့ ပြောင်းရွှေ့လာပြီးနောက်ပိုင်း မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲစလုံးမှာ ပါဝင်ကစားခွင့်ရရှိထားတာဖြစ်ပါတယ်။

ဂျာဒန်ဆန်ချိုဟာ အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၂ ပွဲပါဝင်ကစားပေးထားပြီး အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေအဖြစ် စက်တင်ဘာ ၅ ရက်မှာ အန်ဒိုရာအသင်းနဲ့လည်းကောင်း၊ စက်တင်ဘာ ၈ ရက်မှာ ပိုလန်အသင်းနဲ့လည်းကောင်း အသီးသီးယှဉ်ပြိုင်သွားရမှာဖြစ်ပါတယ်။ **ငွေကြယ်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၂-၈-၂၀၁၂ ရက်နေ့မှ အဆက်)

**မာရ်နတ်သမီးသုံးဦးတို့ ဖြားယောင်းလာခြင်း**

ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တသတ္တာဟ ဌာန ငါးခုမြောက် "အဇပါလ သတ္တာဟ" အရောက်တွင် မာရ်နတ်သမီးသုံးဦး တဏှာ၊ ရတီ၊ ရာဂါ မည်သော အမျိုးသမီးတို့သည် သူတို့ဖခင်၏ဆန္ဒကို ဖြည့်ဆည်းရန်အတွက် ဘုရားထံသို့ လာကြပါသည်။ ဖြားယောင်းသွေးဆောင်ရန် လာခြင်းဖြစ်သည်။ ၎င်းတို့သုံးဦးသည် ၎င်းတို့ဖခင် မာရ်နတ်မင်း နှလုံးမသာမယာ ဖြစ်နေသည်ကို မြင်၍ ဖခင်၏ ဆန္ဒကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ မာရ်နတ်မင်းသည် တစ်ဆယ့်ခြောက်ပါးသော အရေးအကြောင်းတို့ ရေးခြစ်၍ကာ နေပါသည်။ ဘုရားရှင်သည် ဖြစ်လေရာဘဝတို့၌ ဒါနပါရမီကို ထူးခြားလွန်ကျူးစွာ ပြုလုပ်ခဲ့သောကြောင့် ဤရွှေပလ္လင်ကိုရခြင်းဖြစ်သည်။ သူကား ဤကဲ့သို့မလုပ်ဆောင်မိသောကြောင့် ရွှေပလ္လင်ကိုမရခြင်းဟူ၍ သူ့ကိုယ်သူ ဝေဖန်သုံးသပ်မိသည်။

တစ်ဆယ့်ခြောက်ပါးသော အရေးအကြောင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဒါနပါရမီ၊
(၂) သီလပါရမီ၊
(၃) နိက္ခမပါရမီ၊
(၄) ပညာပါရမီ၊
(၅) ဝီရိယပါရမီ၊
(၆) ခန္တီပါရမီ၊
(၇) သစ္စာပါရမီ၊
(၈) မေတ္တာပါရမီ၊
(၉) အဓိဋ္ဌာနပါရမီ၊
(၁၀) ဥပေက္ခာပါရမီ၊
(၁၁) ဓနပရိစ္စာဂ၊
(၁၂) အင်္ဂပရိစ္စာဂ၊
(၁၃) ပုတ္တပရိစ္စာဂ၊
(၁၄) ဘရိယပရိစ္စာဂ၊
(၁၅) ဇီဝိတပရိစ္စာဂ၊
(၁၆) စရိယာ သုံးပါးတို့ ဖြစ်ကြပါသည်။

မာရ်နတ်သမီးသုံးဦးသည် ဘုရားရှင်ထံသို့ ဖြားယောင်းရန် တစ်ဦးက ကညာပျိုအရွယ်၊ တစ်ဦးက သားမဖွားရသေးသောအရွယ်၊ တစ်ဦးက တစ်ကြိမ်သာ သားဖွားပြီးသောအရွယ်ဟု တင့်တယ်စွာတန်ဆာဆင်ပြီး ဘုရားခြေတော်ရင်း၌ အလုပ်အကျွေးလုပ်ခွင့်ပြုရန် ဘုရားရှင်ထံသို့ ခွင့်ပန်လျှောက်ထားကြပါသည်။ ဘုရားရှင်သည် ဤအမျိုးသမီးသုံးဦးကို သိပြီးဖြစ်သောကြောင့် သူသည် ကိလေသာတရားတို့ကို အပြီးအပိုင် ဖယ်ရှား၍ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ကိလေသာတို့ကို မစုံမက်၊ ကိလေသာ မကုန်ခန်းသောသူများကိုသာ ဖြားယောင်း၍ရမည်။ သူ့အားဖြားယောင်း၍မရကြောင်း အောက်ပါနှစ်ဂါထာဖြင့် ပြန်လည်မိန့်ကြားလေသည်။

ကိလေသာကို သဗ္ဗညုတဉာဏ် ရရှိပြီးဖြစ်သော ဘုရားရှင်သည် အပြီးအပိုင် ကုန်စင်နေသောကြောင့် တစ်ဖန် ကိလေသာကို စုံမက်ဖို့ မရှိတော့ပါ။ ယင်းသို့ ဖြစ်ခြင်းသည် တဏှာ၊ ရာဂ အကြောင်းမရှိ၍ အဘယ်မည်သို့မျှ ကပ်ငြိခြင်းမရှိပါ။

ကွန်ရက်နှင့်တူသော ကာမဂုဏ်အာရုံတို့၌ စုံမက်တပ်မက်ခြင်းကင်းသော ဘုရားရှင်သည် ယုတ်ညံ့သည့်လောကသို့ အောင်ခြင်းငှာ မတတ်နိုင်ပါ။ တဏှာရာဂ စသည့်အကြောင်းမရှိထသော သိစရာမှန်သမျှ အကုန်သိမြင်သည့် သဗ္ဗညုတဉာဏ် ရရှိပြီးသောကြောင့် မည်သို့ဖြားယောင်းစည်းရုံးခြင်းကို ဆောင်နိုင်အံ့နည်းဟု နှစ်ဂါထာဖြင့် မိန့်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထိုအခါ၌ နတ်သမီးသုံးဦးတို့သည် ဘုရားရှင်အား သူတို့ဖြားယောင်း စည်းရုံး၍မရနိုင်၊ မစွမ်းနိုင်ကြောင်းကို အမှန်တိုင်း သူတို့ဖခင် မာရ်နတ်မင်းအား ပြောပေမည်။ ဘုရားရှင်အား ချီးမွမ်းပြောဆိုပြီး သူတို့၏ဖခင် မာရ်နတ်မင်းထံသို့ ပြန်သွားကြလေသည်။



ကုန်သည်ညီနောင် တဖုဿနှင့်ဘလ္လိကတို့ မြတ်စွာဘုရားအား ဖူးမြော်ကြစဉ်။

**တဖုဿ နှင့် ဘလ္လိက ဘုရားရှင်အား ဖူးမြော်ခြင်း**

ဘုရားရှင်သည် ဤသို့အားဖြင့် သတ္တသတ္တာဟ ခုနစ်ဌာနတွင် ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလဆန်း ၅ ရက်အထိ ၄၉ ရက် စံတော်မူခဲ့ပါသည်။ ဘုရားရှင်သည် ဈာန်ချမ်းသာ ဖိုချမ်းသာဖြင့် စံတော်မူခဲ့ပါသည်။

ထို့နောက် လင်းလွန်းပင်ရင်း၌ စံတော်မူပြီး ခုနစ်ရက်မြောက်သောနေ့တွင် မျက်နှာသစ်လိုသည့် ဆန္ဒ ဖြစ်ပေါ်လာပါသည်။ ယင်းသို့ အခြင်းအရာကို သိကြားမင်းသည်သိ၍ ဆေးကြစုသီးကို ဆက်ကပ်တော်မူသည်။ ဘုရားရှင်သည် ယင်းအသီးကို ဘုဉ်းပေးတော်မူသည်။ ထိုသို့အားဖြင့် ကိုယ်လက်သုတ်သင်သည်။ ကျင်ကြီး၊ ကျင်ငယ် စွန့်တော်မူသည်။ သိကြားမင်းသည် နဂါးပြည်မှဖြစ်သော ကွမ်းရိုးတံပူကိုလည်းကောင်း၊ မျက်နှာသစ်ရန်အတွက် အနောတတ်အိုင်မှရေကိုလည်းကောင်း ဆက်ကပ်လေသည်။ ထိုကွမ်းရိုးတံပူကို ဘုရားရှင်သည်ဝါး၍ အနောတတ်အိုင်မှရေဖြင့် ခံတွင်းဆေးခြင်း၊ မျက်နှာသစ်ခြင်းတို့ ပြုတော်မူသည်။

ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့မှ ကုန်သည်ညီနောင်ဖြစ်ကြသော တဖုဿနှင့် ဘလ္လိကတို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်း ကုန်ဝယ်ပြု၍ သွားကြပါသည်။ ဘုရားရှင်ရှိနေသော လင်းလွန်းပင်နားသို့ ရောက်သွားကြပါသည်။ အတိတ်က ဆွေမျိုးတော်စပ်ဖူးသော နတ်တစ်ပါးသည် ၎င်းညီနောင်နှစ်ပါးအား ဘုရားရှင်ကို ဖူးစေလိုသောကြောင့် ၎င်းတို့နေသော လှည်းငါးရာကို ရပ်တန့်အောင် လုပ်ထားပါသည်။ ထိုအခါ ယင်းသို့ပြုလုပ်သဖြင့် ညီနောင်နှစ်ပါးသည် သူတို့အခက်အခဲကို ပြေလည်စေရန် တောင်းပန်ရှိကျိုးလုပ်ကြပါသည်။ ယင်းအခါ နတ်သားသည် ကိုယ်ထင်ပြ၍ ဘုရားရှင်အား သွားရောက်ဖူးမြော်ရန်၊ ဆွမ်းများကပ်ရန် မှာကြားပါသည်။ ၎င်းတို့ကလည်း သူတို့တွင်ပါလာသော ကြွတ်ကျစ်မုန့်နှင့် ပျားမုန့်ဆုပ်တို့ကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြပါသည်။

ပထမဆုံး ဃဋီကာရဗြဟ္မာကြီး လှူဒါန်းထားသော သပိတ်တော်သည် ဘုရားရှင်လက်ဝယ်မရှိဘဲ ကွယ်ပျောက်နေပါသည်။ ဝတ္ထုပစ္စည်းများ ထည့်ရန်အတွက် သပိတ်တော်များ အလှူခံရန် ဘုရားရှင် စိတ်မှ အကြံဖြစ်ပေါ်လာပါသည်။ ထိုအခါ၌ စတု မဟာရာဇ်နတ်မင်းကြီးလေးဦးသည် ဣန္ဒနီလာ ကျောက်ညို သပိတ်တစ်လုံးစီကို လှူကြလေသည်။ ယင်းသပိတ်များကို ဘုရားရှင်ကလက်မခံသောကြောင့် ပဲနောက်အဆင်းရှိ ကျောက်သပိတ်လေးလုံးကို လှူဒါန်းကြပါသည်။ ယင်းသပိတ်လေးလုံးကို တန်ခိုးတော်ဖြင့် တစ်လုံးတည်း လုပ်လေသည်။ ယင်းသပိတ်ဖြင့် မုန့်တို့ကို အလှူခံ၍ ဆွမ်းဘုဉ်းပေးတော်မူ၏။

ဘုရားရှင်သည် ထိုညီနောင်နှစ်ဦးအား အနုမောဒနာတရားများ ဟောကြားပါသည်။ ထိုမှစ၍ ၎င်းတို့နှစ်ဦးသည် "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ" စတင်တရားဟော၍ ရှိခိုးလိုက်ပေသည်။ သို့ဖြစ်၍ သရဏဂုံနှစ်ပါးကို တည်ဆောက်သော ဥပသကာများဖြစ်၍ "ဒွေဝါစိက သရဏဂုံ တည်သော ဥပသကာများ" ဖြစ်သွားလေသည်။

၎င်းညီနောင်နှစ်ပါးက ဘုရားရှင်အား အမြဲမပြတ် ကိုးကွယ်နိုင်ရန် ပူဇော်ဝတ္ထုပစ္စည်းတစ်ခုခုကို ကရုဏာရှေ့ထား၍ ပေးသနားတော်မူပါဟု လျှောက်ထားကြပါသည်။ ၎င်းတို့၏ လျှောက်ထားချက်အရ ဘုရားရှင်သည် ညာလက်ဖြင့် ဦးခေါင်းတော်သပ်၍ ဆံတော်ဓာတ်တို့ကို ပေးသနားလိုက်လေသည်။

၎င်းညီနောင်နှစ်ပါးတို့သည် မိမိတို့နေသည့် ပေါက္ခရဝတီမြို့သို့ ပြန်ရောက်ကြသော် "ဆံတော်ဓာတ်" ကို ရွှေကြုတ်အတွင်းထည့်၍ စေတီတော်တည်ထားကိုးကွယ်လေသည်။

**သဟမ္ပတိဗြဟ္မာမင်းကြီးက ဘုရားရှင်အား တရားဟောရန် တောင်းပန်ခြင်း**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တဖုဿနှင့် ဘလ္လိကညီနောင်တို့၏ မုန့်ဆွမ်းကိုဘုဉ်းပေးပြီးနောက် ဝါဆိုလဆန်း ၆ ရက်နေ့တွင် လင်းလွန်းပင်မှ ညောင်ပင်ဆီသို့သွား၍ တင်ပျဉ်ခွေတော်မူသည်။ ထိုအခါ အကြံအစည်ဖြစ်ပေါ်လာပါသည်။ ပင်ပန်းကြီးစွာအားထုတ်၍ ဘုရားအဖြစ်ရသောအခါ၌ ဤသစ္စာလေးပါး မြတ်တရားကို သိရသည်။

ထိုတရားသည် အလွန်ထူးခြားနက်နဲလှပါသည်။ သာမန်လူ သိမြင်ဖို့ခဲယဉ်းသည်။ မြင်းမိုရ်တောင်အောက်ရှိ မုန်ညင်းစေ့ပမာဖြစ်၍ သိနိုင်ခဲပါသည်။ ဤသို့သော အကျင့်မှန်တရားကို ပညာရှိတို့သာသိနိုင်ပေသည်ဟု စဉ်းစားတော်မူ၏။ ဤလောကရှိ သတ္တဝါအပေါင်းတို့သည် အာရုံငါးပါး ကာမဂုဏ်များနှင့် တဏှာလောဘရှိသူများသည်ကိလေသာတို့ပျော်မွေ့၍ ပညာနည်းပါးသူများ ဖြစ်ကြသည်။ ထိုသူများသည် ထိုပဋိစ္စသမုပ္ပာဒ်တရားကို သိမြင်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ ငါဘုရားရှင်ဟောကြားခြင်းသည် ပင်ပန်းရုံသာရှိမည်ဟု ယူဆတွေးတောနေပါသည်။ ထို့အပြင် ကိလေသာ အနာရောဂါအမျိုးမျိုး နှိပ်စက်ခံနေကြရသော သတ္တဝါတို့ကို ဘယ်လိုဟောကြားရမည်ကို ကြံတွေးဆင်ခြင်သည့် စိတ်အစဉ်ဖြစ်ပေါ်နေပါသည်။ ဘုရားရှင်သည် လောလောဆယ်၌ ယင်းသို့စဉ်းစားပြီး တရားဟောရန် အားမထုတ်လိုသေးသောကြောင့် ဖြစ်ပါသည်။

ကဿပဘုရားလက်ထက်၌ "သဟာဿက" မည်သော ပထမဈာန်ရ ရဟန်းတစ်ပါး စုတေ၍ ပထမဈာန် ဗြဟ္မာဘုံ၌ "သဟမ္ပတိ ဗြဟ္မာမင်း" ဖြစ်တော်မူသည်။ ထိုဗြဟ္မာမင်းသည် ဘုရားရှင်၏ ယင်းအကြံကို သိမြင်လေလျှင် လောကကြီး ပျက်စီးသွားမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းဗြဟ္မာမင်းကြီးသည် နတ်ဗြဟ္မာအပေါင်းတို့ခေါ်၍ ကြွေးကြော်ကာ ဘုရားရှင်ထံသို့သွားပြီး တောင်လုံးမျှသော ရတနာပန်းကုံးတို့ဖြင့် ပူဇော်ကန်တော့ကြသည်။ ဗြဟ္မာမင်းသည် ဘုရားရှင်အား တရားဟောတော်မူပါဟု လျှောက်ထား၏။ စာမျက်နှာ ၁၀ သို့

❖ ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့မှ ကုန်သည်ညီနောင်ဖြစ်ကြသော တဖုဿနှင့် ဘလ္လိကတို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်း ကုန်ဝယ်ပြု၍ သွားကြပါသည်။ ဘုရားရှင်ရှိနေသော လင်းလွန်းပင်နားသို့ ရောက်သွားကြ

❖ ဘုရားရှင်သည် ထိုညီနောင်နှစ်ဦးအား အနုမောဒနာတရားများ ဟောကြားပါသည်။ ထိုမှစ၍ ၎င်းတို့နှစ်ဦးသည် "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"၊ "ဓမ္မံ သရဏံဂစ္ဆာမိ" စတင်တရားဟော၍ ရှိခိုးလိုက်ပေသည်။ သို့ဖြစ်၍ သရဏဂုံနှစ်ပါးကို တည်ဆောက်သော ဥပသကာများဖြစ်၍ "ဒွေဝါစိက သရဏဂုံတည်သော ဥပသကာများ" ဖြစ်သွား

■ စာမျက်နှာ ၉ မှ

ထို့အပြင် ဤလောက၌ အပါယ်တံခါးပိတ်၍ ချမ်းသာသော နိဗ္ဗာန်ကို ဟောပြနိုင်သူသည် အရှင်ဘုရားသာ ဖြစ်ပါသည်။ ဘယ်သူမှ မဟောပြောနိုင်ပါ။ ယခုအခါ၌ "ဘုရားမဟုတ်ဘဲ ဘုရားအမည်ခံတို့ ဖြစ်ကြသည့် (၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) ပကုဓ ကစ္စာယန၊ (၄) နိဂဏ္ဌနာဋ္ဌပုတ္တ၊ (၅) အဇိတကေသကမ္ဗလ၊ (၆) သိဉ္စည်း" တို့သည် လူအပေါင်းတို့အားလှည့်ပတ်၍ မိစ္ဆာဝါဒကို ဟောကြားနေကြပါသည်။ ထိုသူတို့၏ ဟောကြားသည့်တရားသည် နိဗ္ဗာန်တံခါးပိတ်၍ အပါယ်လားကြပေမည်။ ပညာနည်း၍ ကိလေသာများကိုသာ ခံစားကြသော သတ္တဝါတို့အား ရသင့်ရထိုက်သော တရားတို့ကို ဘုရားရှင်ဟောကြားပေးမှ တရားထူးတရားမြတ်ရ၍ မဆုတ်မနစ် မဆုံးရှုံးဘဲ အေးမြချမ်းသာရပါမည်။ ထို့ကြောင့် ဘုရားရှင်က တရားမိုး ရွာသွန်းဖြိုးပေးတော်မူရန် လျှောက်ထားလေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းသည် ဘုရားရှင်တို့အား ဗြဟ္မာမင်းတို့က လျှောက်ထားကြမှ တရားဟောသည့် အစဉ်အလာ ဖြစ်ပါသည်။ သာသနာအပကာလ၌ လူဝတ်ကြောင်များ၊ ရသေ့၊ ပရိဗိုဇ်များ၊ သူတော်စင်တို့သည် ဗြဟ္မာမင်းကြီးကို ကိုးကွယ်ကြလေသည်။

တစ်လောကလုံး၌ လူအားလုံးသည် ဗြဟ္မာမင်းကြီးတို့ ကိုးကွယ်ဆည်းကပ်ကြလျှင် ဗြဟ္မာမင်းတို့၏ ကိုးကွယ်သော ဆည်းကပ်သော ဘုရားရှင်ကိုလည်း ကိုးကွယ်လျက် ရိုသေညွတ်တွား၍ ကိုင်းရှိုင်းလာပေမည်။ သက်ဝင်ယုံကြည်လာပေမည်။ ထိုအစဉ်အလာအတိုင်း ဘုရားရှင်တို့သည် ဗြဟ္မာမင်း၏ တောင်းပန်လျှောက်ထားမှ တရားဟောခြင်း ဖြစ်လေသည်။

### ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လောကကြီးကို သုံးသပ်ကြည့်ရှုခြင်း

ဘုရားရှင်သည် တရားဟောကြားရန် ဗြဟ္မာမင်း၏ လျှောက်ထားချက်ဖြစ်သော လုပ်ရပ် "ဗာဟိရနိဒါန်း"နှင့် သတ္တဝါများအပေါ် မဟာကရုဏာထားခြင်းတည်းဟူသော "အဇ္ဈတ္တိက" ထိုအကြောင်း နှစ်ရပ်သည် ပြည့်စုံပြီး ဖြစ်ပါသည်။ ထိုသို့ပြည့်စုံသောကြောင့် ဗုဒ္ဓစက္ခုအစုံဖြစ်သော "အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရော ပရိယတ္တိဉာဏ်"တို့ဖြင့် သတ္တလောကကြီးကို ကြည့်ရှုသုံးသပ်တော်မူသည်။

ယင်းသို့ ကြည့်သောအခါ၌ အောက်ပါအတိုင်း သတ္တဝါလေးမျိုးကို တွေ့မြင်တော်မူသည်။

(၁) ဉာဏ်ပညာ ကျယ်ပြန့်သော အသိဉာဏ်ရှိသည့် "ဥဂ္ဃဋိတညု"ဟူသော ပုဂ္ဂိုလ်တစ်မျိုးရှိသည်။ ယင်းပုဂ္ဂိုလ်မျိုးသည်တရားကို အကျဉ်းမျှဟောပြရုံဖြင့် သစ္စာတရားလေးပါး မြတ်တရားကို ကျွမ်းဝင်သိတတ်သည့် ပုဂ္ဂိုလ်တစ်မျိုး။

(၂) တရားတော်ကို မခြွင်းမချန် အကျယ်ချဲ့ဟောမှ သိတတ်သော "ဝိပဉ္စိတ" ပုဂ္ဂိုလ်တစ်မျိုး။

(၃) တရားတော်များကို ချက်ချင်းဟော၊ ချက်ချင်းမသိဘဲ တရားအလုပ်ကို အားထုတ်လုပ်နေစဉ်မှာပင် တဖြည်းဖြည်းမှ သိတတ်သော ပုဂ္ဂိုလ်တစ်မျိုး။ "နေယျ" ဟု ခေါ်ပါသည်။

(၄) တရားတို့ကို ယခုဘဝတွင် မည်မျှ ဟောဟော သိကျွမ်းခြင်းမရှိပါ။ နောက်နောင်ဘဝများအတွက် နာယူလေ့ရှိသည်။ အထုံပါအောင် အားထုတ်သည့် ပုဂ္ဂိုလ်တစ်မျိုး။ "ပဒပရမ"ဟု ခေါ်ပါသည်။ ဤသို့အားဖြင့် လေးမျိုးဟု ဘုရားရှင်က သတ်မှတ်မြင်တော်မူခဲ့ပါသည်။

ထို့နောက် ဘုရားရှင်သည် လောကတွင် ကျွတ်ထိုက်သော ပုဂ္ဂိုလ်၊ လူ၊ နတ်၊ ဗြဟ္မာ "ဘဗ္ဗာ" များနှင့် မကျွတ်ထိုက်သေးသူ "အဘဗ္ဗ" ဟု နှစ်မျိုးခွဲခြားပါသည်။ ထို့အပြင် ဘုရားရှင်သည် ကျွတ်ထိုက်သူများကို နိဗ္ဗာန်နန်း ဝင်ရောက်နိုင်ရန် မဂ္ဂင်တရား ရှစ်ပါး တံခါးရှစ်ပေါက် ပိတ်ဆို့မထားကြောင်း၊ ဖန်တီးပေးထားကြောင်းနှင့် မကျွတ်ထိုက်သော ကိလေသာထူပြောသော လူ၊ နတ်၊ ဗြဟ္မာတို့ကို နားလည်သဘောပေါက်လာမည်မဟုတ်၍ ပင်ပန်းရုံသာဖြစ်မည် ဖြစ်ကြောင်း၊ ယင်းအတွက်ကြောင့် တရားမဟောကြောင်းတို့ကို "သဟမ္ပတိဗြဟ္မာကြီး"သည် ဘုရားရှင် တရားဟောရန် တောင်းပန်လျှောက်ခဲ့ရာ ဘုရားရှင် ဝန်ခံကတိရပြီဖြစ်၍ သူနေသောဌာနသို့ ပြန်သွားလေသည်။

### ရှေးဦးစွာ တရားရေအေး တိုက်ကျွေးရမည့်သူများကို ရှာခြင်း

ဘုရားရှင်သည် မိမိရရှိထားသော တရားများ ဟောကြားရန် ရှေးဦးစွာ ရှာဖွေကြည့်ပါသည်။ ဘုရားဘဝသို့ မရောက်မီ အမှန်တရားကို ရှာဖွေစဉ်ကာလ၌ သူ့အား လောကီစျာန်များရအောင် သင်ကြားပေးသူကို တွေ့မြင်သိလာပါသည်။ ထိုသူကား မည်သူဖြစ်သည်ဆိုသော် "ကာလာမအနွယ်ဖြစ်သော အာဠာရ" ရသေ့ကို မြင်သည်။ ၎င်းသည် ပညာဉာဏ်လည်း ရှိသည်။ ကိလေသာများ ကင်းသူလည်း ဖြစ်သည်။ ထိုသူကိုတရားဟောရလျှင် ကောင်းမည်ဟု စဉ်းစားပါသည်၊ အကြံဖြစ်ပါသည်။

ထိုအခါတွင် ကိုယ်ကိုထင်ရှားမပြဘဲ နတ်သားတစ်ပါးသည် ဘုရားရှင်အား အာဠာရရသေ့သည်သေလွန်သည်မှ ခုနစ်ရက်မြောက်သောနေ့ ဖြစ်ကြောင်း ပြောလာပါသည်။ ယင်းသို့သိရသောအခါ ဘုရားရှင်သည် ဤရသေ့အား ဘယ်မှာရှိမလဲဟု ကြည့်ရှုသော် "အရူပဘုံ" "အာကိဉ္စညာယတန"၌ ဗြဟ္မာဖြစ်နေ သည်ကို မြင်လေသည်။ ထိုရသေ့သည် သူ့တရားနာလိုက်ရလျှင် နိဗ္ဗာန်သို့ရောက်၍ ယခုလို အရှုံးကြီးမရှုံး ဖြစ်ရချေမည်ဟု ရင်သပ်ရှုမောခဲ့ရပါသည်။

ထို့နောက် ဆက်လက်၍ ရှာပြန်သော် ဘုရားရှင်သည် ရာမ၏သားဖြစ်သော "ဥဒက" ရသေ့ကို တွေ့မြင်သည်။ ရှေ့နည်းတူ နတ်သားကပင် ယင်း "ဥဒက" ရသေ့သည် ယမန်ရှေ့နေ့ကပင် သေလွန်ပြီ ဖြစ်ကြောင်း ပြောကြားလာပါသည်။ ထိုအခါ ဘုရားရှင်သည် ပညာဉာဏ်နှင့်ပြည့်သူ ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ကိလေသာပြုမှု ကင်းစင်သူလည်း ဖြစ်သည်။ သစ္စာတရားလေးပါးမြတ်တရားကို ဟောကြားသိသွား၍ ယခုလို အရှုံးကြီးရှုံးမည်မဟုတ်ပါ။ ယခု၌ ၎င်းရသေ့သည် "အရူပဘုံ" "နေဝသညာနာသညာယတနဘုံ"၌ ဗြဟ္မာဖြစ်နေလေသည်။

ထိုမှတစ်ဆင့် ရှေးဦးစွာ တရားဟောရန် ကြည့်ရှုပြန်သော် ဘုရားရှင် ဘုရားမဖြစ်ခင်၌ လုပ်ကျွေးကျေးဇူးပြုဖူးသော ပဉ္စဝဂ္ဂီငါးဦး မြင်သည်။ ယခုအချိန်၌ ၎င်းတို့သည် "ဣသိပတန" မည်သော "မိဂဒါဝုန်" တောတွင် နေထိုင်ကြသည်ကို ဘုရားတို့၏ ဉာဏ်တော်ဖြင့် မြင်လေသည်။ ဘုရားရှင်သည် ဗောဓိပင်မဏ္ဍိုင်အနီးမှ လှည့်လည်ဆွမ်းခံကာ ရက်အနည်းငယ်နေပြီး ၁၈ ယူဇနာဝေးသော ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်တော ပဉ္စဝဂ္ဂီငါးဦးရှိရာသို့ ကြွလေသည်။ ဘုရားရှင်သည် ကောင်းကင်မှ ပထမကြွခဲ့ပါသည်။ မဟာဗောဓိနှင့် ဂယာ(ဗုဒ္ဓဂယာ) အကြား၌ ခရီးသွားနေကြသော ဥပကတက္ကတွန်း၏ နောင်အနာဂတ်ဖြစ်လတ်သောအကြောင်းကို မြင်တော်မူပြီး ခြေကျင်ကြွသွားတော်မူသည်။ မဟာဗောဓိပင်နှင့် ဗုဒ္ဓဂယာသည် သုံးဂါဝုတ်ကွာဝေး၏။ ဗောဓိပင်နှင့် ဗာရာဏသီပြည်တို့သည် ၁၈ ယူဇနာ ဝေးကွာပါသည်။

### ဘုရားရှင်သည် ဥပကတက္ကတွန်းနှင့် တွေ့ဆုံခြင်း

မဟာဗောဓိပင်နှင့် ဂယာသီသအကြား ခရီးသွားနေသော ဥပကတက္ကတွန်းနှင့် ဘုရားရှင် တွေ့ဆုံလေသည်။ ဥပကတက္ကတွန်းက "ဘုရားရှင်အား သင်သည် ဣန္ဒြေလည်းရှိ နှစ်သက်ဖွယ်ရှိသည်။ ကိုယ်ရောင်အဆင်းကလည်းသန့်စင်၍ ပြိုးပြိုးပျက်ပျက် ကိုယ်မှလည်း အရောင်ထွက်နေသည်ဟုပြော၍ "သင်မည်သူနည်း၊ သင့်ဆရာက ဘယ်သူနည်း" စသည်ဖြင့် မေးလေသည်။

ဘုရားရှင်ကလည်း ပြန်လည်ပြောကြားသည်မှာ ကျွန်ုပ်သည် ဘုံသုံးပါး၌ တရားအားလုံးကို အကြွင်းကျန်မရှိ သိတော်မူသည်။ တပ်မက်သော တဏှာ၏ကုန်ရာ နိဗ္ဗာန်သို့ သက်ဝင်မည့် ပုဂ္ဂိုလ်ဖြစ်သည်။ တရားအားလုံးကိုလည်း ဆရာမရှိ၊ မိမိအလိုလို သိတော်မူ၏။ အကုသိုလ်တရားတို့ကို ပယ်ရှားတော်လှန်ပြီးသူလည်း ဖြစ်၏။ ယင်းသို့ အောင်မြင်သောကြောင့် "ဇိန" မည်သည်။ ဓမ္မစကြာတရားကို ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့သွား၍ တရားဟောကြားမည်ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားလေသည်။ ဥပကသည် ဘုရားဖြေကြားသည်ကို ကျေနပ်သည်။ လက်ခံသည်။ သို့သော် ၎င်းသည် ခရီးလွှဲ၍ "ဝင်္က"မည်သော ဇနပုဒ်သို့ သွားလေသည်။

ဥပကသည် ဤလောက်တရားနာရုံဖြင့် မရနိုင်သေးသည်ကို သိသည်။ ၎င်းသည် နောင်၌ "ဇိန"ဟူသော အမည်ကိုမေး၍ ဘုရားထံ၌ တရားနာပြီး အနာဂါမ် ဖြစ်လာလေသည်။ ယင်းသို့ဖြင့် အခြေအနေကို ဥပကအား နိဒါန်းပြု၍ အစပျိုးထားခြင်း ဖြစ်ပါသည်။

"စဏ္ဍာဇိ" မုဆိုးဆိုသူသည် ဝင်္ကဇနပုဒ်၌ နေသည်။ ဥပကသည် ယင်းမုဆိုးကို အမှီပြု၍ နေသည်။ ၎င်းမုဆိုး၏သမီး "စာပါ" ကို အလွန်နှစ်သက်၍ မစားနိုင် ဖြစ်နေသည်။ ယင်းအဖြစ်ကိုသိ၍ မုဆိုးသည် သူ့သမီး "စာပါ"နှင့် ပေးစားလိုက်ပါသည်။ ၎င်းစာပါ ထိမ်းမြားလက်ထပ်ပြီးနောက် ကလေးတစ်ယောက် ရရှိပါသည်။ ထိုအခါမှာ "စာပါ" သည် ဥပကတက္ကတွန်းအား စောင်းမြောင်း၍ သူ့သားကို ဆုံးမချော့ရာ၌ ဤသို့ဆိုပါသည်။ "ပညာလည်းမတတ်၊ ဘာမျှအသုံးချလို့မရ၊ ဆန်ကုန်မြေလေး၏ သား"ဟု ပြောဆိုဆုံးမလေ့ရှိသည်။ ယင်းစကားသံကို နေ့စဉ်ကြားနေရ၍ ဥပက ရှက်လည်းရှက်သည်၊ နား၌လည်း ငြီးငွေ့လာပါသည်။ တစ်နေ့တွင် ဥပကတိတ်တဆိတ် ထွက်သွား၍ "ဇိန" မည်သောအမည်ကိုမေး၍ ဘုရားထံသို့သွားပြီး တရားနာခဲ့ပါသည်။ ဥပကတက္ကတွန်းသည် ဘုရားရှိရာ ဇေတဝန်ကျောင်းတော်၌ တရားနာ၍ အနာဂါမ် ဖြစ်သွားလေသည်။ ၎င်းသည် သေလွန်သောအခါ၌ အဝိဟာဘုံတွင် ဗြဟ္မာမင်း ဖြစ်သွားသည်။ ယင်းသို့ဖြစ်သွားသည့်တစ်ပြိုင်နက် ရဟန္တာဖြစ်သွားလေသည်။ ။

**ဆရာကြည်၏"ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း" စာအုပ်အား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံလျက်ရှိ



**ကျောက်တော် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အတွင်းရှိ တိုက်ပွဲရှောင်စခန်းများတွင် လာရောက်ခိုလှုံနေကြသော နေပူခံကျေးရွာမှ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ပထမအကြိမ်ထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက မြို့သစ်ရပ်ကွက် နေပူခံယာယီ တိုက်ပွဲရှောင်စခန်း သတ်မှတ်စုရပ်များ၌ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်၏ စီမံဆောင်ရွက်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းထွန်းဦး ဦးဆောင်ကာ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုက်ပွဲရှောင်စခန်းမှ တာဝန်ခံများပူးပေါင်း၍ (Sinopharm) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်းဖြစ်ပြီး နေပူခံတိုက်ပွဲရှောင်စခန်းမှ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ အဆိုပါတိုက်ပွဲရှောင်စခန်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှု ပမာဏများ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရောက်ရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ဆေးထိုးနှံပေးပြီးနောက် မိနစ် ၃၀ ခန့် စောင့်ကြည့်ပြီးမှ ဆေးလာရောက်ထိုးနှံသူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယနေ့တွင် နေပူခံတိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၆၇၈ ဦးအား တရုတ်နိုင်ငံထုတ် (Sinopharm) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း နေပူခံတိုက်ပွဲရှောင်စခန်းတာဝန်ခံ ဦးမောင်အေးစော ထံမှ သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

# အကြမ်းဖက်ဝါဒကင်းစင်ဖို့ ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့

**ကိုရေချမ်း**

**မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေလက်ချက်ကြောင့် အပြစ်မဲ့ပြည်သူတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရလို့ သေဆုံးခဲ့ကြတာ ရာနဲ့ချီတောင် မကတော့ပါဘူး။ ဒီအဖြစ်အပျက်တွေကို ဘယ်နိုင်ငံတကာအဖွဲ့အစည်းကမျှ လူသားချင်းစာနာပါတယ်ဆိုပြီး ဝမ်းနည်းစကားမဆိုကြပါဘူး။ ဒါ့အပြင်ကို ကိုယ့်လူမျိုးအချင်းချင်း ဝမ်းသာအားရ ဖြစ်နေကြတဲ့ အမှောင်ဖုံးနေတဲ့၊ တစ်ဖက်ပိတ်နေတဲ့လူတွေကိုလည်း တွေ့ရ**

ပြီးခဲ့တဲ့ရက်သတ္တပတ်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှျပ်စစ်ရုံးနားမှာ အမှိုက်ကောက်တဲ့ ကလေးငယ်လေးတစ်ယောက်ဟာ အမှိုက်ထဲမှာ ပြန်လည်ရောင်းချလို့ရနိုင်တဲ့ ပစ္စည်းလေးတွေကို ရှာရင်း၊ ဖွေရင်း ဗုံးထည့်ထားတဲ့ အထုပ်တစ်ထုပ်ကို ဆွဲမိရာက ဗုံးပေါက်ကွဲလို့ ဒဏ်ရာအပြင်းအထန်ရခဲ့ပါတယ်။ ဒဏ်ရာရတဲ့ ကလေးကို သက်ဆိုင်ရာက ဆေးရုံကိုပို့ပေးပြီး အန္တရာယ်မရှိအောင် ကုသပေးနိုင်ခဲ့ပေမယ့် လက်တစ်ခုလုံး ဗုံးထိကျေမွဒဏ်ရာရခဲ့လို့ လက်ကောက်ဝတ်ကနေ ဖြတ်တောက်ပစ်လိုက်ရတဲ့ ဒုက္ခိတဘဝကို ရောက်ခဲ့တယ်လို့ သိရပါတယ်။

ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်လေးတစ်ယောက် ထမင်းတစ်ဝမ်းစားဖို့အရေး အရပ်တကာ၊ လမ်းတကာလှည့်ပြီး အမှိုက်လိုက်ကောက်ရင်း လှျပ်စစ်ရုံးရှေ့က အမှိုက်ပုံမှာ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ဗုံးကို ကိုင်ယူမိလို့ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရပါတယ်။ အမှိုက်ကောက်တဲ့ကလေးတွေ မြို့တွေမှာ အများကြီးရှိပါတယ်။ ဆင်းရဲနွမ်းပါးမှု ရလဒ်တွေ ဖြစ်ပါတယ်။ ဗုံးကို အမှိုက်ပုံမှာထားရင် အမှိုက်ကောက်သူကိုသာ ထိမယ်ဆိုတာ သိပါလျက်နဲ့ သူ့ရဲဘောကြောင်တဲ့ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ မိုက်တွင်းနက်ကြတော့ အပြစ်မဲ့ကလေးတွေ အဖြစ်ဆိုးနဲ့ ကြုံရပါတယ်။

အခုလို အမှိုက်ကောက်တဲ့ကလေး ထိခိုက်တဲ့အဖြစ်မျိုးကို အရင်ကလည်း ဖြစ်ခဲ့ပါတယ်။ ပထမတစ်ခုက မူဆယ်မြို့မှာ အမှိုက်လိုက်ကောက်တဲ့ ကလေးတစ်ယောက် ဗုံးထိမှန်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒုတိယတစ်ခုက ရန်ကုန်မြို့မှာ အမှိုက်ကောက်တဲ့ သားအဖနှစ်ယောက် ဗုံးထိမှန်ပြီး ဗုံးထိလို့ ငိုယိုနေတဲ့ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးငယ်လေးရဲ့အဖြစ်ကို လူမှုကွန်ရက်မှာ စိတ်မကောင်းစွာနဲ့ တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်သတ်ဖြတ်လုပ်ကြံရာမှ မြင်းခြံမြို့မှာ ရှစ်လသားအရွယ် ကလေးတစ်ဦး သေဆုံးခဲ့ရတဲ့ ကြေကွဲဖွယ်ရာအဖြစ်ကိုလည်း ကြားသိခဲ့ရပါတယ်။ ယနေ့ အကြမ်းဖက်မှုသံသရာထဲမှာ အပြစ်မဲ့ကလေးတွေပါ ထိခိုက်ခံစားကြရတာတွေ တွေ့ရှိလာပြီဖြစ်ပါတယ်။ အသက်သေဆုံးခဲ့ရတဲ့ ကလေးတွေ၊ ခန္ဓာကိုယ်ပျက်စီးပြီး အသက်မသေဆုံးတဲ့ ဒီကလေးတွေရဲ့ အဖြစ်တွေကို ပြောကြ၊ ဆိုကြ၊ မျှဝေကြရမှာကို ဝန်လေးနေကြတဲ့အဖြစ်ဟာလည်း ပိုလို့ပင် ဝမ်းနည်းစရာကောင်းလှပါတယ်။

### အကြမ်းဖက်လုပ်ရပ်

ယခုအချိန်အခါမှာ အကြမ်းဖက်သမားတွေကို ထိထိရောက်ရောက် နှိမ်နင်းနိုင်ပေမယ့်လည်း ကြိုကြားကြိုကြား ဗုံးခွဲတာတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်တာတွေ ရှိနေဆဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လ ၁၄ ရက်က စစ်ကိုင်းခရိုင် မြောင်မြို့နယ်မှာ မတူကွဲပြားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးနဲ့ အခြားတစ်ဦးကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြပါတယ်။

ဇူလိုင်လ ၂၉ ရက်မှာ ရေးမြို့နယ် အစင်ကျေးရွာက မတူကွဲပြားတဲ့ ပါတီဥက္ကဋ္ဌရဲ့ အိမ်ကို လက်ပစ်ဗုံးနဲ့ပစ်ခဲ့တဲ့အတွက် အမျိုးသမီးတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပါတယ်။ ဩဂုတ်လ ၅ ရက်ညနေက ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ၇၈ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို နေအိမ်မှာ သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ ထိုနေ့မှာပဲ လှိုင်မြို့နယ် ၁၆ ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းမှာ ဈေးရောင်းနေတဲ့ ဇနီးမောင်နှံနှစ်ဦးကို PPE ဝတ်စုံဝတ်ထားတဲ့ အကြမ်းဖက်သမားနှစ်ယောက်က သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။

ဩဂုတ်လ ၁၃ ရက်က လှိုင်ကော်မြို့မှာ မတူကွဲပြားတဲ့ ပါတီစည်းရုံးကော်မတီဥက္ကဋ္ဌ တစ်ဦး သတ်ဖြတ်ခံခဲ့ရပါတယ်။ ဩဂုတ်လ ၁၆ ရက်မှာ မွန်ပြည်နယ် အစင်ကျေးရွာမှာလည်း မတူကွဲပြားတဲ့ ပါတီတစ်ခုရဲ့ ပါတီဝင်တစ်ဦး သတ်ဖြတ်ခံခဲ့ရပါတယ်။ ဩဂုတ်လ ၁၇ ရက်က ကမာရွတ်မြို့နယ် သုံးရပ်ကွက်မှာ အမျိုးသားတစ်ဦး သေနတ်နဲ့ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါတယ်။ ထိုနေ့မှာပဲ သိမ်ဖြူမြို့မှာ ကွမ်းယာရောင်းနေသူတစ်ဦးကို သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။

ဒဂုံမြို့သစ်တောင်ပိုင်း (၅၇) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှာ ကာကွယ်ဆေးထိုးဖို့ စာရင်းတွေလုပ်နေတုန်း သေနတ်နဲ့ပစ်ခတ်မှု ဖြစ်ခဲ့ပါတယ်။ ဩဂုတ်လ ၁၈ ရက်က မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော်တစ်ပါးကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က တူမီးသေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ ထိုနေ့မှာပဲ မန္တလေး ချမ်းအေးသာစံမြို့နယ် ရွှေလုံရပ်ကွက်အုပ်ချုပ်ရေးမှူးကို သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ ထိုနေ့မှာပဲ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့မှာ အောက်ဆီဂျင်ဖြန့်ဝေရေးဥက္ကဋ္ဌကို သတင်းပေးဟုဆိုကာ သေနတ်နဲ့ အနီးကပ်သတ်ဖြတ်ခဲ့ပါတယ်။

ဩဂုတ်လ ၁၉ ရက်က ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၉၀) ရပ်ကွက်မှာ အဆောင်ငှားရမ်းလုပ်ကိုင်သူ အမျိုးသမီးတစ်ဦး သေနတ်နဲ့ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပါတယ်။ ဩဂုတ်လ ၂၀ ရက်နေ့မှာ မန္တလေးမြို့ အောင်သာယာမြို့သစ်ဓမ္မာရုံမှာ ဗုံးခွဲတိုက်ခိုက်မှုခံရတာကြောင့် ဝတ်ရွတ်သူတွေ အများအပြားဒဏ်ရာရခဲ့ပါတယ်။ ဩဂုတ်လ ၂၀ ရက်မှာ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် စာရေးတစ်ဦးကို သေနတ်နဲ့ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။

### စိတ်မကောင်းစရာ

အထက်ပါဖြစ်ရပ်တွေဟာ ဇူလိုင်လကုန်မှ ဩဂုတ်လ တစ်လအတွင်း လက်လှမ်းမီသမျှ သိရှိရတဲ့ စိတ်မကောင်းစရာ သတင်းတွေဖြစ်ပါတယ်။ အခြားမသိရှိလိုက်ရတဲ့ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုတွေ အမြောက်အမြားရှိပါသေးတယ်။ ဒီသတင်းမျိုးကိုတော့ ပြည်ပအခြေစိုက်သတင်းဌာနတွေက သတင်းထုတ်ပြန်ကြတာ၊ မျှဝေကြတာတွေ့ရပါတယ်။

ကြေကွဲစရာ၊ သနားစရာသတင်း၊ ရက်စက်ယုတ်မာလွန်းတဲ့၊ အပြစ်ကင်းစင်တဲ့ ကလေးငယ်တွေ ထိခိုက်သေဆုံးဒဏ်ရာရကြတဲ့ သတင်းမျိုးကိုတော့ ဘယ်ပြည်တွင်း ပြည်ပ ပုဂ္ဂလိက သတင်းဌာနကမှ ဖော်ပြခဲ့တာကို မတွေ့ရပါဘူး။ လူမှုကွန်ရက်တွေပေါ် မှာလည်း မေတ္တာ၊ ကရုဏာစိတ်ထားနဲ့ မျှဝေအသိပေးခဲ့ကြတာ အလွန်နည်းပါးလှပါတယ်။ အကြမ်းဖက်သမားတွေနဲ့ အကြမ်းဖက်လက်နက်တွေ ဖမ်းဆီးရမိရင်လည်း မျှဝေအသိပေးကြတာ နည်းပါတယ်။ အပြစ်မဲ့ပြည်သူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အများပြည်သူပိုင်နေရာပစ္စည်းတွေကို အကြမ်းဖက်သမားတွေ ဗုံးခွဲတိုက်ခိုက်လို့ ထိခိုက်သေကျေပျက်စီးရင်တော့ ချက်ချင်းသတင်းထုတ်ပြန်ကြတာ၊ မဆိုင်းမတွ မျှဝေကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေလက်ချက်ကြောင့် အပြစ်မဲ့ပြည်သူတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရလို့ သေဆုံးခဲ့ကြတာ ရာနဲ့ချီတောင် မကတော့ပါဘူး။ ဒီအဖြစ်အပျက်တွေကို ဘယ်နိုင်ငံတကာအဖွဲ့အစည်းကမျှ လူသားချင်းစာနာပါတယ်ဆိုပြီး ဝမ်းနည်းစကားမဆိုကြပါဘူး။ ဒါ့အပြင်ကို ကိုယ့်လူမျိုးအချင်းချင်း ဝမ်းသာအားရ ဖြစ်နေကြတဲ့ အမှောင်ဖုံးနေတဲ့၊ တစ်ဖက်ပိတ်နေတဲ့လူတွေကိုလည်း တွေ့ရပါတယ်။ အကြမ်းဖက် PDF တွေ သေဆုံးကြရင် အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ကြပါတယ်လို့ လိမ်ညာပြောဆိုကြပါတယ်။

အပြစ်မဲ့ပြည်သူတွေ သေဆုံးကြရင် ဒလန်တွေ၊ သစ္စာဖောက်တွေဆိုပြီး ဝမ်းသာအားရ ဖြစ်ကြပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သေဆုံးရင် မုန့်ဟင်းခါးဘယ်နှပွဲဆိုပြီး အားရပါးရ အကုသိုလ်ပွားကြပါတယ်။ အခုလို ကိုယ့်တိုင်းရင်းသားပြည်သူအချင်းချင်း ရာနဲ့ချီသတ်ဖြတ်ခံရ၊ သေဆုံးခဲ့ကြရတာကို အကြမ်းဖက်ဝါဒ ဖြစ်ပေါ်လာအောင် ဖန်တီးခဲ့ကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေက တားဆီးခြင်း၊ ဟန့်တားခြင်း၊ မေတ္တာရပ်ခံခြင်း မရှိကြပါဘူး။ တားဆီးဟန့်တားခြင်းမရှိရင် အားပေးရာရောက်ပါတယ်။ အခုလို ကမ်းကုန်အောင် ရက်စက်မှုတွေဖြစ်လာရတာဟာ အကြမ်းဖက်ဝါဒကို အားပေးလို့၊ လက်ခံလို့သာ ဖြစ်ရပါတယ်။

### အကြမ်းဖက်လမ်းစဉ်

ဒီမိုကရေစီစစ်စစ်လမ်းစဉ်ဟာ အကြောက်တရားမပါဘဲ လွတ်လပ်စွာရှင်သန်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ ယခုဖြစ်နေတာက အကြောက်တရားကိုဖန်တီးပြီး လုပ်ချင်ရာလုပ်တဲ့ အကြမ်းဖက်လမ်းစဉ်ဖြစ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကနေ့ ဒီမိုကရေစီလိုလားပါတယ်။ ဒီမိုကရေစီရရှိရေးဆိုပြီး ကြွေးကြော်ကာ ဖန်တီးလာတဲ့ နိုင်ငံရေးဟာ အကြမ်းဖက်နိုင်ငံရေး ဖြစ်နေတာကို တွေ့ရပါတယ်။ အာဏာလက်ဝယ်ရရှိခဲ့တဲ့သူဟာ အာဏာလက်လွှတ်လိုက်ရတဲ့အခါမှာ အကြမ်းဖက်လမ်းကြောင်းပေါ်ကို တွန်းပို့ခဲ့တာ မြန်မာ့သမိုင်းမှာ တွေ့ရပါတယ်။

ဒါပေမဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဟာ ဘယ်သောအခါမှ အောင်မြင်ခဲ့တာမရှိခဲ့ပါဘူး။ ဖြစ်စဉ်ကို ပြန်ကြည့်ရင် အာဏာပြန်လည်ရရှိရေးအတွက် လူထုဆူပူမှု အကြီးကြီးဖြစ်အောင် ဖန်တီးပြီး အကြီးကြီးမဖြစ်တဲ့အခါမှာ အသေးလေးက အကြီးကြီးဖြစ်အောင် လက်နက်ကိုင်သတ်ဖြတ်တဲ့နည်းနဲ့ ထပ်မံဖန်တီးလိုက်တာဖြစ်ပါတယ်။ ဒါဟာ အကြမ်းဖက်လမ်းစဉ်ဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူတွေကို လမ်းပေါ်တွန်းထုတ်ခဲ့ပါတယ်။ လူဦးရေ သိန်းချီရှိတဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေဖြစ်ပေါ်လာပြီး ရက်ကြာလာတဲ့အခါ ဆူပူဆန္ဒပြမှုတွေ ဖန်တီးပြီး အကြမ်းဖက်မှုတွေလုပ်လာတဲ့အခါမှာ ဆူပူအကြမ်းဖက်ဆန္ဒပြသူတွေဟာ လူရာဂဏန်းတောင်မရှိတော့ပါဘူး။ ဒီလိုဖြစ်စဉ်တွေဟာ ကြီးရာကနေ သေးသေးသွားပြီး ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒါကိုသိရှိနေတဲ့ အစွန်းရောက် နိုင်ငံရေးသမားတွေက လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ပြောင်းလဲတွန်းပို့ပေးခဲ့ကြတာ ဖြစ်ပါတယ်။

လူသတ်ဖို့ဆိုတာ တော်ရုံတန်ရုံလူတွေ လုပ်ခဲပါတယ်။ မြို့ရွာတွေမှာ လူဆယ်ဂဏန်းဝန်းကျင်ရှိတဲ့ အဖျက်သမားတစ်စုနဲ့ ချော်လဲရောထိုင်တဲ့သူတွေ၊ မကျေနပ်ချက်နဲ့ အညိုးအတေးရှိတဲ့သူတွေ၊ ငွေပေးစေခိုင်းလို့ရတဲ့သူတွေကို အသုံးချခဲ့ပါတယ်။ ရပ်ရွာထဲမှာ လူသတ်ပြလိုက်တာဟာ အကြောက်တရားကြီးမားအောင် လုပ်ပြလိုက်တာ ဖြစ်ပါတယ်။ ငါတို့မသေသေးဘူးဆိုတာကို ခိုးကြောင်ခိုးဝှက်နဲ့ ထွက်ထွက်သတ်ပြနေတာလည်း ဖြစ်ပါတယ်။ ဘယ်လိုပဲ လုပ်လုပ် ရာဇဝတ်ဘေးဆိုတာဟာ ဘယ်လောက်ပြေးပြေး မလွတ်နိုင်ပါဘူး။ မကြာမတင်မီ လူသတ်သမားတွေကို ဖမ်းဆီးရမိနေသလို ပြေးနိုင်ရင်လည်း တစ်နေ့တော့မိမယ်ဆိုတာကို သိရှိထားဖို့လိုပါတယ်။

### ပူးပေါင်းတိုက်ဖျက်

ဒါတောင်မှ ပြည်သူတွေက အကြောက်တရားကြီးလို့ သတင်းပေးဖို့ မဝံ့မရဲ ဖြစ်နေတာကြောင့် လုပ်သာကိုင်သာရှိနေသေးတာလို့ ဆိုနိုင်ပါတယ်။ အခုအခါမှာ အကြမ်းဖက်လုပ်ရပ်တွေကို ပြည်သူတွေ လက်တွေ့ခံစားနားလည်နေဖြစ်လို့ ပူးပေါင်းဆောင်ရွက်လာတဲ့အခါမှာ ပုန်းစရာနေရာ၊ ပြေးစရာမြေမရှိတော့ဘဲ အကြမ်းဖက်ဝါဒ နိဂုံးချုပ်သွားမှာဖြစ်ပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေဟာ လုံခြုံရေးတပ်ဖွဲ့တွေမှာသာ တာဝန်ရှိတယ်လို့ဆိုခဲ့ရင် အကြမ်းဖက်ဝါဒ ပပျောက်သွားဖို့အရေး ခဲယဉ်းနေပါဦးမယ်။ ဒီတာဝန်ကို အဖွဲ့အစည်းတစ်ခုတည်းကိုသာ ပုံချမယ်ဆိုရင် ရက်စက်ရာကျပေလိမ့်မည်။ မြန်မာ့နိုင်ငံရေးမှာ ပြည်သူလူထု ပူးပေါင်းပါဝင်လို့ အကြမ်းဖက်လုပ်ရပ်တွေကို အမြစ်ကမကျန် တွန်းလှန်ဖယ်ရှားနိုင်ခဲ့တာကို တွေ့နိုင်ပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်ပါက အရှိန်အဟုန်မြင့်မားတဲ့ နိုင်ငံရေးလှိုင်းတစ်ခုဟာ အချိန်ကာလတစ်ခုသာ ကြာရှည်ခံပါတယ်။ ကာလတစ်ခုရောက်ရင် အလိုလိုမှေးမှိန်ပြီး လူတွေလည်း မေ့ပျောက်သွားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အကြမ်းဖက်ဝါဒဟာလည်း အချိန်တန်ရင် တိမ်စင်တဲ့လပြည့်ကာလလို တိမ်သလ္လာ အမှောင်ပိတ်ဖုံးမှုတွေ မရှိတော့ဘဲ အေးမြကြည်လင်သာယာနေတဲ့ လောကတစ်ခွင်လို ပြန်လည်ဖြစ်ပေါ်လာမှာ သေချာပါတယ်။ ။

# အမေရိကန်နိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၃၇၃ ဒသမ ၅ သန်းကျော်ရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၃၇၃၅၁၆၈၀၉ ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ရောဂါ ကာကွယ် ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးအလုံးရေ ၄၄၇၆၁၉၇၁၅ ခန့် ဖြန့်ဖြူးပေးထားပြီးဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ ၂၀၆၄၆၁၈၆၉ ဦးသည် ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၇၅၅၃၈၀၂၅ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အမေရိကန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

နိုင်ငံအတွင်း၌ Moderna၊ Pfizerနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြုလျက်ရှိသည်။

ထို့ပြင် ပြည်သူ ၁ ဒသမ ၂၅ သန်းသည် Pfizer သို့မဟုတ် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ထပ်တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါအား ကာလရှည်ကြာ ခုခံကာကွယ်နိုင်ရန်အတွက် ပြည်သူများအား ကာကွယ်ဆေး နောက်ထပ်တစ်ကြိမ် အပိုထပ်ဆောင်းထိုးနှံမှုခံယူရန် အမေရိကန်အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**






# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၆၁၈ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၆၁၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၂၉၄၅၉၀၇ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၀ ထပ်မံတိုးလာခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၄၀၂၂၅ ဦး ရှိလာကြောင်း သိရသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအမြင့်ဆုံးပြည်နယ်မှာ ကီရာလာပြည်နယ်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကီရာလာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၄၀၅၆၈၁ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၆၃၈၅ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၂၁၀၀၀၀၁ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် ကင်ညာနိုင်ငံ လက်ခံရရှိ

**နိုင်ရိုဘီ စက်တင်ဘာ ၄**

ကင်ညာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသည် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၄၁၆၀၀ အား ယမန်နေ့ညနေပိုင်းတွင် ပထမအသုတ်အဖြစ် လက်ခံရရှိခဲ့ကြောင်းနှင့် ယင်းသို့ လက်ခံရရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်တင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကင်ညာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက်ရှိခြင်းကြောင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ကင်ညာနိုင်ငံ၏ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် တွင် ပါဝင်လာမည့် တတိယဆေးဝါး ဖြစ်ကြောင်း ကင်ညာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ယမန်နေ့ညနေပိုင်းက မြို့တော် နိုင်ရိုဘီသို့ ရောက်ရှိလာခဲ့သည့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကင်ညာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူ အမ်ဝမ်ဂန်ဂီက လက်ခံရယူခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်ကုန်ပိုင်းတွင် အရွယ်ရောက်ပြီး ကင်ညာနိုင်ငံသား ၁၀ သန်းအား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၀၀၆၄ ဦးရှိလာ

**တီဟီရန် စက်တင်ဘာ ၄**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၀၀၆၄ ဦး ရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၄၀၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၁၀၃၅၃၇ ဦး ရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၃၃၂၈၉၂ ဦး ရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူစုစုပေါင်း ၇၇၄၄ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ယနေ့အထိ ၁၉၃၄၀၃၈၅ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၉၅၀၂၆၇၉ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံသည် မကြာသေးသည့် ရက်ပိုင်းအတွင်းက ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ၆၇၂၇ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ စက်တင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၂၃၆၁၇ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၅၃၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၅၄၆၉ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၃၈၀၆ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၈၂၇၄၄၉ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးသူ ၃၈ ဒသမ ၀၃ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးသူ ၆၆ ဒသမ ၃၅ သန်းရှိသည်။

လူဦးရေ၂၀၈ ဒသမ ၂သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၇၄၁ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ




**မနီလာ စက်တင်ဘာ ၄**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၇၄၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၀၆၁၀၈၄ ဦးရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၉ ဦးထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၄၀၆၂ ဦးရှိပြီဖြစ်သည်။

အဆိုပါ ကူးစက်မှုအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့ခဲ့ သောပြီးခဲ့သည့်နှစ် ဇန်နဝါရီလနောက်ပိုင်း နေ့စဉ်ကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ဩဂုတ် ၃၀ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၂၂၃၆၆ ဦးတွေ့ရှိကာ နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ၁၇ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၈၀ ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၄**
ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၈၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၉၉၃၉၅၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၇၉၆ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၆၄၀၇ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၇၃၇ ဦးရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၂၅၅၄၇၅ ဦးရှိလာသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မော်စကိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၇၃၈၀၃ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၈ ဒသမ ၁ သန်းကျော်အား ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ကမ္ဘောဒီးယားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဖနောင်ပင် စက်တင်ဘာ ၄**
တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၅ သန်း သယ်ဆောင်လာသည့် လေယာဉ်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော် ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ထပ်မံရောက်ရှိလာခဲ့သည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထဲတွင် ကမ္ဘောဒီးယား အစိုးရက တရုတ်ဆေးဝါးကုမ္ပဏီ Sinovac ထံမှ ဝယ်ယူထားသည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်သန်းနှင့် အဆိုပါဆေးဝါးကုမ္ပဏီမှ လှူဒါန်းသည့် ကာကွယ်ဆေးအလုံးရေ ငါးသိန်းတို့ ပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအဓိကအထောက်အပံ့ပေးသည့် နိုင်ငံဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်တို့ထံမှ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၂၉ ဒသမ ၅ သန်းအထိ ရရှိပြီးဖြစ်ကြောင်းနှင့် ၂၆ ဒသမ ၈ သန်းမှာ တရုတ်နိုင်ငံမှ ကာကွယ်ဆေးများဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ရာ ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၁၂ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ယမန်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ လူဦးရေ၏ ၆၉ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၁၁ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း၊ ၈ ဒသမ ၇၂ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၆၄၈၂၆၉ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၄၈၃၉ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၉၅၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၉၀၂၇၃ ဦးရှိကြောင်း ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၅၇ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၄**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၅၇ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၂၄၄၃၉ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၉၀၄၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၀ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက် ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၆၂ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၇၈၈၃ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီးနောက် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၂၁၅၈၂ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၅၅၀၂၅၄ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၅၆၃၀၂ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၇၈ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၆၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၆၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ၄၇ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၂၀၇၈၆၃၄၄ ဦး

သေဆုံးသူ ၄၅၇၀၆၁၀ ဦး

ပြန်လည်ကျန်းမာလာသူ ၁၉၇၃၄၂၈၂၅ ဦး

## မှုခင်း၊ ပြည်တွင်းရေးရာ



ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၁၅၀) အိမ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။



တာမွေမြို့ တိုက် (၇) မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။

○ ကျောဖုံးမှ

ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် အကြမ်းဖက်သမားများ ယူဆောင်သွားသည့် လက်နက်/ခဲယမ်းများ ပြန်လည်ရရှိစေရေးအတွက် အပူတပြင်း ကြိုးပမ်းဖော်ထုတ်ခဲ့ရာ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် အငှားယာဉ်အမှတ် 1H/6927 AD Van အမျိုးအစား အဖြူရောင်ယာဉ်နှင့် GG/ 6266 Fielder အမျိုးအစား ခဲရောင် အငှားယာဉ်တို့အား ယာဉ်အမှတ်အတုများ ပြောင်းလဲ၍ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။ ထို့နောက် ယာဉ်အမှတ် 1H/6927 နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဝင်းထွဋ်နှင့်ဆက်စပ်သူများအားလည်းကောင်း၊ ယာဉ်အမှတ် GG/ 6266 နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ကျော်ကျော်မင်းနှင့် ဆက်စပ်သူများအားလည်းကောင်း အသီးသီးဖော်ထုတ်ရရှိနိုင်ရေးဆောင်ရွက်မှုများနှင့် အခြားရရှိ ဆက်စပ်သတင်းများအရ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်း၊ မဟာနွယ်လမ်းနှင့် ဇေယျာသုခလမ်းထောင့်ရှိ တိုက်အမှတ်(၇) အခန်း (၃၀၂) (ဘီ)အား ဝင်ရောက်ရှာဖွေခဲ့ရာ မသင်္ကာဖွယ် သုံးဦးဖြစ်သည့် ကျော်ဝင်းစိုး(ခ)ကျော်ကြီး (၃၃)နှစ် (ဘ)ဦးမောင်ရီ (ပခုက္ကူဇာတိ)၊ ကောင်းပြည့်စုံဦး (ခ)စိန်စိန် (ခ) ကတုံးမ(၂၇)နှစ်(ဘ) ဦးမောင်မောင်ဦး (မရမ်းကုန်း)၊ ဆန်းမင်းအောင် (၂၄) နှစ်(ဘ) ဦးကျော်စွာမင်း (ဒေးဒရဲ)တို့အား တွေ့ရှိထိန်းသိမ်းနိုင်ခဲ့သည်။

### အတည်ပြုနိုင်ခဲ့

၎င်းတို့၏ ထွက်ဆိုချက်များအရ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကြသူများဖြစ်ကြောင်း သိရှိရပြီး ဆက်စပ်သတင်းအရ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့သစ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်လမ်း တိုက်(2/A)မှန်ခန်းသို့ ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ မြတ်ဖြိုးပွင့်(ဘ) ဦးတင်ထွဋ်အား တွေ့ရှိခဲ့ပြီး အခန်းတွင်း အသေးစိတ်ရှာဖွေခဲ့ရာ ဂစ်တာအိတ် နှစ်အိတ်အတွင်း ထည့်ထားသည့် လက်နက်လေးလက်အား တွေ့ရှိခဲ့ပြီး ၎င်းလက်နက်များသည် မီးရထားရဲတပ်ဖွဲ့ထံမှ ယူဆောင်သွားသော လက်နက်များဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

၎င်းအပြင် တိုက်ခန်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဇေယျာဖြိုး(ခ) တရုတ်လေး (၃၂)နှစ် (ဘ)ဦးမြတ်နိုင် (ကြည့်မြင်တိုင်)အား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ အဖွဲ့အား ဦးဆောင်ခဲ့သူ လင်းလင်း(ခ) နေလင်းထိုက်(ခ) ထဆင်ထူး(ခ) ဗိုလ်လပြည့်ဝင်း နေထိုင်သည့် ဒဂုံ(မြောက်) မ-၁၅၀(၃၁)ရပ်ကွက် ဇေယျဒီပ(၁) လမ်းအိမ်အား သွားရောက်ရှာဖွေခဲ့ရာ တွေ့ရှိခြင်းမရှိဘဲ စက်တင်ဘာ ၂ ရက် နေ့လယ်ပိုင်းတွင် ၎င်း၏သူငယ်ချင်းဖြစ်သူ မဥမ္မာနေထိုင်သည့် စမ်းချောင်းသို့ထွက်ခွာသွားကြောင်း သိရှိရသည့်အတွက် အဆိုပါနေအိမ်အား ထပ်မံရှာဖွေခဲ့ရာ ၎င်းနေအိမ်မှတစ်ဆင့် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်များအရ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်များကို သိုဝှက်သိမ်းဆည်းထားသည့် အောင်ကြီး(တိမ်းရှောင်) နေထိုင်သည့် တိုက်(၄၄) ရန်ကြီးအောင်လမ်း မုန့်လက်ဆောင်းကုန်း(မြောက်) စမ်းချောင်းသို့ သွားရောက်ထပ်မံ ရှာဖွေခဲ့ရာ Hytera စာတန်းပါအထိုင်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ကောင်းပြည့်စုံဦးသည် သင်္ဘောသား အလုပ်လုပ်ကိုင်နေရာမှ ၂၀၂၁ ခုနှစ် မတ်လတွင် ရန်ကုန်သို့ပြန်လာခဲ့ပြီး ၎င်း၏အဒေါ်ဖြစ်သူမှာ ဒေါ်မိုးမိုးစုကြည် (ရန်ကုန်တိုင်းဒေသကြီး၊ (လဝက)ဝန်ကြီးဟောင်း)အဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ကြောင်း၊ ၎င်းနှင့် (ဇေယျာဖြိုး)၊ နေလင်းထိုက်၊ သီဟ၊ မိုးသူကြီး၊ ပုချေ အပါအဝင် ၂၅ ဦးခန့်ဖြင့် မတ် ၂၂ ရက်တွင် KNU တပ်မဟာ(၃)နယ်မြေ၌ အကြမ်းဖက်တိုက်ခိုက်ရေးသင်ခန်းစာများကို သင်ကြားခဲ့ပြီး မေလအတွင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း၊ ဩဂုတ် ၁၀ ရက် နေ့လယ်ပိုင်းတွင် ဒဂုံ(မြောက်) နေအိမ်တွင် နေလင်းထိုက်က ဦးဆောင်ပြီး ကောင်းပြည့်စုံဦး၊ ကိုဇော်၊ ရှမ်းလေး၊ မဖြိုး၊ ဇေယျာဖြိုးအပါအဝင် ၁၅ ဦးခန့်က မီးရထားရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ကြရန် တိုင်ပင်ခဲ့ကြကြောင်း၊ ထိုသို့ တိုင်ပင်ခဲ့ရာတွင် ရထားပေါ်သို့ စောင့်ကြည့်လေ့လာရန်အတွက် ဆန်းမင်းအောင်(ဖမ်းမိ)၊ ကျော်ကြီး(ခ) ကျော်ဝင်းစိုး(ဖမ်းမိ)နှင့် ကိုရှိုင်း (ဖမ်းဆီးရန် ကျန်) သုံးဦးက တာဝန်ယူပြီး ကောင်းပြည့်စုံဦး၊ နေလင်းထိုက်၊ ကိုဇော်၊ ရှမ်းလေး၊ အောင်ကြီး၊ ကျော်လေးတို့က ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ရန် တာဝန်ယူခဲ့ကြကြောင်း၊ ရထားမောင်းများကို သေနတ်ဖြင့် ချိန်ရွယ်ထိန်းသိမ်းရန်အတွက် နန္ဒ(ခ)ဂျာကြီးပါ သုံးဦးက တာဝန်ယူခဲ့ကြကြောင်း သိရသည်။

### ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်


ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် မီးရထားရဲများရှိရာ တွဲနံပါတ်(၄)သို့ သွားရောက်ပြီး ဆန်းမင်းအောင်အပါအဝင် လေးဦးက အခြေအနေအား စောင့်ကြည့်ခဲ့ကြောင်း၊ ရှမ်းလမ်းဘူတာတွင် နေလင်းထိုက်နှင့် ရှမ်းလေးတို့ တက်လာခဲ့ပြီး အလုံဘူတာမှ ပန်းလှိုင်ဘူတာသို့ ထွက်ခွာလာစဉ် ကြိုတင်တိုင်ပင်ထားသည့်အတိုင်း ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်၍ လက်နက်များအား နေလင်းထိုက်အဖွဲ့က ယူဆောင်၍ အငှားယာဉ်များဖြင့်လည်းကောင်း၊ ကောင်းပြည့်စုံဦး အပါအဝင် သုံးဦးသည် ဟွန်ဒါစီဗစ်ယာဉ်ဖြင့်လည်းကောင်း ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

၎င်းတို့ထံမှ သိမ်းဆည်းရမိသည့် ဖုန်း Group တွင် ရေးသားထားမှုအရ ရဲတပ်ဖွဲ့ဝင်များ၏ သေနတ်များကို သိမ်းဆည်းရာတွင် လုံခြုံစိတ်ချစေရန် မောင်သော်(ခ) ဖြိုးဇေယျာသော်(NLD လွှတ်တော်အမတ်ဟောင်း)ထံ၌ သိမ်းဆည်းထားခဲ့ကြောင်း၊ ထို့နောက် ဇေယျာဖြိုးက ၎င်း၏ချစ်သူ မြတ်ဖြိုးပွင့် အားဖုန်းဖြင့် ဆက်သွယ်၍ လက်နက်များအား (နေမင်း)က လာပို့မည်ဖြစ်ကြောင်း၊ လက်နက်များလာပို့လျှင် သိမ်းဆည်းထားရန် မှာကြားခဲ့သဖြင့် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် လက်နက်များထည့်လာသည့် ဂီတာအိတ်နှစ်အိတ်ကို 2J/1902 Camery ခဲရောင်ကားဖြင့် သင်္ဃန်းကျွန်းအိမ်သို့ လာရောက်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များ ရှာဖွေသိမ်းဆည်းခြင်းခံခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားချိန်မှစ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ည မရပ်မနား အပင်ပန်းခံကြိုးစားခဲ့မှုများ၊ လူထုအတွင်း အမှန်တရားလိုလားသူများ၏ ဝိုင်းဝန်းကူညီပေးမှုများကြောင့် အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်စွာဆိုးရွားယုတ်မာသော ဖြစ်စဉ်ဖြစ်ရပ်များကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ပါ တိမ်းရှောင်နေသူများကိုလည်း ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ၎င်းအဖွဲ့၏ ကျူးလွန်ထားရှိသော ကွင်းဆက်ပြစ်မှုဖြစ်စဉ်များကို ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီခြင်း၊ သတင်းပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ကြပါရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ရဲမင်းကို (ခ)အချို၊ ပြည့်စုံဖြိုး၊ ဘိုဘိုဟန်(ခ)သားငယ်နှင့် သန်းနိုင်ဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဘားအံနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီတွင် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာနေ ရဲမင်းကို(ခ)အချို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၉နာရီခွဲတွင် ကော့လှိုက်ကျေးရွာလမ်းတွင် ပြည့်စုံဖြိုးကို ဆိုင်ကယ်တစ်စီးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် လှာကာကျေးရွာနေ သန်းနိုင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေး ၂၆၂ ပြားကိုလည်းကောင်း၊ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် လှာကာကျေးရွာနေ ဘိုဘိုဟန်(ခ)သားငယ်ထံမှ စိတ်ကြွရူးသွပ်ဆေး ၃၀၃၄ ပြား ကိုလည်းကောင်း။

စက်တင်ဘာ ၃ ရက် ည ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဟွေဆိုင်းကျေးရွာအနီးရှိ ကျထုပ (ဖမ်းမမိ) ၏ တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ ဆည်အတွင်း ငါးမျိုးစိုက်ထည့်

**လက်ပံတန်း စက်တင်ဘာ ၄**



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဆည်တမံ ရေလှောင်ကန်များအတွင်းသို့ နှစ်စဉ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက သဲကောဆည်၌ကျင်းပရာ အခမ်းအနားတွင် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ခုနစ်သောင်း၊ ငါးခုံးမ ငါးသားပေါက်ကောင်ရေ ငါးသောင်းတို့ကို ဆည်အတွင်း ငါးမျိုးစိုက်ထည့် ပေးခဲ့ကြကြောင်း သိရသည်။

**အောင်ဆင့်**

## ကျောင်းကုန်းမြို့ ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကျောင်းကုန်း စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ငါးသယံဇာတများတိုးပွားရေး၊ ငါးစားသုံးမှုဖူလုံစေရေးနှင့် ကျေးလက်ဒေသ ပြည်သူများ လူမှုစီးပွားဘဝ အထောက်အကူပြုစေရန် မျှော်မှန်း၍ ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက် ကမ်းနားလမ်း အောင်ဆန်းတံတားအနီး ဒါးကမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပသွယ်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ၊ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ကောင်ရေ လေးသိန်းခွဲ အား ဒါးကမြစ်အတွင်း သဘာဝရေပြင်သို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုနိုင်ငံရေး

ပိုက်တင်

**နိုင်ငံရေးဆိုတာ အမျိုးမျိုးရှိတဲ့အကြောင်းတော့ အားလုံးသိကြပြီးဖြစ်မှာပါ။ ပါတီနိုင်ငံရေး၊ အမျိုးသားနိုင်ငံရေး၊ အာဏာနိုင်ငံရေး စသဖြင့်။ လူထုနိုင်ငံရေးကို သာမန်အားဖြင့် အမှုမဲ့အမှတ်မဲ့ ရှိတတ်ကြပါတယ်။ လူထုနိုင်ငံရေးဆိုတဲ့စကားလုံးကို အင်မတန်မှ တွေ့ရမြင်ရကြားရခဲပြီး လူထုနိုင်ငံရေးအကြောင်းသိတဲ့ သူလည်း အင်မတန်နည်းပါးလှပါတယ်။ သို့သော် လူ့အဖွဲ့အစည်းကောင်းမွန်ဖို့၊ စောစောကပြောတဲ့ နိုင်ငံရေးအမျိုးမျိုးကောင်းမွန်ဖို့နဲ့ နိုင်ငံတော်ဆိုတဲ့ ဂုဏ်ပုဒ်ကြီး တင့်တယ်မွန်မြတ်ဖို့အတွက် လူထုနိုင်ငံရေးကောင်းမွန်မှုက များစွာမှအရေးပါတယ်ဆိုတာ သတိပြုမိကြစေချင်တာကြောင့် ဒီစာကိုရေးရခြင်းဖြစ်ပါတယ်။**

အာဏာနိုင်ငံရေးက လူထုနိုင်ငံရေးထဲ ဆက်စပ်ပတ်သက်နေတယ်လို့ ဘာကြောင့်ပြောရသလဲဆိုတော့

၁။ အာဏာနိုင်ငံရေးလောကထဲကို ရောက်သွားကြသူတွေက (ဒီမိုကရေစီစနစ်မှာ) လူထုထဲကနေ ထွက်ပေါ်လာကြသူတွေ ဖြစ်ပါတယ်။

၂။ အဲဒီလူထုကိုယ်စား အာဏာနိုင်ငံရေး လုပ်ကြသူအားလုံးကို လူထုကပဲ ရွေးချယ်တင်မြှောက်ရပါတယ်။ ဒါကြောင့် လူထုဟာ အာဏာနိုင်ငံရေးရဲ့ အဓိကကျလှတဲ့ အစိတ်အပိုင်းကြီးဖြစ်ပြီးတော့ လူထုနိုင်ငံရေးဟာ နိုင်ငံတစ်ခု လူ့ဘောင်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မသွေးကြောကြီးဖြစ်နေပါတယ်။ အာဏာနိုင်ငံရေးလောကကိုသွားကြမယ့် လူပုဂ္ဂိုလ်တွေဟာ လိုအပ်တဲ့ကိုယ်ရည်ကိုယ်သွေး (အရည်အချင်းနဲ့စာရိတ္တ) အဆင့်မြင့်ဖို့ လိုအပ်ပါတယ်။ အဲသလို အဆင့်မြင့်တဲ့သူတွေ ပေါ်ထွက်လာဖို့ လူထုရဲ့အရည်အသွေးလည်း မြင့်မားနေဖို့ မဖြစ်မနေလိုအပ်ပါတယ်။ လူထုရဲ့အရည်အသွေး (Capacity of People) မြင့်မားရေးကို အစိုးရတွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက စီမံဆောင်ရွက်ဖို့ လိုအပ်သလို လူထုကလည်း လူထုနိုင်ငံရေးနည်းနဲ့ လူထုရဲ့အရည်အသွေးကို မြင့်မားသည်ထက် မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်နေဖို့ လိုအပ်ပါတယ်။

### ကျယ်ပြန့်နက်ရှိုင်းလှ

ဒီမိုကရေစီစနစ်မှာ တကယ်တမ်းပြောရရင် ရွေးချယ်တင်မြှောက်ခံမယ့် လူထုကိုယ်စားလှယ်တွေအရေးပါသလို အဲဒီကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်မယ့် လူထုရဲ့အရည်အသွေးကလည်း လွန်စွာမှ ပဓာနကျလှပါတယ်။

လူထုနိုင်ငံရေးဆိုတာ တခြားသောနိုင်ငံရေးတွေထက် အများကြီးပိုမိုပြီးတော့လည်း ကျယ်ပြန့်နက်ရှိုင်းလှပါတယ်။ ဥပမာအားဖြင့် အာဏာနိုင်ငံရေး (လုပ်ပိုင်ခွင့်နဲ့ဆိုင်တဲ့နိုင်ငံရေး) တစ်မျိုးဖြစ်တဲ့ ဥပဒေပြုရေးကဏ္ဍဖြစ်တဲ့ လွှတ်တော်နိုင်ငံရေးဆိုပါတော့။

နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးစီးပွားဖြစ်ထွန်းဖို့၊ အဲဒီအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ရှိဖို့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းခြင်း စတာတွေကို ပြုလုပ်ရပါတယ်။ တခြားအရေးတကြီးလုပ်စရာများများစားစားမရှိလှပါဘူး။ လွှတ်တော်နိုင်ငံရေးဟာ အရေးကြီးတာမှန်ပေမယ့် လူထုနိုင်ငံရေးနဲ့ယှဉ်လိုက်ရင် နယ်ပယ်အားဖြင့် ကျဉ်းမြောင်းတယ်လို့ ဆိုနိုင်ပါတယ်။

လူထုနိုင်ငံရေးကို အလွယ်ကူဆုံးအကျဉ်းချုပ်အားဖြင့် ရှင်းလင်းတင်ပြပါရစေ။ လူထုနိုင်ငံရေးထဲမှာ အာဏာနိုင်ငံရေးလည်းပဲ အကျုံးဝင်သလို တခြားသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ကဏ္ဍများစွာက ဆက်စပ်ပတ်သက်နေပါတယ်။

လူမှုရေးဆိုတာက သိတဲ့အတိုင်း နယ်ပယ်အင်မတန်ကျယ်ဝန်းပါတယ်။ ကိုယ့်ဘေးအိမ်နဲ့ ဆက်ဆံရေးကနေပြီး ကိုယ့်လူ့အဖွဲ့အစည်းအပေါ် ကိုယ်ဘယ်လိုသဘောထားသလဲ၊ ဘယ်လိုကောင်းကျိုး ဒါမှမဟုတ် ဆိုးကျိုးတွေ လုပ်နေသလဲ စတာတွေဟာ လူမှုရေးနဲ့ပတ်သက်တဲ့ လူထုနိုင်ငံရေးနဲ့ ဆက်နွှယ်နေတဲ့ အကြောင်းခြင်းရာတွေဖြစ်ပါတယ်။ ဒီနေရာမှာ လူတစ်ဦးချင်း၊ မိသားတစ်စုချင်းက စည်းကမ်းတွေနဲ့ ဥပဒေတွေကို ဘယ်လောက်တန်ဖိုးထား လိုက်နာသလဲဆိုတာက လူတစ်ဦးချင်း၊ မိသားတစ်စုချင်းနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး တိုးတက်ကောင်းမွန်ရေးအပေါ် အများကြီးသက်ရောက်မှုရှိတာကြောင့် လူထုနိုင်ငံရေးကို လိုက်နာဆောင်ရွက်ကြရာမှာ လူမှုဆိုင်ရာစည်းမျဉ်းတွေနဲ့ လူ့အဖွဲ့အစည်းဆိုင်ရာဥပဒေတွေကို လိုက်နာကျင့်ကြံကြဖို့က အလွန်အရေးပါလှတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။

> **လူထုနိုင်ငံရေးဟာ တိုင်းပြည်တိုးတက်ဖို့၊ လူ့အဖွဲ့အစည်းတစ်ရပ် လူစဉ်မီဖို့အတွက်ဆိုရင် အခြားသောပါတီနိုင်ငံရေး အမျိုးသားနိုင်ငံရေး စတာတွေနည်းတူ၊ အစိုးရတွေနဲ့ လွှတ်တော်တွေနည်းတူ အရေးပါလှတာကြောင့် လူထုကြီးအနေနဲ့ အခုလို ပြုပြင်ပြောင်းလဲရေးက အရှိန်အဟုန်မြင့်လာတဲ့အချိန်မှာ ပေ့ါပေ့ါဆဆ မနေကြဘဲ နိုင်ငံသားတာဝန်တွေ ကျေပွန်ကြဖို့ ပြင်သင့်တဲ့စိတ်ထား သဘောထားတွေပြင်ပြီး လူ့အဖွဲ့အစည်းကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ လူထုနိုင်ငံရေးကို လေးလေးနက်နက်နှလုံးသွင်းပြီး အားသွန်ခွန်စိုက်လုပ်ကိုင်ကြဖို့ အချိန်တန်ပြီဖြစ်**

### လူထုနိုင်ငံရေးရဲ့တစ်စိတ်တစ်ပိုင်း

ဒီမိုကရေစီလူ့ဘောင်တစ်ခု အခိုင်အမာ တည်ဆောက်နိုင်ဖို့ဆိုရင် ကိုယ့်အိမ်မှာ ကက်ဆက်အကျယ်ကြီးဖွင့်တာ၊ ကာရာအိုကေအော်ဆိုတာက အစ၊ ကားကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာမောင်းတာအဆုံး ထိန်းသိမ်းပြုပြင်ပြီး အများကို မထိခိုက်အောင် အသိတရားနဲ့ စောင့်ထိန်းနိုင်ကြဖို့ လေ့ကျင့်ခြင်းဟာ လူထုနိုင်ငံရေးရဲ့တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။

အိမ်မှာ ကာရာအိုကေအကျယ်ကြီးအော်ဆိုတာ၊ လမ်းပေါ်မှာဖြစ်စေ၊ ကိုယ့်နေအိမ်ခြံဝင်းထဲမှာဖြစ်စေ အမှိုက်တွေ ရှုပ်ပွနေအောင်ပစ်တာ စတဲ့အပြုအမူတွေက လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေကို ပြင်းပြင်းထန်ထန်ချိုးဖောက်ခြင်းဖြစ်တာကြောင့် လူတိုင်း လူတိုင်းက သတိထားပြုပြင်ထိန်းသိမ်းကြဖို့ မလုပ်နိုင်ရင် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွက်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒီလိုပဲ စောစောကပြောသလို မော်တော်ကားကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာမောင်းနှင်တာမျိုးက ဥပဒေကို မခန့်လေးစားလုပ်တဲ့ပုံစံဖြစ်သလို လူ့အဖွဲ့အစည်းကိုလည်း စော်ကားမော်ကားလုပ်တာဖြစ်ပြီး မိမိရဲ့ အသိတရားနုံနဲ့မှုက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်၊ နိုင်ငံတည်ဆောက်ရေးကိုလည်း အနှောင့်အယှက်ဖြစ်နိုင်တယ်ဆိုတဲ့အသိနဲ့ လူတိုင်းက ထိန်းသိမ်းလုပ်ကိုင်ကြမှသာ ကောင်းမွန်ပြည့်စုံတဲ့ လူ့ဘောင်တစ်ခုအဖြစ် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ပိုက်ဆံချမ်းသာလို့ လမ်းစည်းကမ်းဖောက်တာ လာဖမ်းရင်ယာဉ်ထိန်းရဲကိုလာဘ်ထိုးလိုက်မယ်ဆိုတဲ့ ခံယူချက်မျိုးရှိရင် ပိုလို့တောင်ဆိုးရွားပါသေးတယ်။

ကိုယ်တိုင်လည်း စည်းကမ်းဥပဒေတွေကို သိသိကြီးနဲ့ နိုင်ငံသားတာဝန်မဲ့စွာ ချိုးဖောက်ရုံမက အကျင့်ပျက်ခြစားမှုကိုလည်း အားပေးသလိုဖြစ်တာကြောင့် တာဝန်မဲ့တဲ့၊ တာဝန်မသိ တာဝန်မကျေတဲ့ နိုင်ငံသားတွေ ဖြစ်နေပါလိမ့်မယ်။ ဘယ်လိုမှ တိုင်းပြည်ကောင်းအောင် တည်ဆောက်လို့ မရနိုင်ပါဘူး။

ဒါကြောင့် လူမှုရေးနဲ့ဆိုင်တဲ့ စည်းကမ်းဥပဒေတွေကို ကိုယ့်အသိတရားနဲ့ကိုယ် လိုက်နာကျင့်ကြံကြခြင်းဆိုတဲ့ လူထုနိုင်ငံရေးကိုလုပ်ကြတဲ့ နိုင်ငံသားတွေဖြစ်မှသာ တိုးတက်တဲ့ လူ့ဘောင်တစ်ခုကို သေချာပေါက်တည်ဆောက်နိုင်မယ် ဖြစ်ပါတယ်။

### လူထုနိုင်ငံရေးနဲ့ တိုက်ရိုက်ဆက်စပ်

နောက်တစ်ခါ ကျန်းမာရေးနဲ့ ပညာရေးလို ကဏ္ဍတွေကလည်း လူထုနိုင်ငံရေးနဲ့ တိုက်ရိုက်ဆက်စပ်ပတ်သက်နေတာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးကောင်းဖို့ အစိုးရတာဝန်ပဲ၊ လူထုက ဘာကြောင့် ဒီကိစ္စတွေကို တာဝန်ယူရမှာလဲလို့ မေးစရာရှိပါတယ်။ မှန်ပါတယ်။ သာမန်အားဖြင့်တော့ အစိုးရတွေဆိုတာက နိုင်ငံသားတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စတာတွေ ကောင်းမွန်ဖို့ တာဝန်ရှိပါတယ်။ ဥပဒေတွေနဲ့ ထိန်းကျောင်းပြီး အုပ်ချုပ်ရေးနဲ့ လူ့အဖွဲ့အစည်းကို (ပြီးတော့ နိုင်ငံတော်ကို) မောင်းနှင်ရပါတယ်။

တရားဥပဒေစိုးမိုးရေးကို ခိုင်မာအောင် အစိုးရက တည်ဆောက်ရပါတယ်။ သို့သော် လူထုဘက်ကလည်း လိုက်နာဆောင်ရွက်ရမယ့် လူထုတာဝန်၊ နိုင်ငံသားတာဝန်တွေ ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာကို တည်ဆောက်ရာမှာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကလည်း တိုက်ရိုက်ဆက်စပ်နေပြီး လာဘ်ပေးတဲ့လူကလည်း အကျင့်ပျက်ခြစားမှုကို ကျူးလွန်သူဖြစ်ပါတယ်။ ကိုယ်အဆင်ပြေဖို့ လာဘ်ပေးမှုရမယ်ဆိုတဲ့ဓလေ့ကို လူထုက တစ်ဖက်တစ်လမ်းကနေ ဝိုင်းဝန်းတိုက်ဖျက်ရပါလိမ့်မယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ကိုယ့်မိသားစုတွေအတွက် တတ်စွမ်းသမျှ ရှာဖွေဖြည့်ဆည်းကြရပါလိမ့်မယ်။

ကိုယ်စီးပွားဖြစ်ဖို့ သူများအသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်ဖျက်ဆီးမိတာမျိုးမဖြစ်အောင် လူထုက လူထုနိုင်ငံရေးအသိနဲ့ ရှောင်ကြဉ်ရပါလိမ့်မယ်။ အစားအသောက်တွေကို ကိုယ်အမြတ်ရရင်ပြီးရော ကျန်းမာရေးတွေ ထိခိုက်ပျက်စီးအောင် မဟုတ်မမှန်တဲ့နည်းနဲ့ ချက်ပြုတ်ကြော်လှော်ရောင်းချတာဟာ နိုင်ငံသားတွေ လိုက်နာစောင့်ထိန်းရမယ့်ကျင့်ဝတ်ကို ချိုးဖောက်ရာကျတယ်ဆိုတာကို အားလုံးက ကိုယ့်အသိတရားနဲ့ကိုယ် လိုက်နာကြဖို့ လိုပါမယ်။ တစ်နပ်စား တစ်ခါမြတ် စီးပွားရေးလုပ်နည်းက လူ့အဖွဲ့အစည်းကို လွှမ်းမိုးနေသမျှ နိုင်ငံတကာ အဆင့်မီဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်လို့မရနိုင်ပါဘူး။

ကုန်ပစ္စည်းကို အဆမတန်ဈေးတင်ရောင်းတာ၊ အတုအပကို ရောင်းတာ၊ အရည်အသွေးကို လျှော့ချထုတ်လုပ်တာ၊ အလုပ်သမားတွေရဲ့ဘဝကို အလုပ်ရှင်တွေက ကိုယ်ချင်းစာနာခြင်းမရှိတာ၊ အလုပ်ချိန်ကို ပိုခိုင်းတာ စတာတွေက နိုင်ငံသားကျင့်ဝတ်နဲ့သော်လည်းကောင်း၊ လူထုနိုင်ငံရေးနဲ့သော်လည်းကောင်း ဆက်စပ်နေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။

### လူထုနိုင်ငံရေးကောင်းအောင် လုပ်ဆောင်

အလုပ်သမားတွေအနေနဲ့ကလည်း အခွင့်အရေးကိုပဲ ပိုရလိုစိတ်ရှိပြီး အလုပ်ကို ခိုတာ ကပ်တာ၊ အလုပ်ကို နောက်ကျလာပြီး စောပြန်ချင်တာ၊ အလုပ်ချိန်မှာ မဆိုင်တဲ့ကိစ္စတွေကို အများကြီးလုပ်နေချင်တာစတဲ့ စိတ်ဓာတ်မျိုးတွေကို ထိထိရောက်ရောက် ပြင်ဆင်ဖို့ ကြိုးစားကြမယ်ဆိုရင် ဒါဟာ လူထုနိုင်ငံရေးကောင်းအောင် လုပ်ဆောင်တဲ့သဘော ဖြစ်ပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ နည်းနည်းပြောရရင် ဆရာဝန်၊ အင်ဂျင်နီယာကျောင်းတွေကိုပဲ မိဘတွေကအထင်ကြီးနေကြတဲ့ဓလေ့မျိုးကို ပြုပြင်ဖို့လိုအပ်ပါတယ်။ ဆရာ ဆရာမအများစု လက်ရှိပြုမူနေကြသလို စာသင်ကျောင်းမှာ ကောင်းကောင်းမသင်ဘဲ ကျူရှင်မှာမှ စာကို အပြည့်အဝသင်တာရှောင်ရှားရမှာဖြစ်သလို မိဘတွေအနေနဲ့လည်း ဆရာမကို လာဘ်ထိုးပြီး သားသမီးအမှတ်ကောင်းဖို့ ကြိုးစားနေတဲ့ဓလေ့စရိုက်ကို ပြုပြင်ဖို့ပါ။

တိုင်းပြည်တိုးတက်ဖို့ ပညာရပ်တွေအားလုံး တစ်ပြေးညီတိုးတက်ဖို့ လိုအပ်ပါတယ်။ နည်းပညာအရ ရှေ့ဆောင်နိုင်တဲ့နိုင်ငံဖြစ်ဖို့ ပညာရပ်တွေအားလုံးကို တန်ဖိုးထားတတ်ကြဖို့နဲ့ အစိုးရ၊ မိဘ၊ ဆရာ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ပညာရေးကဏ္ဍကောင်းဖို့ဆိုတာလည်း ဆရာ ဆရာမတွေနဲ့ မိဘတွေရဲ့ သဘောထားခံယူချက်က ပညာရေးဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ တန်းတူအရေးပါတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အဲသလို အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်ကြဖို့ရာဟာ အလွန်အရေးကြီးတဲ့ လူထုနိုင်ငံရေးဖြစ်ပါတယ်။

လူထုနိုင်ငံရေးဟာ အင်မတန်မှ ကျယ်ပြန့်သလို အင်မတန်မှလည်း အရေးကြီးတယ်ဆိုတာ အခုဆောင်းပါးဖတ်ပြီးရင် ဆက်လက်ပြီး စေ့စေ့စပ်စပ် တွေးခေါ်မြော်မြင်နိုင်ကြရင် လူတစ်ယောက်ချင်းအတွက်ရော တိုင်းပြည်အတွက်ပါ အလွန်အကျိုးများမှာ ဖြစ်ပါတယ်။

လူထုနိုင်ငံရေးဟာ တိုင်းပြည်တိုးတက်ဖို့၊ လူ့အဖွဲ့အစည်းတစ်ရပ် လူစဉ်မီဖို့အတွက်ဆိုရင် အခြားသောပါတီနိုင်ငံရေး အမျိုးသားနိုင်ငံရေး စတာတွေနည်းတူ၊ အစိုးရတွေနဲ့ လွှတ်တော်တွေနည်းတူ အရေးပါလှတာကြောင့် လူထုကြီးအနေနဲ့ အခုလို ပြုပြင်ပြောင်းလဲရေးက အရှိန်အဟုန်မြင့်လာတဲ့အချိန်မှာ ပေ့ါပေ့ါဆဆမနေကြဘဲ နိုင်ငံသားတာဝန်တွေ ကျေပွန်ကြဖို့ ပြင်သင့်တဲ့စိတ်ထား သဘောထားတွေပြင်ပြီး လူ့အဖွဲ့အစည်းကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ လူထုနိုင်ငံရေးကို လေးလေးနက်နက်နှလုံးသွင်းပြီး အားသွန်ခွန်စိုက်လုပ်ကိုင်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း တင်ပြတိုက်တွန်းလိုက်ပါတယ်။ ။

# ကိုဗစ်ကာကွယ်ဆေးထိုးထားတာကြောင့် ကျွန်တော်အခုလို မြန်မြန်ဆန်ဆန်နဲ့ ကိုဗစ်ရောဂါ ပျောက်ကင်းလာတာလို့ ယုံတယ်


**ဦးခင်မောင်ထွန်း**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံပြီးသူများသည် ကာကွယ်ဆေးမထိုးနှံရသေးသူများထက် ခံနိုင်ရည်ရှိသည်ကို ဆေးပညာရပ်ဆိုင်ရာ ပညာရှင်များက ဆိုထားသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုခံခဲ့ရသော်လည်း ကာကွယ်ဆေးထိုးနှံထားသည့်အတွက် ပြန်လည်ကောင်းမွန်လာသည့်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်း - ဟန်မင်း
ဓာတ်ပုံ - မျိုးထက်


ဦးခင်မောင်ထွန်း


ဒေါ်ဥမ္မာဝင်း


မမြသီတာကျော်


ဦးအောင်အောင်


ဒေါ်ယဉ်ယဉ်ထွေး


ဦးမိုးမင်းထွန်း

**ဦးခင်မောင်ထွန်း**
**(ခရမ်းကိုင်းကျေးရွာ၊ လယ်ဝေးမြို့နယ်)**

ကျွန်တော် ဇူလိုင် ၃၀ ရက်မှာ စပြီးဖျားပါတယ်။ မိုးမိပြီး ပုံမှန်ဖျားတယ်ပဲ ထင်ခဲ့တာပါ။ ဖျားပြီး သုံးရက်မြောက်မှာ သံသယဖြစ်တာနဲ့ အိမ်အပေါ်ထပ်ကနေ အောက်ဆင်းပြီး ခြံထဲမှာရှိတဲ့ အနံ့ရှိုင်းတဲ့အပင်ရဲ့ အနံ့ရှူကြည့်တဲ့အခါ အနံ့က မရတော့ဘူး။ အဲဒါနဲ့ မိသားစုတွေနဲ့တိုင်ပင်ပြီး ဆေးရုံကို သွားရောက်ခဲ့ပါတယ်။ ပထမအကြိမ် ဩဂုတ် ၄ ရက်မှာ ကိုဗစ်စစ်တော့ Negative ထွက်တယ်။ ဒုတိယအကြိမ်အနေနဲ့ ဩဂုတ် ၆ ရက်မှာ ထပ်မံစစ်ကြည့်တော့ Positive ထွက်ပါတယ်။ နောက်တစ်နေ့မှာတော့ ကိုဗစ်စင်တာကို ပြောင်းနေရတယ်။ စင်တာရောက်တဲ့အခါ ဆရာဝန်တွေက ကိုယ့်မှာအရင်ကရောဂါကြောင့် သောက်နေရတဲ့ဆေးရှိသလားမေးတယ်။ ပြီးတော့ ၁၀ ရက်စာ သောက်ဖို့ ဆေးတွေပေးပါတယ်။ အရေးပေါ်လိုအပ်ရင် ခေါ်ဖို့ပြောတယ်။

### အစားအသောက်များများစား

အစားအသောက်ပိုင်းမှာလည်း မနက်စာ၊ နေ့လယ်စာနဲ့ ညစာကို ကိုဗစ်စင်တာရောက်ပြီဆိုကတည်းက စားရမယ့်အချိန် ရောက်ပြီဆိုတာနဲ့ ပုံမှန်ပို့ပေးပါတယ်။ အစားအသောက်များများစားဖို့ ဆရာဝန်က ပြောပါတယ်။ ကျွန်တော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတော့ ဆွေမျိုးမိတ်ဆွေတွေက ဖုန်းနဲ့ အားပေးစကားပြောပေးကြပြီး ဆေးဝါးနဲ့ စားသောက်ဖွယ်ရာတွေကိုလည်း လက်ဆောင်ပို့ပေးကြပါတယ်။

ကျွန်တော်တက်ရောက်ကုသခဲ့တဲ့ လယ်ဝေးဆေးရုံမှာ အကုန်အဆင်ပြေပါတယ်။ လိုအပ်ရင် လူနာတွေသုံးဖို့ အောက်ဆီဂျင်ဘူးတွေ အဆင်သင့်ပြင်ဆင်ထားတာကိုလည်း တွေ့ရတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးတာကြောင့်ထင်တယ်။ ဖျားတာနဲ့ ချောင်းဆိုးတာကိုတော့ ငါးရက်လောက် ခံစားလိုက်ရတယ်။ ပြင်းထန်စွာ ခံစားရတာမရှိဘူး။ ကိုဗစ်ကာကွယ်ဆေး ထိုးထားတာကြောင့် ကျွန်တော်အခုလို မြန်မြန်ဆန်ဆန်နဲ့ ကိုဗစ်ရောဂါ ပျောက်ကင်းလာတာလို့ ယုံတယ်။ ကျန်းမာရေးအတွက် မနက် ၅ နာရီတိုင်း လမ်းထလျှောက်တာ အခုဆို ၁၅ နှစ်ရှိနေပြီ။ ပြီးတော့ ရောဂါခံနိုင်ရည်ရှိတာ ကျန်းမာရေး လိုက်စားတာကြောင့်လည်း ပါမယ်ထင်ပါတယ်။

သတင်းစာ၊ ရုပ်မြင်သံကြားတွေမှာ တွေ့ရတာ ကိုဗစ်ကာကွယ်ဆေးက ရောဂါကူးစက်ခံရပြီဆိုရင် အမှန်တကယ် ၇၀ ရာခိုင်နှုန်းလောက် ကာကွယ်ပေးတယ်ဆိုတာ ဟုတ်ပါတယ်။ ဆေးရဲ့အကျိုးအာနိသင်ကို ကျွန်တော် လက်တွေ့ခံစားရလို့ပါ။ ကိုဗစ်ကာကွယ်ဆေးကို ပြည်သူတွေအားလုံး ထိုးနှံခွင့်ရရင် ထိုးရမယ့်ဆေးဖြစ်တဲ့အတွက် မကြောက်မလန့်ဘဲ ယုံကြည်ချက်ရှိရှိနဲ့ ထိုးကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်ဥမ္မာဝင်း(ကျန်းမာရေးဝန်ထမ်း)**

ကျွန်မရဲ့အလုပ်က ဆေးရုံက Positive လူနာတွေကို ကျွေးမွေးဖို့ ဈေးထွက်ဝယ်ရတဲ့အပိုင်း၊ ထမင်း၊ ဟင်းတွေချက်၊ လူနာတွေကိုကျွေးမယ့် ထမင်း၊ ဟင်းတွေကိုပို့ဖို့ စီစဉ်ပေးရတဲ့ အာဟာရကျွေးမွေးတဲ့အပိုင်းစတာတွေကိုတာဝန်ယူရပါတယ်။ ဇူလိုင် ၁၇ ရက် ညနေမှာ လူနာတစ်ယောက်ကို ထရော်လီတွန်းပေးရင်း ပြုတ်ကျမလိုဖြစ်တဲ့အတွက် လှမ်းကိုင်လိုက်မိတယ်။ အဲဒီလူနာကို အဲဒီနေ့ညနေမှာ ကိုဗစ်စစ်တဲ့အခါ Positive အဖြေထွက်တယ်။ အဲဒီလူနာ Positive ထွက်တော့ ကိုယ့်ကိုယ်ကိုယ် ကူးပြီလားဆိုပြီး သံသယတော့ဖြစ်မိတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်မလည်း အဲဒီနေ့ညမှာပဲ အနံ့စပျောက်သွားတယ်။ မနက်ရောက်တာနဲ့ ဆေးရုံအုပ်ကြီးကို ပြောပြပြီး ကိုဗစ်စစ်လိုက်တဲ့အခါ Positive ထွက်ပါတယ်။ အဖြေထွက်ပြီး ကူးစက်အဆောင်ကို တက်ရောက်ကုသပါတယ်။ ကူးစက်အဆောင်ရောက်ပြီး နှစ်ရက်မြောက်နေ့မှာ စပြီးဖျားတယ်၊ ချောင်းဆိုးတယ်၊ ဝမ်းပျက်တယ်။ သုံးရက်လောက် ခံစားလိုက်ရပါတယ်။ ကျန်တဲ့လက္ခဏာတွေကိုတော့ မခံစားခဲ့ရပါဘူး။ ကိုဗစ်ကာကွယ်ဆေး ထိုးထားတဲ့အတွက် ဆေးရဲ့အာနိသင်ကြောင့် ရောဂါပြင်းထန်စွာ မခံစားရဘဲ အမြန်ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။

### ဆိုးဆိုးရွားရွားမခံစားရ

ကိုဗစ်စင်တာ တက်ရောက်ကုသတဲ့အထဲမှာ ကိုဗစ်ကာကွယ်ဆေး မထိုးနှံရသေးတဲ့ လူနာတချို့ကတော့ ဆက်တိုက်တွေဖျား၊ ဝမ်းပျက်တဲ့အတွက် ဆေးတွေချိတ်ရတယ်။ အောက်ဆီဂျင်ကျလို့ အောက်ဆီဂျင်ပေးရတယ်။ တချို့ဆို မောပြီး တစ်ညလုံး မအိပ်နိုင်ကြဘူး။ ထိုင်ပြီးတော့ အောက်ဆီဂျင်ရှူနေရတဲ့အထိ ဖြစ်ကြတယ်။ ဆရာဝန်ကို အဆက်မပြတ်ခေါ်နေရတယ်။ ကိုဗစ်ကာကွယ်ဆေးကြောင့် ကိုဗစ်ကူးစက်ခံခဲ့ရရင် ရောဂါကို ဆိုးဆိုးရွားရွားမခံစားရဘဲ ကျော်ဖြတ်နိုင်တာကတော့ ကိုယ်တွေ့ပါပဲ။

**မမြသီတာကျော်(ဌာနဆိုင်ရာဝန်ထမ်း)**

ညီမက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပါပြီ။ အိပ်ချိန်၊ စားချိန်မှန်ပါတယ်။ ကျန်းမာရေးလည်း ဂရုစိုက်ပါတယ်။ နောက်ပြီး ကိုဗစ်နဲ့ ပတ်သက်လို့ ဘယ်လိုလက္ခဏာမှ မပြပါဘူး။ ညီမတို့ရုံးမှာ ဦးစီးအရာရှိတစ်ဦး ကိုဗစ်ပိုးစတွေ့ပါတယ်။ အဲဒီဦးစီးအရာရှိနဲ့ နေ့လယ် ထမင်းစားချိန် တစ်ဝိုင်းတည်းစားတဲ့ သူတွေအကုန်လုံးကို ကိုဗစ်စစ်ခိုင်းတော့ ညီမတို့လည်း သွားစစ်တယ်။ လေးရက်၊ ငါးရက်ခြားပြီး ပထမအကြိမ်၊ ဒုတိယအကြိမ် နှာခေါင်းတို့ဖတ်သွားစစ်တော့ ကိုဗစ်ပိုး မတွေ့ဘူး။ တတိယအကြိမ်မှာ အာခေါင်တို့ဖတ်စစ်တော့မှ ကိုဗစ်ပိုးတွေ့ပါတယ်။ ဒါကြောင့် ကျွန်မတို့ လုပ်ဖော်ကိုင်ဖက် သုံးယောက်စလုံး စည်ပင်ဧည့်ရိပ်သာ Quarantine မှာ ၁၁ ရက် သွားနေရပါတယ်။ အဲဒီရက်ပိုင်းအတွင်းမှာ ညီမတို့ သုံးယောက်စလုံး ထူးထူးခြားခြား ဖျားတာ၊ ကိုက်တာ၊ ခဲတာ၊ အနံ့ပျောက်တာ မရှိဘူး။ Quarantine စင်တာမှာနေတုန်း အဓိကက ပြင်ပ ပုဂ္ဂိုလ်တွေနဲ့ ထိတွေ့ဆက်ဆံမှုမရှိအောင် နေခိုင်းပါတယ်။

### Social Media သုံးတာ စိတ်ဖိစီးမှုများစေ

ကျွန်မတွေ့ရသလောက် Quarantine စင်တာကို ဝင်လာတဲ့သူတွေထဲမှာ အသက်ကြီးပိုင်းတွေများတယ်။ ထူးထူးခြားခြားရောဂါခံစားရတာတွေကို မတွေ့ရဘူး။ Quarantine ဝင်တုန်းက နေ့စဉ်ရေနွေးငွေ့ရှူတယ်။ ဆားရည်နဲ့ပလုတ်ကျင်းတယ်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူကို ထမင်းစားတိုင်း တို့စရာအနေနဲ့စားဖြစ်တယ်။ မနက်တိုင်း လမ်းအနည်းငယ်လျှောက်တယ်။ နေပူဆာလှုံတယ်။ အဲဒီ ၁၁ ရက်အတွင်းမှာ အောက်ဆီဂျင်ကျလာသလိုမျိုးတော့ ခံစားရတယ်။ စင်တာမှာနေတုန်း Facebook သုံးတာ၊ Social Media သုံးတာတွေက ကိုယ့်အတွက် စိတ်ဖိစီးမှုများစေခဲ့တယ်။ လိုင်းပေါ်မှာ ဟိုနေရာ၊ ဒီနေရာမှာတော့ ကိုဗစ်ဖြစ်လို့ ဆုံးပြီ၊ ဆေးရုံတင်လိုက်ရပြီဆိုပြီး မြင်ရလို့ရှိရင် အောက်ဆီဂျင်ကျပြီး စိတ်မကောင်းဖြစ်ရတယ်။ အဲဒီနောက်ပိုင်း Facebook၊ Social Media ကိုမသုံးတော့မှ အဆင်ပြေသွားတယ်။

Quarantine စင်တာမှာ ၁၁ ရက် နေခဲ့ပြီးနောက် Home Quarantine ၁၀ ရက်ကို အဆောင်မှာ ထပ်နေရတယ်။ အဆောင်နေစဉ်မှာလည်း ပြင်ပလူတွေနဲ့ ထိတွေ့မှုမရှိအောင်နေရမယ်၊ ကျန်းမာရေးညွှန်ကြားချက်တွေနဲ့အညီ နေရမယ်ဆိုပြီး ညွှန်ကြားထားပါတယ်။ စုစုပေါင်း ၂၁ ရက် Quarantine နေရပါတယ်။

ကျန်းမာရေးကောင်းပြီး ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံထားတဲ့အတွက် ကိုဗစ်ဖြစ်တယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် မယုံနိုင်ဘူး။ ဘာကြောင့်ဆို ကျွန်မက ဘာလက္ခဏာမှမပြပါဘူး။ အနံ့ပျောက်တာ၊ ကိုယ်လက်ကိုက်ခဲတာတွေနဲ့ တခြား ကိုဗစ်နဲ့ပတ်သက်တဲ့လက္ခဏာ ဘာမှမပြပါဘူး။ ဒါပေမဲ့ ကိုဗစ်ပိုးတွေ့တဲ့နေ့မှာ အောက်ဆီဂျင်ကျသလိုတော့ ခံစားခဲ့ရတယ်။ အဲဒါကလည်း ခဏပါပဲ။ ရေနွေးငွေ့ရှူလိုက်တော့ ပြန်ကောင်းသွားပါတယ်။

ကိုဗစ်ပျောက်ကင်းလို့ အခု တစ်လလောက်အကြာမှာ ခုရက်ပိုင်း ကိုဗစ်နဲ့ပတ်သက်တဲ့ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေကို ခံစားနေရတာရှိတယ်။ အခု နှစ်ရက်၊ သုံးရက် လောက်ရှိပြီ အောက်ဆီဂျင်ကျတာ။ အဲဒါနဲ့ အွန်လိုင်းပေါ်နဲ့ ဆရာဝန်တွေ ညွှန်ကြားထားတဲ့အတိုင်း မှောက်နေတော့ အောက်ဆီဂျင်က ပြန်တက်လာတယ်။ လှဲနေတာ၊ ပက်လက်အနေအထား နေလို့ရှိရင် အောက်ဆီဂျင်ကကျတယ်။ အဲဒါ ဆေးခန်းသွားဆရာဝန်နဲ့တိုင်ပင် အဆုတ်ကို ဓာတ်မှန်ရိုက်ပြီး အားဆေးတွေသောက်ဖို့ စီစဉ်ထားပါတယ်။

ကာကွယ်ဆေးကတော့ ထိုးထားသင့်တယ်။ အစတုန်းကဆို ကိုယ့်အနီးအနားမှာ ဆေးထိုးပေးနေပေမယ့် မထိုးဖြစ်ကြဘူး။ ခုကျတော့ အသိတရားရပြီး ကာကွယ်ဆေးသွားထိုးနှံကြတဲ့သူတွေကို ပတ်ဝန်းကျင်မှာ တော်တော်များများတွေ့တယ်။ ကျွန်မလည်း နှစ်ကြိမ်စလုံး ဆေးထိုးနှံထားတဲ့အတွက် Positive တွေ့ချိန်မှာ ဘယ်လိုလက္ခဏာမျိုးမှ ထွေထွေထူးထူးမပြဘူး။ ကိုဗစ်ဖြစ်တယ်ဆိုပေမယ့် ရောဂါလက္ခဏာ မခံစားရဘူးဆိုတော့ ကာကွယ်ဆေးကို အကုန်လုံးထိုးသင့်တယ်။

**ဦးအောင်အောင်(ကျန်းမာရေးဝန်ထမ်း)**

ကိုဗစ်ကာကွယ်ဆေးထိုးထားတာ သုံးလလောက်ရှိပြီ။ ကိုဗစ်-၁၉ ကူးစက်တဲ့ လက္ခဏာက နောက်ကျောတွေ တစ်ခုလုံး ညောင်းကိုက်လာတယ်။ နှစ်ရက်လောက်ကြာတော့ အဖျားငွေ့ငွေ့နဲ့ အနံ့ပျောက်သွားတယ်။ သုံးရက်မြောက်နေ့မှာ အဖျားတက်တော့ လယ်ဝေးခုတင် ၁၀၀ ဆေးရုံကို သွားပြီး ကိုဗစ်စစ်လိုက်တော့ Positive ဖြစ်နေတယ်။ အဲဒါနဲ့ Quarantine Center ကို သွားရတယ်။ ကျွန်တော်က ကျန်းမာရေးဝန်ထမ်းဆိုတော့ ကိုဗစ်တွေ့လည်း သိပ်ပြီးမကြောက်ခဲ့ဘူး။ Quarantine Center မှာလည်း အလိုလိုနေရင် နုံးနေခဲ့တယ်။ ချွေးထွက်များတော့ ဓာတ်ဆားရည်သောက်ခဲ့တယ်။ စီဗစ်ဆေးကိုတော့ တစ်နေ့ သုံးကြိမ်သောက်ခဲ့တယ်။ စင်တာထဲ လမ်းတွေလျှောက်တယ်။ တတ်နိုင်သလောက် လေ့ကျင့်ခန်းလုပ်ခဲ့တယ်။ ငြိမ်ငြိမ်နေတာကတော့ မကောင်းဘူး။ ကျွန်တော်ထင်တာက ကိုဗစ်ကာကွယ်ဆေး ထိုးထားတဲ့အတွက် ရောဂါဖြစ်ပွားမှုကို ခံနိုင်တယ်လို့မြင်ပါတယ်။

စာမျက်နှာ ၁၇ သို့ »»

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး



**မိုးမိတ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းမိသားစုဝင်များ၊ ဈေးသည်များ၊ ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ဆက်လက်ထိုးနှံပေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီမှစတင်၍ မြို့နယ်စည်ပင်သာယာခန်းမ၌ ထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်ဇော်ထက်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းလှိုင်တို့က ကြီးကြပ်ကြည့်ရှုခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မိုးမိတ်သား**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း နှစ်ပိုင်းခွဲပြီး ဆေးထိုးစုရပ် ခြောက်နေရာ၌ ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသည်။

ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများအား ဆေးထိုးစုရပ်များ၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၄၇၆ ဦး၊ စေတနာ့ဝန်ထမ်း ၁၇၁ ဦး၊ ဘုန်းတော်ကြီးနှင့် သီလရှင် ၁၉၂ ပါး ၊ နိုင်ငံ့ဝန်ထမ်း သုံးဦး၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်း သုံးဦး၊ တည်းခိုခန်းလုပ်ကိုင်သူနှင့် ဝန်ထမ်း ၇၀၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး စုစုပေါင်း ၉၅၁ ဦးတို့အား ထိုးနှံနိုင်ခဲ့ပြီး ဆေးထိုးရန် ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။

**အောင်ဋ္ဌေး(မလှိုင်)**

**ဒက္ခိဏသီရိ**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာတင်မြထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်မှ ဆေးအဖွဲ့များက ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံဝန်ထမ်းများ စုစုပေါင်းလူဦးရေ ၂၁၀ တို့အား ထိုးနှံပေးကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

**မချမ်းဘော**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်အဖြစ် စတင်ထိုးနှံပေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီမှစတင်ကာ မချမ်းဘောမြို့ ဂူဘားရိပ်သာ၌ထိုးနှံပေးလျက်ရှိသည်။

မချမ်းဘောမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သံဃာတော်များ၊ ဘာသာရေးဆရာ ဆရာမများ၊ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသည့်နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများနှင့် ပြည်သူများအား စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီမှစတင်၍ ညနေ ၄နာရီအထိ ဦးစားပေးအုပ်စုအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မချမ်းဘော(ပြန်/ဆက်)**

**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် သံဃာတော်များ၊ ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက်သက်ကြီးရွယ်အိုများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီမှစတင်၍ အမှတ် ၄ ရပ်ကွက် မြို့လယ်သံမဏ္ဍာရုံ၌ ဆက်လက်ထိုးနှံပေးသည်။

သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ဘဏ်ဝန်ထမ်းများ၊ မော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်းယာဉ်နောက်လိုက်များ၊ ပညာရေးဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံမှ လူဦးရေစုစုပေါင်း ၁၁၁၅ ဦးအား ဆေးထိုးနေရာလေးခုခွဲ၍ ဆက်လက်ထိုးနှံပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **တင့်ဆွေ(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို အ-ထ-က(သုဝဏ္ဏ)ကျောင်း၌ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီမှစတင်၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် သဃ်္ဃန်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကံထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့် ဘိုးဘွားများ အဆင်ပြေချောမွေ့စွာ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စန္ဒာမိုး(ပြန်/ဆက်)**



**ဖယ်ခုံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူများကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီမှစ၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒုတိယအကြိမ်(ဒုတိယနေ့)ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဖယ်ခုံမြို့နယ်အတွင်း ဖယ်ခုံဆေးထိုးစုရပ်နှင့် မိုးဗြဲကျေးရွာအုပ်စု ဆေးထိုးစုရပ်တို့တွင် ပထမအကြိမ်အဖြစ် ၃၅၄၁ ဦးထိုးနှံထားပြီး ဒုတိယအကြိမ် ကာကွယ်ဆေးကို စက်တင်ဘာ ၃ ရက်ထိ ဖယ်ခုံနှင့် မိုးဗြဲတို့တွင် စုစုပေါင်း ၂၈၃၆ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရွှေသောင်ယံ**

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ် ဒုတိယအသုတ်ထိုးနှံပေးခြင်းကို အထက ရွှေသောင်ယံ၌ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ပထမတစ်ကြိမ် ထိုးနှံပြီးသူအားလုံးကို ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ၁၇၄ ဦးအား ထိုးနှံပေးကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

---

»»» **စာမျက်နှာ ၁၆ မှ**

ကိုဗစ်နဲ့ပတ်သက်လို့ ကာကွယ်ဆေးထိုးထားတာက အကောင်းဆုံးပါ။ ကိုဗစ်ကာကွယ်ဆေး မထိုးနှံဖြစ်သေးတဲ့သူတွေလို အောက်ဆီဂျင်ကျပြီး အသက်ဆုံးပါးရတဲ့အထိ မဖြစ်တော့ဘူးပေါ့။ ကိုယ်တွေ့ကြုံတွေ့ခဲ့ရတော့ ကာကွယ်ဆေးထိုးထားတာက ရောဂါကိုကာကွယ်ပေးနိုင်တယ်ဆိုတာကို ယုံကြည်ပါတယ်။ ကာကွယ်ဆေးထိုးနှံထားမယ်၊ အောက်ဆီဂျင်မကျခင် ဆေးရုံကို အရောက်လာမယ်ဆိုရင် အသက်ဆုံးရှုံးရတဲ့အထိ မဖြစ်တော့ဘူးပေါ့။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းတယ်ဆိုတဲ့ စကားပုံအတိုင်း လူတိုင်းကာကွယ်ဆေး ထိုးနှံစေချင်ပါတယ်။

**ဒေါ်ယဉ်ယဉ်ထွေး(ဌာနဆိုင်ရာဝန်ထမ်း)**

ကာကွယ်ဆေးက နှစ်ကြိမ် ထိုးနှံပြီးပါပြီ။ ဇူလိုင် ၆ ရက်မှာ အဝတ်တွေလျှော်တော့ အအေးမိပြီး နှာတွေမွန်တယ်။ ဇူလိုင် ၇ ရက်အထိ ရုံးတက်ခဲ့သေးတယ်။ ၈ ရက်နေ့မှာ အနံ့စပျောက်တယ်။ ၁၂ ရက်နေ့မှာ ဆေးဆိုင်ကနေ Test Kit ဝယ်ပြီး စစ်လိုက်သေးတယ်။ ဒါပေမဲ့ မသေချာတော့ ၁၄ ရက်နေ့မှာ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ကို ကိုဗစ်သွားစစ်တော့ Positive တွေ့တယ်။ Positive စတွေ့တော့ ငိုမိတယ်။ ကိုဗစ်ကူးစက်တာ ဘယ်ကကူးတာမှန်း တွေးမရဘူး။ အပြင်လည်းမသွားဘူး။ ရုံးနဲ့အိမ်ပဲသွားလာနေရာကနေ ကူးစက်ခံခဲ့ရတာပါ။ ပတ်ဝန်းကျင်နဲ့ ရုံးမှာလည်း ကိုဗစ်ကူးစက်တဲ့သူ မရှိဘူး။ အဲဒီအတောအတွင်းမှာ ချောင်းလည်း မဆိုးဘူး၊ ကိုယ်လည်းမပူဘူး။ ဖျားလည်းမဖျားဘူး။ ရင်လည်းမကျပ်ဘူး။ ဘာမှမဖြစ်ဘဲ အနံ့ပျောက်သွားပြီး ကူးစက်ခံခဲ့ရတာ။

ကျွန်မမှာ ကလေးက နှစ်ယောက်ရှိတယ်။ အမျိုးသားကလည်း အနီးအနားမရှိတော့ စိတ်လှုပ်ရှားတာတော့ရှိတယ်။ ဆေးရုံရောက်သွားတော့ သူလို၊ ကိုယ်လို လူနာတွေတွေ့တယ်။ ကိုဗစ်ရောဂါကြောင့် အသက်ဆုံးရှုံးတဲ့သူတွေလည်း တွေ့တယ်။ စိတ်မကောင်းဖြစ်လိုက်၊ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်နဲ့ Quarantine ၁၁ ရက်နေခဲ့ရတယ်။ အားငယ်စိတ်၊ စိုးရိမ်စိတ်တော့ရှိတယ်။ Quarantine ဝင်တော့ အခန်းတစ်ခုတည်းသုံးယောက်နေရတယ်။ ကျွန်မနဲ့ ကျန်တစ်ဦးက ကာကွယ်ဆေးထိုးထားတယ်။ ကာကွယ်ဆေးထိုးထားတဲ့ တစ်ယောက်ဆိုရင် အနံ့တောင်မပျောက်ခဲ့ဘူး။ ကာကွယ်ဆေး မထိုးသေးတဲ့ တစ်ယောက်ကတော့ အသက်ရှူကျပ်တယ်၊ မောတယ်၊ တစ်ညလုံး မအိပ်ရဘူး၊ ချောင်းတွေဆိုးတာ။ အဲဒီတစ်ယောက်ဆို ဆေးမထိုးထားတော့ တစ်ခုခုဖြစ်သွားမှာတောင် စိုးရိမ်ခဲ့တယ်။ သူလည်းပဲ ပြန်ကောင်းလာတာ တွေ့ရတယ်။

ဆေးနှစ်ကြိမ်ထိုးထားတဲ့အတွက် ရောဂါကိုခံနိုင်ရည်ရှိတယ်လို့ ယုံတယ်။ Quarantine ဝင်နေချိန်မှာ ၁၁ ရက်လုံး ဖုန်းထဲကနေ ဘုရားစာတွေဖွင့်ပြီး အိပ်ခဲ့တယ်။ ၁၇ ရက်နေ့မှာ အနံ့ပြန်ရတယ်။ ဇူလိုင် ၂၀ ရက်နေ့ တစ်ရက်ပဲ တစ်ညလုံးအိပ်မပျော်ဘဲ ရင်တွေတုန်၊ အသက်ရှူကျပ်သလို ခံစားလိုက်ရတယ်။ စိတ်လှုပ်ရှားတာလည်းပါမယ်။ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံမှာတော့ အစားအသောက်၊ ဆေးဝါးကအစ အလှူရှင်တွေ ကျွေးမွေးတာနဲ့ အတော်ကောင်းပါတယ်။ ကျွန်မဆို ငွေလုံးဝမကုန်ခဲ့ဘူး။ ရောဂါဖြစ်ပြီး ထမင်းသိပ်မစားနိုင်တော့ဘူး။ မဖြစ်ခင်တုန်းကတော့ ထမင်းအစားများတယ်။ ပင်ပင်ပန်းပန်းအလုပ်တွေ မလုပ်ဖြစ်ဘူး။ အခုအချိန်ထိတော့ ဆင်ဆင်ခြင်ခြင်နေပါတယ်။

**ဦးမိုးမင်းထွန်း(ကျန်းမာရေးဝန်ထမ်း)**

ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရတာ တစ်လခွဲလောက်ရှိပါပြီ။ စသိတာက ဖျားတယ်၊ ဖျားပြီး နှစ်ရက်လောက်နေတော့ အနံ့စပျောက်တယ်။ အဲဒီတော့ ဆေးရုံသွားစစ်တော့ ကိုဗစ်ပိုးတွေ့တယ်။ Positive တွေ့တာနဲ့ Quarantine Centre ကို တန်းပို့တယ်။ Quarantine Centre မှာ ၁၁ ရက်နေခဲ့ရတယ်။ အဲဒီ ၁၁ ရက်အတွင်း ရောဂါ ပြင်းပြင်းထန်ထန်မခံစားလိုက်ရဘူး။ ဒါကလည်း ကိုဗစ်ကာကွယ်ဆေးထိုးထားတဲ့အတွက်ကြောင့်လို့ ယုံကြည်တယ်။ စင်တာမှာ ကိုဗစ်ကာကွယ်ဆေး မထိုးနှံဘဲ ရောက်လာတဲ့သူတွေကို တွေ့ခဲ့တယ်။ သူတို့ကို ကြည့်ရတာ အမောဖောက်တာများတယ်၊ ရောဂါခံနိုင်ရည်သိပ်မရှိဘူး။ ရောဂါကူးစက်တာချင်း အတူတူ ကိုယ့်ထက်ပိုဆိုးတာကို သတိထားမိပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးထားတာ ခုခံအားပိုကောင်းမယ်၊ ခုခံနိုင်စွမ်း ပိုကောင်းမယ်။ ဆေးထိုးထားရင် ကိုဗစ်ကူးစက်ရင်တောင်မှ ရောဂါလက္ခဏာတွေကို သိပ်မပြဘဲ ခုခံနိုင်တယ်။

# အသက်ရှူလေ့ကျင့်တာ ဒါကိုလုပ်ခြင်းအားဖြင့် စိတ်ဓာတ်ခွန်အားတွေတက်လာပြီး ကိုဗစ်ကိုတိုက်ဖျက်ရာမှာ အများကြီး အထောက်အကူပေးတယ်။

ဒေါက်တာ ကြည်စိုး

တွေ့ဆုံမေးမြန်း - စိမ်းခက်
ဓာတ်ပုံ - ခိုင်မင်း

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသူနှင့် ဆေးမထိုးထားသူတို့ ရောဂါကူးစက်ခံရပါက ခံစားရသည့် အခြေအနေနှင့်ပတ်သက်၍ ဆရာဝန်တစ်ဦးလည်းဖြစ်၊ ကိုဗစ်-၁၉ တတိယလှိုင်းတွင် ရောဂါကူးစက်ခံရသူလည်းဖြစ်သည့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ကြည်စိုးနှင့် တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။**

**မေး။ ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးတဲ့သူနဲ့ မထိုးထားတဲ့သူ ရောဂါကူးစက်ခံရပြီဆိုရင် ခံစားရတဲ့အခြေအနေကို ဆရာကြီးရဲ့ အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြပေးပါရှင့်။**

**ဖြေ။ ။** ကျွန်တော်ဆရာဝန်တစ်ဦးပါ။ ကျွန်တော့်မှာ အတူနေမိသားစု ငါးယောက်ရှိပါတယ်။ မိသားစု ငါးယောက်စလုံး ကိုဗစ်ကာကွယ်ဆေး Covishield ထိုးထားပေမယ့် အခုဖြစ်တဲ့ တတိယလှိုင်းမှာ ကူးစက်ခံခဲ့ရပါတယ်။ ကျွန်တော်ဆိုရင် အခု အသက် ၆၀ နားနီးပါပြီ။ ကျွန်တော့်အမျိုးသမီးဆိုလဲ ၅၅ နှစ်လောက်ရှိပြီ။ ကျန်တာကတော့ အသက် ၃၀ အောက်၊ ၂၅ အတွင်းတွေပေါ့။ အားလုံး အေးအေးဆေးဆေးနဲ့ပဲ ဒီရောဂါကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ အမျိုးသမီးရော ကလေးတွေရော သောက်ဆေးလောက်နဲ့ပဲ ပြီးသွားတာဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာက ကာကွယ်ဆေးထိုးထားတဲ့အတွက် ရောဂါပြင်းထန်မှုဟာ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေလောက် မခံစားရဘူးဆိုတာပါ။ ကျွန်တော်တို့ဆိုရောဂါလက္ခဏာ မပြင်းထန်ဘဲနဲ့ ဒီကိုဗစ်-၁၉ ကပ်ရောဂါကို ကောင်းကောင်း ကျော်ဖြတ်သွားနိုင်တာပါ။

### ကာကွယ်ဆေးကို မဖြစ်မနေထိုးကြ

ဒါကြောင့် ပြည်သူလူထုတွေအားလုံးကို မှာချင်တာကတော့ ကာကွယ်ဆေးကို မဖြစ်မနေ ထိုးကြပါ။ မကြောက်ကြပါနဲ့။ ကာကွယ်ဆေးဆိုတာကတော့ ကာကွယ်ဆေးမှမဟုတ်ပါဘူး၊ ဆေးတိုင်းဘေးထွက်ဆိုးကျိုးကတော့ အနည်းနဲ့အများ ရှိတာချည်းပါပဲ။ တွေးပြီးမကြောက်ပါနဲ့။ ရောဂါအခံတွေ ရှိတဲ့သူတွေ ဥပမာ- ဆီးချို၊ နှလုံး စတဲ့ဝေဒနာတွေ ရှိနေလို့လဲ ကာကွယ်ဆေးထိုးဖို့ မကြောက်ပါနဲ့။ ဒီရောဂါတွေရှိလေ ရောဂါဖြစ်လာတဲ့အခါမှာ ပိုပြီးတော့ပြင်းထန်လေ သူများထက်လည်း အသက်အန္တရာယ်နီးလေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုရောဂါရှိတဲ့သူတွေအနေနဲ့ ကာကွယ်ဆေး ထိုးသင့်ပါတယ်။ မကြောက်ပါနဲ့ ကာကွယ်ဆေးကို အကြိမ်ရေပြည့်အောင်ထိုးပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ဆရာကြီးတို့ မိသားစု ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတယ်ဆိုတာ ဘယ်လိုအခြေအနေမှာ စသိခဲ့တာပါလဲ။**

**ဖြေ။ ။** အိမ်မှာက ကိုဗစ်စဖြစ်တာက အိမ်ကယာဉ်မောင်းက စဖြစ်တာ။ သူဖြစ်နေမှန်းသိတော့ သူက အိမ်ထဲထိမဝင်ဘူး။ ဒါပေမဲ့ အပြင်ကနေ ပစ္စည်းတွေဝယ်ပေးတာ ခြမ်းပေးတာ ရှိတယ်။ ဒါတွေကို ကိုင်ရင်းတွယ်ရင်း မိသားစုကို တစ်ဆင့်ပြန်ကူးတာလဲ ဖြစ်နိုင်တာပေါ့။

တစ်နေ့ကျတော့ သမီးက ဖေဖေ လည်ပင်းတွေနာတယ်။ ဖျားချင်သလိုလဲ ဖြစ်တယ်ပေါ့။ အဲဒီမှာတွေးလိုက်မိတာ။ တစ်အိမ်လုံးတော့သွားပြီ။ ကိုဗစ်ကူးပြီပဲဆိုပြီးလေ။ နောက်နှစ်ရက်၊ သုံးရက်ကြာတော့ တစ်အိမ်သားလုံးဖျားကြတာပေါ့၊ အရင် ပထမလှိုင်း၊ ဒုတိယလှိုင်း ဖြစ်ခဲ့တုန်းက သူများတွေကို ကူညီပေးခဲ့တာ ကုသပေးခဲ့တာတွေရှိပါတယ်။ အဲဒီတုန်းက မကူးခဲ့ကြဘူး။ တတိယလှိုင်းကျမှ ကူးစက်ခံရတော့တာ။

**မေး။ ။ ကိုဗစ်ဖြစ်တဲ့အချိန်မှာ ဆရာ့အနေနဲ့ ဘယ်လို ရောဂါလက္ခဏာတွေ ခံစားရလဲရှင့်။**

**ဖြေ။ ။** ကိုဗစ်စဖြစ်ဖြစ်ချင်း ထူးထူးခြားခြားတော့ မခံစားရပါဘူး။ ဖိန်းဖိန်းရှိန်းရှိန်းလေးဖြစ်တယ်။ ဖျားချင်သလိုရှိတယ်။ အဖျားကတော့ သိသိသာသာမတက်ပါဘူး။ လူကနုံးနေတယ်။ နေရထိုင်ရတာ နည်းနည်းခက်တယ်။ ကျွန်တော်က အလုပ်လဲ ဆက်လုပ်နေတယ်ဆိုတော့ ဖုန်းတွေကလဲပြောရဆိုတော့ အဲဒီမှာ ကျွန်တော် တော်တော်မခံနိုင်တာ။ အိပ်လို့ကမရ။ ဖုန်းတွေကလည်း နေ့ရောညရော ဆိုတော့အိပ်လို့ကိုမရတာ။ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးပြီး တော်တော်ကို ကျပ်ကျပ်တည်းတည်းကြီးကို ဖြစ်နေတာ။ ပတ်ဝန်းကျင်ကတော့ ကျွန်တော်ဖြစ်နေတာသိမှာ မဟုတ်ဘူး။ ကျွန်တော့် စိတ်ထဲ အလွှာကြီးတစ်ခု လွှမ်းခြုံထားသလိုကိုခံစားနေရတာ။

တစ်ညတော့ ဖုန်းပိတ်လိုက်တယ်။ သင့်တင့်တဲ့ အနားရရင် မဆိုးဘူးဆိုပြီး။ တကယ်တော့ မပိတ်ချင်ဘူး။ တချို့လူနာတွေက ကျွန်တော်တို့ဆီက အကြံဉာဏ်လေးတွေ လိုချင်တာ။ တချို့ဆိုလဲ အောက်ဆီဂျင်ကျလာတော့ ဆေးရုံလာရင် ဒီလူတွေအတွက်လည်း စဉ်းစားရသေးတာ။ အောက်ဆီဂျင်က လှုပ်လေပိုကျလေ။ ဒီတော့ ဆေးရုံကို မလာသေးဖို့ ပြောပေးရတာတွေ။ တချို့လူနာရှင်တွေက စေတနာနားမလည်တော့ ပြောတာဆိုတာတွေလဲခံရတာ။ ဒီဒဏ်တွေလဲပါတာပေါ့။

**မေး။ ။ ရောဂါကြောင့်ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေအတွက် စိတ်သက်သာအောင် ဘယ်လို နေထိုင်ခဲ့ရပါသလဲရှင့်။**

**ဖြေ။ ။** ဖြစ်လာပြီဆိုရင် စိတ်ဓာတ်က တော်တော် အရေးကြီးတယ်။ သတ္တိရှိရှိရင်ဆိုင်ရမယ်။ ယောက်ယက်ခတ်ပြီးတော့ စိတ်ဓာတ်တွေ မတည်မငြိမ်နဲ့ ရောဂါကိုရင်ဆိုင်ရင် ကြောက်ကြောက်လန့်လန့်နဲ့ ကိုဗစ်ကိုရင်ဆိုင်ရင် ရောဂါအခြေအနေက ပိုဆိုးတာတွေ့ရတယ်။ ဖြစ်လာရင် စိတ်ဖိစီးမနေနဲ့ သတ္တိရှိရှိရင်ဆိုင်ပါ။

### အဆုတ်ထဲလေရောက်အောင်

ကျွန်တော်ဆို စဖြစ်ကတည်းက တစ်ရက်ကို ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက် အသက်ကို ပြင်းပြင်းရှူတယ်။ မနက် ၆ နာရီ တစ်ခါလုပ်တယ်။ ၈ နာရီလောက် တစ်ခါလုပ်တယ်။ တစ်နေ့လုံး သတိရရင်ရသလို လုပ်ဖြစ်တယ်။အဆုတ်အတွက် လုပ်တာ။ အဆုတ်ထဲထိ လေကိုရောက်အောင် အပြည့် ရှူသွင်းရှူထုတ်လုပ်တယ်။ တစ်ကြိမ် လုပ်ရင် ၁၀ ခါလောက် လုပ်ဖြစ်တယ်။

အသက်ရှူသွင်းရှူထုတ် လုပ်နေရင်းနဲ့ တစ်ခါတည်း တရားပါနှလုံးသွင်းထားလိုက်တယ်။ ဒီအာနာပါနကမ္မဋ္ဌာန်းက လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံး အကျိုးများစေပါတယ်။ အသက်ရှူလေ့ကျင့်တာ ဒါကိုလုပ်ခြင်းအားဖြင့် စိတ်ဓာတ်ခွန်အားတွေတက်လာပြီး ကိုဗစ်ကို တိုက်ဖျက်ရာမှာ အများကြီး အထောက်အကူပေးတယ်။ အသက်ပြင်းပြင်းရှူတာကတော့ အဆုတ်ကို အောက်ဆီဂျင်ဓာတ်ကို ပြည့်ပြည့်ဝဝရစေတယ်။ အဆုတ်ပိုကောင်းလာတယ်။ ကျန်းမာရေးအတွက် အကျိုးရှိ။ ဘာသာရေးအတွက်လဲအကျိုးရှိလို့ လုပ်စေချင်ပါတယ်။

**မေး။ ။ ကိုဗစ်ဖြစ်နေတဲ့ကာလမှာ စားသောက်ပြုမူနေထိုင်ခဲ့ပုံတွေကိုလည်း ရှင်းပြပေးပါ။**

**ဖြေ။ ။** ကျွန်တော်ကတော့ အရင်ကတည်းကလဲ ဆရာဝန်တစ်ယောက် ဖြစ်တဲ့အတွက် ကျွန်တော့်မိသားစုဝင်အားလုံးကို "ဖျားလေစားလေ" ပါပဲ။ ဖျားလေစားလေ အားရှိတာတွေ စားခိုင်းလေပဲ။ အစားအသောက်တွေကလဲ အများစုစားနေတဲ့ အစားအစာတွေပဲ။ အစားအသောက်မှာလဲ သူ့အာဟာရအုပ်စုနဲ့သူဆိုတော့ အာဟာရမျှတအောင်စားတယ်။ ပြည့်စုံအောင်စားတယ်။ ဖျားလေ ပိုစားပေးရမယ်။အစာစားလို့မရတဲ့ တိုက်ဖွိုက်ဆိုတဲ့ ရောဂါလည်း ဖြစ်ပွားမှုအလွန်နည်းသွားပါပြီ။ အရင်က အစားစားရင် ပိုပြီးအန္တရာယ်ရှိတယ်ဆိုတဲ့ ရောဂါတွေနဲ့ ကိုဗစ်က မတူဘူး။အစားအသောက်ကို ညီညွတ်မျှတစွာနဲ့ အာဟာရဓာတ်စုံအောင် စားရမယ်။ အရည်ကိုလဲ များများသောက်ပေးရမယ်။ ကြက်ဥလည်းစားသင့်တယ်။

ရေချိုးတဲ့အခါ ဖြစ်နိုင်ရင် ရေကို အပူအအေး ချိန်ချိုးရမယ်ပေ့ါ။ ရေပူရေအေး ပန့်တွေဘာတွေ မလိုပါဘူး။ ရေနွေးလေးတည်ပြီး သင့်တင့်တဲ့ အပူပမာဏလေးနဲ့ချိုးရမယ်။ အေးလွန်းတာ၊ ပူလွန်းတာတွေနဲ့ မချိုးသင့်ဘူး။

ကျွန်တော်ဆို ကိုဗစ်ဖြစ်နေတဲ့အချိန် ကိုဗစ်စည်းကမ်းချက်တွေ အကုန်လိုက်နာတယ်။ လူနာတွေနဲ့ ထွက်တွေ့လို့မရဘူး။ ၁၀ ရက်လောက်ဆို ရောဂါမကူးနိုင်ဘူးဆိုပေမယ့် တကယ်က ရက် ၂၀ လောက်ထိ နေရတာပေါ့။ တကယ်လို့ သွားစရာရှိပြီဆိုရင်လဲ နေ့ခင်းထက် ညဘက် လူခြေတိတ်ချိန်ကိုရွေးရတယ်။ နှာခေါင်းစည်းကိုလည်း လုံလုံခြုံခြုံ တပ်တယ်။ လူရှင်းတဲ့အချိန်ကိုလဲ လုပ်စရာရှိတာလုပ်တယ်။ မဖြစ်မနေသွားရတဲ့အချိန်တွေဆို အလုံခြုံဆုံးလုပ်တယ်။ သူတို့တွေ ကူးစက်မှာစိုးလို့။ ၁၀ ရက်လောက်ဆို သူများကိုကူးနိုင်ခြေ နည်းသွားပြီဆိုရင်တောင် အကောင်းဆုံးက ၂၀၊ ၂၁ ရက်လောက်က အကောင်းဆုံးပါ။



ဒေါက်တာ ကြည်စိုး

### နှာခေါင်းစည်းမတပ်ဘဲ မနေသင့်

ကိုဗစ်ဖြစ်ပြီးလို့ Antibody ထွက်ပြီဆိုပြီး နှာခေါင်းစည်းမတပ်ဘဲ မနေသင့်ပါဘူး။ တပ်သင့်တာ တပ်ရမယ်။ လက်ဆေးရမယ်။ စည်းကမ်းချက်တွေ အကုန်လိုက်နာရမယ်။ Antibody ရှိနေလဲ ပိုးက ဝင်လာနိုင်ခြေ ရှိနေနိုင်တာပဲ။ လူတစ်ယောက်ရဲ့ ခံနိုင်ရည်အားကလဲမတူဘူး၊ တချို့က သုံးလလောက်၊ တချို့က ခြောက်လလောက်ထိ တချို့ကလဲ ကိုးလလောက်ထိ ခံနိုင်ရည်ရှိတယ်။ Antibody ရဲ့ သဘောသဘာဝက ခန္ဓာကိုယ်အတွက် ကာကွယ်ပေးတာ။ ပိုးကောင်တွေ မဝင်တော့တာမဟုတ်ဘူး၊ ဝင်လာတာကို တိုက်ပေးတာ။ ကိုယ်စကားပြောရင်လဲ သူများကို အကောင်ရေ အများကြီးမဟုတ်တောင်မှ အနည်းငယ် ကူးနိုင်တယ်။ ဒါကြောင့် နှာခေါင်းစည်း တပ်ထားသင့်တယ်။ ကိုယ့်မှာ မကူးနိုင်ရင်တောင် သူတစ်ပါးကို ကူးနိုင်တဲ့အတွက် ကာကွယ်ထားသင့်တယ်။

**မေး။ ။ ဆရာကြီးတို့ မိသားစုတွင်းမှာရော ထူးထူးခြားခြား ဝေဒနာခံစားရတာရှိလား။ ကိုဗစ်ဝေဒနာခံစားရချိန်မှာ ဆရာတို့ ကုသမှုခံယူခဲ့တာတွေနဲ့ ပတ်သက်လို့ ပြောပြပေးပါရှင့်။**

**ဖြေ။ ။** အများကြီးတော့ ထူးထူးခြားခြားမရှိကြဘူး။ သူတို့ကိုတော့ ပဋိဇီဝဆေးတွေ တိုက်တာပေ့ါ။ မူးတာ၊ အန်တာလေးတွေရှိတယ်။ ကျန်တဲ့ ဝေဒနာတော့မရှိဘူး၊ ရက်ရှည် အရသာမတွေ့တာတစ်ခုပဲ။ အနံ့ပျောက်တာတော့ရှိတယ်။ နှစ်ပတ်လောက်အထိခံရတယ်။ နောက်တစ်ခုက မောတာ။ ပြင်းပြင်းထန်ထန်လှုပ်ရှားရင် မောတာ။ မောတာကတော့ တစ်လကျော်လောက်ရှိမယ်။

ဆေးတွေ အများကြီးတော့ မတိုက်သင့်ဘူး၊ မသောက်သင့်ဘူး၊ ဖျားရင် ဆေးက သင့်တင့်သလောက်ပဲတိုက်။ အိမ်ကသမီးဆိုရင် ဖျားတဲ့အချိန်ပဲ တိုက်တယ်။ ကိုဗစ်ဖြစ်လာရင် Antibiotics ဆေးတွေသောက်ရ၊ ထိုးရတဲ့အတွက် အသည်းတွေ၊ ကျောက်ကပ်တွေ စစ်ရတယ်။ ကောင်းမှ ဆက်ထိုးရတယ်။ ဆေးကတော့ လိုအပ်မှ သောက်သင့်တယ်။

စာမျက်နှာ ၁၉ သို့ ❍

**ကိုဗစ်ဖြစ်ပြီးလို့ Antibody ထွက်ပြီဆိုပြီး နှာခေါင်းစည်းမတပ်ဘဲ မနေသင့်ပါဘူး။ တပ်သင့်တာ တပ်ရမယ်။ လက်ဆေးရမယ်။ စည်းကမ်းချက်တွေ အကုန်လိုက်နာရမယ်။ Antibody ရှိနေလဲ ပိုးက ဝင်လာနိုင်ခြေရှိနေနိုင်တာပဲ။ လူတစ်ယောက်ရဲ့ ခံနိုင်ရည်အားကလဲမတူဘူး၊ တချို့က သုံးလလောက်၊ တချို့က ခြောက်လလောက်ထိ၊ တချို့ကလဲ ကိုးလလောက်ထိ ခံနိုင်ရည်ရှိတယ်။ Antibody ရဲ့ သဘောသဘာဝက ခန္ဓာကိုယ်အတွက် ကာကွယ်ပေးတာ။ ပိုးကောင်တွေ မဝင်တော့တာမဟုတ်ဘူး၊ ဝင်လာတာကို တိုက်ပေးတာ။ ကိုယ်စကားပြောရင်လဲ သူများကို အကောင်ရေအများကြီး မဟုတ်တောင်မှ အနည်းငယ်ကူးနိုင်တယ်။ ဒါကြောင့် နှာခေါင်းစည်းတပ်ထားသင့်တယ်။ ကိုယ့်မှာ မကူးနိုင်ရင်တောင် သူတစ်ပါးကို ကူးနိုင်တဲ့အတွက် ကာကွယ်ထားသင့်တယ်**

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၄-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 9 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 10 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www/facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

● **အာရှဖလားမှ**

အာရှဘောလုံးအဖွဲ့ချုပ်ထံ အကြောင်းကြားခဲ့ရာ အိမ်ရှင်နိုင်ငံသစ် ပြန်လည်ရွေးချယ်ခံရခြင်းဖြစ်သည်။ ယင်းအုပ်စုတွင် ပါဝင်သည့် အခြားနိုင်ငံများကလည်း လက်ခံကျင်းပနိုင်ခြင်းမရှိသောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စု(D)ပွဲစဉ်အသစ်ကို ပြန်လည်ထုတ်ပြန်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနှင့် လက်ဘနွန်၊ ယူအေအီးနှင့် ဂူအမ်၊ အောက်တိုဘာ ၂၁ ရက်တွင် လက်ဘနွန်နှင့် ယူအေအီး၊ ဂူအမ်နှင့် မြန်မာ၊ အောက်တိုဘာ ၂၄ ရက်တွင် မြန်မာနှင့် ယူအေအီး၊ လက်ဘနွန်နှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုပွဲများ ကျင်းပမည့်ကာလ ပြောင်းလဲသွားသောကြောင့် ပြင်ဆင်ချိန်ပိုမိုရရှိမည်ဖြစ်ပြီး တစ်လကျော် ထပ်မံပြင်ဆင်ခွင့်ရရှိမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာအသင်းပါဝင်သော အုပ်စု(D)ပွဲစဉ်ကိုသာ အိမ်ရှင်နိုင်ငံ အပြောင်းအလဲကြောင့် နောက်ဆုတ်ခဲ့ခြင်းဖြစ်ပြီး ကျန်အုပ်စုခုနစ်ခုကိုမူ ယခင်သတ်မှတ်ထားသည့်အတိုင်း စက်တင်ဘာ ၁၆ ရက်မှ ၂၉ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံးတစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ကိုညီလေး**

❍ **စာမျက်နှာ ၁၈ မှ**

ဖျားတာ အတော်အနေခက်မှ သင့်တင့်တဲ့ပမာဏသောက်သင့်တာ။ အလွန်မသောက်သင့်ဘူး။ ပါရာစီတမောကလည်း များရင် အသည်းတို့ ကျောက်ကပ်တို့ ထိတယ်။ ဒီလိုပဲအကြံပေးချင်တယ်။

ဒီရောဂါက ကူးစက်လွန်လွယ်တယ်။ ရောဂါကုပေးတဲ့သူကလည်း ရောဂါသည်နားမှာနေလို့မရဘူး၊ အပြောနဲ့ပဲ အဝေးကနေကြည့်ရတာ။ အသက်ရှူနှုန်း၊ အောက်ဆီဂျင်နှုန်း၊ သွေးခုန်နှုန်း ဘယ်လောက်ရှိလဲ ဒါတွေကို အဓိကထားကြည့်ရမေးရတာ။ လူနာကိုစောင့်တဲ့ လူနာစောင့်ကအရေးကြီးတယ်။ အစောင့်ကမိသားစုဝင်ဖြစ်တယ်။ ဆရာဝန်ဖြစ်တယ်။ ကုတတ်၊ လုပ်တတ်သူဆို အဆင်ပြေတယ်။ ဒါမှမဟုတ်လူနာစောင့်က ဗဟုသုတရှိတယ်၊ နားလည်တယ်ဆိုရင် အများကြီး အထောက်အကူပေးတယ်။

**မေး ။ ။ ကိုဗစ်ကူးစက်ခံရတဲ့ မိသားစုတွေရဲ့ စိတ်ခံစားခွန်အားအတွက်ပတ်ဝန်းကျင်ရဲ့နွေးထွေးမှုဘယ်လောက်ထိအရေးပါတယ်ဆိုတာ ဆရာ့ရဲ့အမြင်ကို ပြောပြပေးစေချင်ပါတယ်။**

**ဖြေ ။ ။** ကိုဗစ်ဖြစ်ပြီဆိုတာနဲ့ ပတ်ဝန်းကျင်က ဝိုင်းကြဉ်လိုက်တဲ့ပုံစံမျိုးတွေက မဖြစ်သင့်ဘူး။ ပတ်ဝန်းကျင်ရဲ့ ဖေးမမှုလိုတယ်။ လူသားချင်း ဒီလိုလုပ်ဖို့ မသင့်တော်ဘူး။ ကိုဗစ်ကလူတိုင်းဖြစ်နိုင်တယ်။ ကျွန်တော်တို့ဆရာဝန်တွေဆိုတာ ကူးမယ်မှန်းသိလည်း ကုပေးရတာပဲ။ အပြင်လူတွေ သိချင်မှသိမယ်။ သူများတွေ အလုပ်ပိတ်လည်းမပိတ်ရဘူး၊ ဆရာဝန်၊ သူနာပြု၊ အုပ်ချုပ်သူ၊ ဝန်ထမ်းအကုန်ပိတ်လို့မရဘူး၊ ရပ်ထားလို့မရဘူး၊ လုပ်ရင်းကိုင်ရင်းကို ကိုဗစ်ကူးတာ။ နားတဲ့လူကနားလိုက် ပြန်ဆင်းတဲ့သူက ပြန်ဆင်းလိုက်၊ တစ်ယောက်နဲ့တစ်ယောက်အားပေးရင်း ဒီလိုပဲလုပ်ကြရတာ။

ကိုဗစ်ရောဂါဖြစ်ပွားသူတွေရဲ့ ဘေးပတ်ဝန်းကျင်အိမ်နီးချင်းတွေအနေနဲ့က ရောဂါကူးစက်မှုကင်းဝေးအောင် အကာအကွယ်တွေတော့ယူရမယ်။ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ်စည်းကမ်းအတိုင်းတိတိကျကျနေရမယ်။ အဝေးကနေ ကူညီလို့ရသလောက်ကူညီပေးသင့်တယ်။ သူတို့ကို အပြင်မထွက်ရအောင် လိုအပ်တာလေးတွေ အိမ်ရှေ့မှာ ပို့ပေးထားတာတို့၊ ဘာလုပ်ချင်လဲ ဖုန်းနဲ့မေးတာတို့၊ အားပေးစကားပြောတာတို့ လုပ်ပေးရမယ်။ ဆေးကုတတ်ရင် ကုပေးရမယ်။ ကျွန်တော်ဆို ဖုန်းနဲ့ခုထိ ဖြေပေးနေတုန်းပါ။

ကိုဗစ်ဖြစ်တဲ့သူတွေကလည်း စိတ်ခိုင်ရမယ်။ ရောဂါကိုကြောက်ကြောက်လန့်လန့်နဲ့ တော်တော်ကြီးစိတ်ပူပင်သောကနဲ့ ဝမ်းနည်းစိတ်ပျက်မှုတွေဖြစ်နေမယ်ဆိုရင် ဒီရောဂါက ပိုပြီးဆိုးတယ်။ ယောက်ယက်ခတ်မှုကြောင့် ဟိုထ ဒီသွားနဲ့ လှုပ်ရှားမှုများတာနဲ့ တစ်ခါတလေ အောက်ဆီဂျင်က ကျတော့တာ။ အောက်ဆီဂျင်က လှုပ်လေကျလေပဲ။ သူလုပ်တာတွေက၊ နေတာထိုင်တာတွေက အဆင်မပြေဖြစ်ပြီးတော့ အသက်တွေလဲမရှူနိုင်၊ ပြီးတော့ အောက်ဆီဂျင်နည်းနေတဲ့အချိန်မှာဆို ရောဂါအခြေအနေက ပိုဆိုးလာနိုင်တယ်။

**မေး ။ ။ ကိုဗစ် ၁၉ ရောဂါဖြစ်သွားပြီးတဲ့သူတွေ ကိုဗစ်ကာကွယ်ဆေးကို ဘယ်လိုအချိန်မှာထိုးလို့ရလဲ။**

**ဖြေ ။ ။** ရောဂါလက္ခဏာတွေ ကောင်းကောင်းပျောက်သွားရင် ကာကွယ်ဆေးကထိုးလို့ရတယ်။ ဒါပေမဲ့ ကာကွယ်ဆေးထိုးပေးမယ့် သက်ဆိုင်ရာ ကျွမ်းကျင် ဆေးပညာရှင်တွေနဲ့ မေးမြန်းတိုင်ပင်ပြီး ထိုးသင့်တယ်။ ကျွန်တော်တို့ ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားတာတောင် ရောဂါဖြစ်တာဆိုတော့ မထိုးရသေးရင် ထိုးတာအကောင်းဆုံးပါ။ နိုင်ငံတစ်ဝန်းတော့ ထိုးပေးနေတယ်။ အကုန်လုံးမလွှမ်းခြုံနိုင်သေးတဲ့အတွက် တတ်နိုင်ရင် အပြင်မှာ ပုဂ္ဂလိကဆေးရုံတွေမှာ၊ ဆေးထိုးလို့ရတဲ့နေရာတွေမှာ ထိုးထားရင်တော့ကောင်းတာပေါ့။

**မေး ။ ။ ဖြည့်စွက်ပြောကြားချင်တာများရှိရင် ပြောကြားပေးပါ။**

**ဖြေ။ ။** ကိုဗစ်က ဖြစ်လာပြီဆိုတာနဲ့ ကိုဗစ်ရဲ့ နောက်ဆက်တွဲသွေးခဲပြီး အဆုတ်တွေမှာပိတ်ပြီး အန္တရာယ်ရှိတယ်။ တချို့ဆိုကောင်းသွားပြီဆိုပြီး ထသွား ထလာလုပ်ပြီး ပြန်အိပ်လိုက်တဲ့ အချိန်တွင်းမှာပဲ ခဏအတွင်း အသက်ဆုံးရှုံးသွားတာတွေ ကိုယ့်မျက်စိရှေ့တင် မြင်ရတာ။ သွေးခဲတဲ့ ပြဿနာက ကိုဗစ်ရဲ့နောက်ဆက်တွဲမှာ အဆိုးဆုံးဖြစ်တာပဲ။ ဒါ့ကြောင့် သွေးကျဲဆေးတွေ ထိုးကြရတာ။ သွေးစစ်ရတာ ငွေကြေးကုန်ကျမှုတော့များတယ်။ ဆရာဝန်ရဲ့ကုသမှုတော့မဖြစ်မနေလုပ်ကြရတာပဲ။

ကာကွယ်ဆေးထိုးဖို့ကိုတော့ ထိုးဖြစ်အောင်ထိုးပါ။ ကျွန်တော့်အမျိုးထဲမှာလည်းရှိတယ်။ ကာကွယ်ဆေးသွားမထိုးဘူး၊ စောင့်ရတဲ့လူအုပ်ကြီးများလို့ စိတ်မရှည်တာနဲ့၊ နောက်တစ်ခုက ရှိနေတဲ့ ရောဂါတွေနဲ့တည့်ပါ့မလား၊ ကာကွယ်ဆေးထိုးလို့ တစ်ခုခုဖြစ်သွားမလားဆိုပြီး တွေးကြောက်နေကြတယ်။ လုံးဝမကြောက်ပါနဲ့ ကာကွယ်ဆေးကို ထိုးဖြစ်အောင်ထိုးပါ။ ကာကွယ်ဆေးထိုးပြီးရင် ကိုဗစ်မဖြစ်အောင် မလုပ်နိုင်ရင်တောင် သေဆုံးတဲ့အထိတော့ မဖြစ်နိုင်တော့ဘူး။ ကာကွယ်ဆေးထိုးရင်းနဲ့ပဲ ရောဂါဒဏ်ကနေ ခံနိုင်အောင်လုပ်ကြရမှာ။

ကိုဗစ်ကာကွယ်ဆေးထိုးထားတဲ့အတွက် ကျွန်တော်တို့မှာ နောက်ဆက်တွဲ ဝေဒနာဆိုးဆိုးရွားရွားမရှိပါဘူး၊ ကျွန်တော်ဆို ၆၀ နားကပ်နေပြီ။ အမျိုးသမီးလည်း ၅၅ ရှိနေပြီ။ ဒီ တတိယလှိုင်းမှာ ၃၀ ကျော် ၄၀ နားတွေထိကို တော်တော်များများ ဆုံးရှုံးသွားတာတွေရှိတယ်။ မပေါ့ကြပါနဲ့လို့ ပြောချင်ပါတယ်။

■



## ဝတ္ထုတို

**သိုက်(ရွှေကူ)**




(၁)

အင်းနံဘေးမေးတင်၍ တည်ရှိနေသော ရပ်ကွက်လေးတစ်ခု။

တည်ဆောက်ထားသော အိမ်တိုင်းသည် ခြေတံရှည်အိမ်များဖြစ်ကြသည်။ ဝါဆို၊ ဝါခေါင်ကဲ့သို့သော လမျိုးတွင် မြစ်ရေလျှံ၍ ချောင်းကြိုမြောင်းကြားမှတစ်ဆင့် အင်းထဲသို့ မြစ်ရေများ ဝင်ရောက်လာသည်။ နွေရာသီအချိန်တွင် ရေများခန်းခြောက်နေ၏။

အိမ်နောက်ဘက်တွင် ရေကန်စွန်းပင်များ ပေါက်ရောက်နေသည်။ အင်းနှင့် မလှမ်းမကမ်းတွင် သင်္ချိုင်းရှိပြီး မိုးရာသီဆိုပါက မိုးပုစဉ်းသံများနှင့် ဆူညံလျက်ရှိပေသည်။ ထိုနေရာအား မည်ကဲ့သို့သော လူမျိုးများ လာရောက်စခန်းချကြမည်နည်း။

လူ့ဘဝသက်တမ်းကုန်ဆုံး၍ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆိုင်ရာဆိုင်ရာ ဆွေမျိုးအသိုင်းအဝိုင်းများက ကျင်းတူး၍ မြေကြီးထဲသို့သော် လည်းကောင်း၊ အုတ်ဂူများ တည်ဆောက်၍သော် လည်းကောင်း လာရောက်၍ ထားသွားကြပေသည်။ သုသာန်သင်္ချိုင်းဟူသောနေရာအား မသွားသင့်သော၊ မနေထိုင်သင့်သောနေရာဟု သတ်မှတ်ထားကြသော်လည်း ထိုနေရာအား အခွင့်ကောင်းယူ၍ လုပ်စားနေကြသူများမှာကား...။

(၂)

ကားလမ်းနံဘေး လူသူပြတ်သောနေရာများတွင် မူးယစ်၏သားကောင်များ ကျင်လည်ကျက်စားကြသည်။ လမ်းတစ်လျှောက် ဆေးထိုးအပ်တန်းလန်းနှင့် မြင်မကောင်းအောင် ဖြစ်ကြရပေပြီ။

ထိုကဲ့သို့သောနေရာများမှ လွင့်စဉ်၍ ပို၍ တိတ်ဆိတ်ငြိမ်သက်လှသော သုသာန်သင်္ချိုင်းသို့ ရောက်လာကြရသည်။ ထိုအထဲ အင်းနံဘေးတည်ရှိနေသော နေရာသည်လည်း တစ်ခုအပါအဝင်။

"ဟယ်လို...ယုဝေ၊ နှင်းဆီနှစ်ပွင့်လောက်"

တစ်ဖက်လူ၏ အမှာတက်ချိန်တွင် အိပ်ခန်းထဲသို့ ယုဝေဝင်သွားပြီး ရပ်ကွက်အခေါ် ရာမ တစ်နည်း စိတ်ကြွဆေးပြားနှစ်ပြားအား စက္ကူနှင့်ထုပ်၍ ရင်အုံကြားသို့ ထည့်လိုက်သည်။

ဝယ်သူစောင့်နေသည့်နေရာမှာ သင်္ချိုင်းရှေ့ တံတားပေါ်။ ဘေးဘီဝဲယာကြည့်၍ တံတားဘက်သို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

သူတို့၏ဈေးကွက်သည် အကြောင်းမသိသူများအဖို့ ရိပ်မိနိုင်ဖွယ်အကြောင်းမရှိပေ။ အိမ်နီးနားချင်း အကြောင်းသိသူများကသာ ယုဝေ အပြင်သို့ ထွက်တိုင်း အရောင်းအဝယ်ကိစ္စပဲဆိုတာကို သိကြ၏။

အမှာတင်စဉ်က ပြောခဲ့သော နှင်းဆီပွင့်ဟူသည်မှာလည်း သူတို့၏ လျှို့ဝှက်အသုံး။

ရပ်ကွက်ထဲရှိ လူတချို့သည် ဤကဲ့သို့သော နည်းဖြင့် စီးပွားရှာနေကြသည်။ တချို့က သုံးစွဲသူအဆင့်။ တချို့က ဖြန့်ဖြူးသူအဆင့်။

ယုဝေလာပေးသည့် အထုပ်အားယူ၍ သင်္ချိုင်းထဲသို့ဝင်သွားသည်။ အုတ်ဂူကြိုအုတ်ဂူကြား ရေသန့်ဘူးခွံများ၊ ခဲပြားများ၊ ပိုက်လုံးများဖြင့် ပြည့်နှက်နေလေ၏။ ယုဝေဆီမှ ဝယ်ယူ၍လာခဲ့သော မောင်ပုတစ်ယောက် အုတ်ဂူဘေးတစ်နေရာသို့ ဝင်ထိုင်လိုက်သည်။

သုံးစွဲသူများခံယူထားသောအချက်မှာ ဆေးသုံးထားပါက သူများထက်ပို၍ အလုပ်ပြီးမြောက်သည်ဟူသော အချက်ပင်။ သာမန်လူ သုံးနာရီ အလုပ်လုပ်နိုင်ပါက ဆေးသုံးထားသူသည် ငါးနာရီခန့် လုပ်နိုင်ပေသည်။ ဆေးအရှိန်ကျသွားပါက ကိုယ်ခံအား သိသိသာသာ ကျဆင်းသွားတတ်သည်။

(၃)

ရောင်းသူကရောင်း သုံးသူကသုံးနှင့် ရပ်ကွက်ကြီးသည် နာမည်ပျက်နေချေပြီ။ အင်းဖေါင်နားက ရပ်ကွက်ဟုပြောလိုက်သည်နှင့် " စရိုက်ဆန်သည်၊ မကောင်းတာလုပ်စားသည်၊ ဗရုတ်ကျသည်" ကဲ့သို့သောမှတ်ချက်မျိုးကို ပေးတတ်သည်။

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်ရလေအောင် သက်ဆိုင်ရာသို့ သတင်းပေးလိုက်ကြသည်။ ရပ်ကွက်ထဲသို့ အရပ်ဝတ်နှင့် ဆိုင်ကယ်ငါးစီးမောင်းဝင်လာသည်။ ထို့နောက် အိမ်ထဲသို့ ဝင်သွားသည်။ အိမ်နီးနားချင်းဟူသည် မကောင်းတတ်၍ သတင်းပေးလိုက်ရသော်လည်း ငယ်စဉ်ကတည်းက တွေ့ဆုံခင်မင်ခဲ့ဖူးသည့် သံယောဇဉ်ကြောင့် သနားစိတ်ဝင်ကြရပေသည်။

အချိန်တော်တော်ကြာ ရှာဖွေပြီးမှ ပြန်ထွက်လာခဲ့သည်။ အိမ်ထောင်ဦးစီးအား လက်ထိပ်ခတ်၍ ခေါ်ဆောင်သွားကြပေပြီ။ နာမည်အထွက်ဆုံးအိမ်အား အရင်ဆုံး ဝင်ရောက်ရှာဖွေခဲ့ခြင်းဖြစ်သည်။

အရှာမခံရသေးသော သူတချို့ မကောင်းမှုဒုစရိုက်အလုပ်အား စွန့်ခွာနေကြသော်လည်း မကြောက်မရွံ့ဆက်လက်၍ လုပ်ကိုင်နေသူများလည်း ရှိနေပေသေးသည်။

(၄)

"ယုဝေ...မင်း အဲဒီအလုပ်ကို စွန့်လိုက်ပါတော့ကွာ...ငါတို့တွေတခြားအလုပ် ရှာကြရအောင်ပါ"

"ကိုလူမောင်...ဒီအလုပ်လောက် အဆင်ပြေတာဘာများရှိသေးလို့တုန်း...တောင်ပေါ်က လာပို့တာလေးကို ဈေးလေးတစ်ပဲခြောက်ပြားနဲ့ပေး...မြို့ထဲရောက်တော့ ရွှေတွေဖြစ်လာတာမဟုတ်လား"

"ဟုတ်တာတော့ဟုတ်ပါတယ်ကွာ၊ ဒီရပ်ကွက်ထဲ ငါတို့အိမ်သတင်းပေါက်နေပြီ...တော်ကြာ လာရှာမှဖြင့်..."

"အို ရှင်ကလည်း ကြောက်တတ်ရန်ကော၊ ပစ္စည်းတွေကို ကျွန်မ သေချာသိမ်းထားပါတယ်...သတင်းရလို့လာရှာတယ်ပဲထား... ပစ္စည်း လက်ဝယ်မိမှမို့လား"

"ရှင့်ပြောနေရတာနဲ့ အချိန်တော်တော်ကုန်နေပြီ၊ အဝေးပြေးလမ်းကိုသွား ဟိုမှာ ပစ္စည်းလာပို့တဲ့သူရောက်နေပြီ...ရော့ ဒီမှာ ပိုက်ဆံ...သွားယူတော့ ပစ္စည်းက ပြတ်နေပြီ"

မိန်းမစကားမလွန်ဆန်နိုင်၍ ဆိုင်ကယ်ထုတ်ကာ အဝေးပြေးလမ်းမသို့ ထွက်လာခဲ့သည်။

"မမဝေ...ကျုပ်သင်္ချိုင်းနားရောက်နေပြီ၊ နှင်းဆီဆယ်ပွင့်လောက်လာပို့ပေးပါဦး"

ရေချိုးရန်ပြင်နေသည်ဖြစ်၍ လသာထံသို့ ကိုယ်တိုင်သွားရန် အဆင်မပြေတော့ချေ။

"သမီးလေး...လာဦး မေမေပြောမယ်...ဟောဟိုနားက ဦးဦးကို ဒီဟာလေးသွားပေးလိုက်နော်...ရော့ ပြန်လာတော့ မုန့်စားဟုတ်ပြီလား"

မိခင်ဖြစ်သူ၏ စေခိုင်းမှုနှင့် ၁၃ နှစ်အရွယ် သမီးပျိုတစ်ဦး အမေပေးခဲ့သည့် ပစ္စည်းအား ကျစ်ကျစ်ပါအောင်ကိုင်၍ ထွက်လာခဲ့သည်။

"သမီးလေး ဦးဦးကို ရေသန့်ဘူးသွားဝယ်ပေးဦးနော်...မုန့်ဖိုးတစ်ထောင်ပေးမယ်"

လသာ၏ မုန့်ဖိုးဟူသောအရာနှင့် စေခိုင်းမှုကြောင့် ရေသန့်ဘူးဝယ်ပေးရန် လက်ခံပြီး ဈေးဆိုင်ရှိရာသို့ ထွက်လာခဲ့သည်။

(၅)

"ယုဝေ ယုဝေ"

အိမ်ရှေ့မှ တရစပ်ခေါ်နေသောကြောင့် အဝတ်အစားလဲနေရင်း အိမ်အပြန်သို့ ယုဝေ ထွက်လာလိုက်သည်။

"နင့်လင် ကိုလူမောင်ကြီး အဖမ်းခံရလို့တဲ့"

"ရှင်"

ယူစရာရှိသည်များကိုယူ၍ ရဲစခန်းသို့ လိုက်လာခဲ့သည်။ ပစ္စည်းယူအပြီး မြို့ထဲသို့အပြန် သတင်းရ၍ လမ်းမှာစစ်ဆေးခံရပြီး အဖမ်းခံလိုက်ရသည်။ ရဲစခန်းသို့အဝင် ကုက္ကိုပင်အောက် လက်ထိတ်တန်းလန်းနှင့် လူမောင်ကို ယုဝေ မြင်သွားပေပြီ။

"ကိုလူမောင် ...ဖြစ်မှဖြစ်ရလေ ကိုလူမောင်ရယ် ဖြစ်မှဖြစ်ရလေ...ရှင်တားကတည်းက ကျွန်မရပ်ခဲ့ဖို့ ကောင်းတယ်...ခုတော့"

"ယုဝေ အခုမှ စိတ်မကောင်းဖြစ်မနေနဲ့၊ တို့ကြောင့် သူများမိသားစုတွေ ဘယ်လောက်ထိ စိတ်ဆင်းရဲခဲ့မလဲဆိုတာ မင်းစဉ်းစားကြည့်...ငါတို့ မကောင်းမှုအတွက် ငါပြန်ပေးဆပ်ရမှာပေါ့...အရင်က ထောင်နှုတ်ခမ်းဝနားက လူမောင်... ခုတော့ ထောင်ပေါက်ဝတည့်တည့်ကို ရောက်လာပြီ...မင်း လုပ်ရပ်တွေကိုလည်း ရပ်တန်းကရပ်ပေါ့...ဖြစ်လာမှတော့ ဘာတတ်နိုင်မလဲ..."

ရင်ကွဲမတတ်ခံစားနေရချိန် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ယုဝေ ရင်ထဲထိတ်သွားသည်။

"ဟင် ကိုလသာ လက်ထဲမှာလည်း လက်ထိတ်နဲ့"

စိတ်ထဲမှရေရွတ်၍ ကိုလသာဆီသို့ အကြည့်ရောက်သွားသည်။ ယုဝေ၏အကြည့်အား ခံနိုင်စွမ်းမရှိ၍ ဆန့်ကျင်ရာဘက်သို့ လှည့်သွားသည်။

(၆)

ငိုထားသည့်အရှိန်ကြောင့် ယုဝေ၏ ပါးနှစ်ဖက်မို့မောက်နေချေပြီ။ နေထိုင်ရာအိမ်ရှိရာ လမ်းကြားသို့ ကွေ့လိုက်သည်နှင့် သူမအံ့သြသွားသည်။

ယုဝေတို့အိမ်ရှေ့တွင် လူကြီးလူငယ်စုံလင်စွာ ရောက်ရှိနေသည်ကို အဝေးမှ လှမ်းမြင်နေရသည်။ အိမ်ရှေ့ရောက်ချိန်တွင် သူမအား ကရုဏာမျက်ဝန်းများဖြင့် ဝိုင်း၍ကြည့်ကြသည်။

ယုဝေ၏ စိတ်ထဲမှာက ယောကျ်ားဖြစ်သူ အဖမ်းခံရ၍ စိတ်မကောင်းဖြစ်ကြသည်ဟုသာ ထင်နေ၏။ အိမ်ပေါ်ရောက်ရောက်ချင်း မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားသည်။

"အမေ...ညီမလေးဆုံးပြီ"

သားဖြစ်သူ၏အပြောကြောင့် ယုဝေတစ်ယောက် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ အိမ်နီးနားချင်းများ၏ ပြုစုယုယမှုကြောင့် ယုဝေ သတိပြန်ရလာသည်။ ရပ်ကွက်ထဲ လေးစားအားကျရသော ဦးသာလှက ဖြစ်ကြောင်းကုန်စင်ပြောပြသည်။

"သမီး ယုဝေ သမီး စိတ်ကိုခိုင်ခိုင်ထားနော်... ရဲစခန်းလိုက်သွားပြီး မကြာခင် လသာဆိုတဲ့သူ မြေးမလေးကို ...."

"တော်ပါတော့ရှင် တော်ပါတော့၊ ဆက်မပြောကြပါနဲ့တော့၊ ကျွန်မမှာ ကြားနိုင်စွမ်းမရှိတော့ပါဘူး၊ မပြောကြပါနဲ့တော့နော်"

ပြောချင်ရာပြော၍ သူသိပ်ချစ်လှသော သမီးလေးကိုသာ စိုက်ကြည့်နေလေသည်။ ရင်ထဲမထားဘဲ ငိုချလိုက်ရန် တိုက်တွန်းကြသော်လည်း မျက်ရည်တစ်စက်မှ ကျမလာတော့ပေ။ ခင်ပွန်းဖြစ်သူအတွက်သာ မျက်ရည်စက်များရှိခဲ့လေသလား။ သမီးဖြစ်သူအတွက် ငိုကြွေးပေးသင့်သော်လည်း ပကတိငြိမ်သက်တိတ်ဆိတ်နေ၏။ ပြောလာသည့်စကားများမှာလည်း တောင်စဉ်ရေမရ။

"သားသား နှင့်ညီမလေးကို မေမေ မုန့်ကျွေးမယ် ပြောထားတယ်... မုန့်သွားဝယ် ရော့ မုန့်သွားဝယ် ...အမြန်သွားနော် အမြန်သွား..." မေမေ သမီး တစ်ယောက်ထဲ သင်္ချိုင်းမှာကြောက်တယ် ...မေမေလာပါ...မေမေလာပါ" ကျွန်မကို သမီးလေးခေါ်နေတယ်၊ သူကြောက်တယ်တဲ့၊ သူကြောက်တယ် အမြန်လာပါတဲ့၊ ကျွန်မသွားရမယ် ကျွန်မသွားရမယ်"

ယုဝေတစ်ယောက် သင်္ချိုင်းရှိရာဘက်သို့ ပြေးဆင်းသွားသည်။ အိမ်ပေါက်ဝတွင်ရှိနေသော သူများက အချိန်မီလိုက်သောကြောင့် ထွက်ပြေးရန် အခွင့်မသာတော့ချေ။

"ကျွန်မကိုလွှတ် ကျွန်မကိုလွှတ်၊ သမီးလေး ခေါ်နေတယ်၊ အမြန်လာခဲ့ပါတဲ့။ အခု သမီးလေး တစ်ယောက်ထဲ၊ သမီးလေးရေ သမီးလေး မေမေလာခဲ့မယ်နော် မေမေလာခဲ့မယ် ဟုတ်ပြီလား၊ ခဏတော့ စောင့် ခဏလေးပဲစောင့်"

"မေမေ စိတ်ကိုထိန်းပါဦး မေမေရာ...ညီမလေးက သေသွားပြီလေ"

"မသေဘူး မသေဘူး သမီးမသေဘူး"

သတင်းလာမေးကြသူများသည်လည်း ယုဝေ၏ အဖြစ်ကို မြင်၍ မျက်ရည်တွဲလွဲခိုနေပေပြီ။ သူတို့ ထင်ရာအချက်များကိုလည်း တစ်ယောက်တစ်ပေါက် ပြောနေကြပေသည်။

"သူတို့မိသားစုကလည်း သူများတွေကို ဘယ်လောက်ထိတောင် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်အောင် လုပ်ခဲ့ကြတယ်မသိ"

"လင်ကထောင်ကျ သမီးကဆုံး၊ ငါသာ ယုဝေ နေရာဆို ရူးများရူးသွားလေမလားပေါ့"

"ကံ ကံ၏ အကျိုးပေါ့"

**"ယုဝေ အခုမှ စိတ်မကောင်းဖြစ်မနေနဲ့၊ တို့ကြောင့် သူများမိသားစုတွေ ဘယ်လောက်ထိ စိတ်ဆင်းရဲခဲ့မလဲဆိုတာ မင်းစဉ်းစားကြည့်...ငါတို့ မကောင်းမှုအတွက် ငါပြန်ပေးဆပ်ရမှာပေါ့...အရင်က ထောင်နှုတ်ခမ်းဝနားက လူမောင်... ခုတော့ ထောင်ပေါက်ဝတည့်တည့်ကို ရောက်လာပြီ... မင်း လုပ်ရပ်တွေကိုလည်း ရပ်တန်းကရပ်ပေါ့...ဖြစ်လာမှတော့ ဘာတတ်နိုင်မလဲ..."**

## လမြတ်တော်သလင်း

❖ တော်သလင်းလ ကန်ရာသီ
မစဲမိုးရွာပြီ။
'သစ်ဆင်း' ခေါ်မည် ရေးခါက
သစ်ဝါးဖောင်မျှောကြ။

❖ ရင်းမာပန်းလှ ဖူးပွင့်ရာ
တော်ဝင်ပန်းမာလာ။
မြိုင်ဟေဝန်မှာ ရနံ့ထူး
ဘုရားပန်းတွေခူး။

❖ မြစ်ရေပြန့်ပြူး ညီညာစွာ
လှေပြိုင်ပွဲတော်ခါ။
ခြိမ့်ခြိမ့်သဲကာ ကျင်းပမြဲ
နှစ်စဉ်ရိုးရာပွဲ။

❖ ခါးမှာဝတ်မြဲ ပုဆိုးပမာ
သီလစောင့်ထိန်းကာ။
ကုရုတိုင်းမှာ ကျင့်ကြံကြ
ငါးပါးမြတ်သီလ။

❖ ရှင်တော်ဗုဒ္ဓ တရားညီ
စောင့်ထိန်းပဥ္စသီ
လပြည့်ခါမီ ဂရုမမှု
ဟောဖော်ထုတ်ကာပြ။ ။

ရွှေတိုး-ထုံးဘို

## လဲနေသူ ထူပေးပါ

အတ္တကို ရှေ့တန်းထားလို့
လမ်းအမှား ဖယ်ရှောင်ခွာ။
အဖြူရောင် မေတ္တာလွှမ်းမှ
ငြိမ်းချမ်းသာယာ။
ပရဟိတ စိတ်ထားကာ
လောကကမ္ဘာ သာယာရေး။
စေတနာ ရင်ခွင်မျိုးက
မြတ်နိုးဖွယ်လေး။ ။

လဲနေသူ ထူကာပေးတော့
အကြောင်းမဝေး အကျိုးဝေ။
အပြန်အလှန် နားလည်မှုကိုလ
ရှေးရှုစို့လေ။
လူပီသတဲ့ လူသားတွေ
စိတ်သန္ဓေ ဖြူသန့်ရှင်း။
ပြဟ္မစိုရ် မြတ်လေးပါးဖြင့်
စွမ်းအားကိုရင်း။ ။

ခင်မြင့်မြတ်(ဘုတလင်)

ဆောင်းပါး

# ဘဝကို မဖျက်ဆီးကြပါနဲ့

သန့်ဇင်ဦး(တောင်တွင်း)

စိတ်ကို အလိုလိုက်တဲ့သူတွေဟာ အမှားတွေနဲ့ပဲ ကြုံတွေ့ရတတ်ပါတယ်။ ဘယ်အရာကိုမဆို ပေါ့ပေါ့တန်တန်တွေးပြီး ပြီးစလွယ်လုပ်လိုက်ရင် ပျက်စီးတတ်တယ်။ စဉ်းစားချင့်ချိန်မှု မရှိကြပါဘူး။ ဒီလိုတွေလုပ်တော့ ကိုယ့်ဘဝအတွက် ဆုံးရှုံးနစ်နာမှုတွေ၊ နောင်တတွေပဲ ရရှိလာပါမယ်။ ကိုယ့်စိတ်ကို ကိုယ်တိုင်ထိန်းချုပ်နိုင်တဲ့ အသိဉာဏ်ပညာရှိရမယ်။ ကိုယ့်စိတ်ကို အခြားသူက မပိုင်ပါဘူး။ ဘယ်လိုသွေးဆောင်ဖြားယောင်းယောင်း ကိုယ်ကလက်မခံရင် ဘာမှမဖြစ်ပါဘူး။ ဘယ်သူ့ကြောင့် ပျက်စီးရတယ်၊ ဘယ်ဝါကြောင့် ပျက်စီးရတယ်နဲ့ ကိုယ်မကောင်းကာမှ သူများကို အပြစ်မမြင်ပါနဲ့။ သူများတွေ ဘယ်လိုဖျက်ဆီးဆီး ကိုယ်ကမလိုက်လျောရင် ပျက်စီးစရာအကြောင်းမရှိပါဘူး။ အပေါင်းအသင်းဆိုတာလည်း ယုံလို့မရတာ အများကြီး။

ကျွန်တော်အထက်တန်းကျောင်းသားဘဝကဆို အပေါင်းအသင်း၊ သူငယ်ချင်းတွေက ရေလိုမှုိလိုပေါ လို့။ ဒီလောက်များနေတဲ့အထဲ စရိုက်တွေကလည်း စုံလို့ပေါ့။ မကောင်းတာရော၊ ကောင်းတာရော။ ဆေးလိပ်သောက်တဲ့ သူငယ်ချင်းတစ်ယောက်က ဆေးလိပ်အကြောင်း အမျိုးမျိုးကောင်းကြောင်းတွေ မကုန်နိုင်၊ မခန်းနိုင်အောင်ပြောပြီး ဆေးလိပ်သောက်ဖို့ မြူဆွယ်တယ်။ ဒါပေမဲ့ ကျွန်တော်မသောက်ပါဘူး။ ကျောင်းစည်းကမ်းဆိုတာထက် ကိုယ့်ကိုယ်ကိုယ် စည်းကမ်းနဲ့နေလိုက်တယ်။ တစ်စတစ်စနဲ့ တစ်ဘဝလုံးကို ပျက်သုဉ်းရမယ့် မကောင်းတဲ့အလုပ်မဟုတ်လား။ ကိုယ်သောက်တော့ ဘေးလူတွေအတွက်လည်း အနံ့အသက်ဆိုးတွေနဲ့။ ရှက်ရွံ့စရာကောင်းတဲ့၊ ရုပ်ဆိုးအကျည်းတန်လှတဲ့ ပုံစံအဖြစ်မခံနိုင်ပါဘူး။ ဒီနေရာမှာ ကျွန်တော့်စိတ်ကို အလိုလိုက်ရင် ပျက်စီးတဲ့သူ ဖြစ်သွားမှာပေါ့။ သူတို့ဖျက်ဆီးလည်း ကိုယ်ကဖျက်ဆီးမခံရင် ပျက်စီးစရာအကြောင်းမရှိပါဘူး။

ဖားကန့်ကို အလုပ်သွားလုပ်တော့ ပျက်စီးချင်စရာတွေက မနည်းမနော တွေ့ရတယ်။ အသက်ကလေးကလည်း ဆယ်ကျော်သက်ပဲ ရှိသေးတယ်။ လူငယ်တွေက လက်တည့်စမ်းချင်တတ်ကြတယ်။ လက်တည့်စမ်းတဲ့နေရာမှာ ကောင်းသောပစ်မှတ်၊ ဆိုးသောပစ်မှတ်လို့ ပစ်မှတ်နှစ်ခုရှိတယ်။ ဒီပစ်မှတ်နှစ်ခုကို ဘယ်ပစ်မှတ်ပစ်ရမလဲလို့ အခြားသူကို မေးစရာမလိုပါဘူး။ ကိုယ့်ဘဝနဲ့ပဲဆိုင်တော့ ကိုယ့်စိတ်၊ ကိုယ်သဘောနဲ့ ပစ်လို့ရတယ်။ စိတ်ကို တည်ငြိမ်မှုရှိအောင်မကြိုးစားဘဲ အပြီးစလွယ်ပစ်လိုက်ရင် ကောင်းတဲ့ပစ်မှတ်ကို ထိမှန်မှာမဟုတ်ပါဘူး။ စိတ်ကို တည်ငြိမ်အောင်ထားပြီး သေချာချိန်ပစ်မှ ကောင်းတဲ့ ပစ်မှတ်ကို ထိမှန်မှာမဟုတ်လား။ သေချာလည်းမချိန်၊ ဖြစ်ချင်ရာဖြစ်ပါစေလို့ဆိုပြီး ပစ်လိုက်ရင်တော့ ဆိုးတဲ့ ပစ်မှတ်ကိုပဲ မှန်မှာပေါ့။

ဘယ်လောက်ပဲ ခင်မင်ရင်းနှီးပါစေ ကိုယ့်ဘဝကိုပျက်စီးရာ၊ ပျက်စီးကြောင်း လမ်းညွှန်ပေးတဲ့ သူငယ်ချင်းမျိုးကို မပေါင်းသင်းသင့်ပါဘူး။ ခပ်ခွာခွာပဲ နေဖို့ကောင်းပါတယ်။ အားနာတဲ့စိတ်၊ ချစ်တဲ့စိတ်ကြောင့် အဖျက်ဆီးခံရတဲ့ဘဝကို ရောက်သွားတတ်ပါတယ်။ သိသိကြီးနဲ့ကို အဖျက်ဆီးမခံမှ ပျက်စီးတဲ့သူတစ်ယောက်အဖြစ် သူများအထင်သေး မခံရမှာဖြစ်ပါတယ်။

စဉ်းစားချင့်ချိန်တတ်ဖို့ စာတွေများများဖတ်ဖို့ လိုပါတယ်။ စာများများဖတ်မှ အသိဉာဏ်တွေရှိမယ်၊ အကောင်းအဆိုးတွေကို ချင့်ချိန်နိုင်မှာဖြစ်ပါတယ်။ အပေါင်းအသင်းကိုလည်း ကောင်းတဲ့သူ၊ ဆိုးတဲ့သူကို သေချာစစ်ဆေးပြီးမှ ပေါင်းသင်းရမယ်။ ဒါဆိုရင် အဖျက်ဆီးခံရတော့မှာ မဟုတ်ပါဘူး။ ကိုယ့်စိတ်ကို ချုပ်ထိန်းနိုင်တဲ့သူဟာလည်း စာတွေပဲဖြစ်ပါတယ်။ ဗဟုသုတတွေ နှလုံးသားမှာ ပြည့်ဝလာရင် ပျက်စီးတတ်တဲ့ လုပ်ရပ်တွေကို ရှောင်ကြဉ်လာနိုင်မှာပါ။ စာတွေဖတ်တာက ကိုယ့်ဘဝကို ဖျက်ဆီးရာမရောက်ဘဲ အမြင့်ကို ထိုးတက်တာနဲ့ တူပါတယ်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"တဲ့။ တကယ်ကို ပေါင်းသင်းထိုက်တဲ့သူပါ။

ပျက်စီးနေတဲ့သူတွေကို ကြည့်ပြီးလည်း ကိုယ့်ဘဝကို မပျက်စီးအောင် ဥပမာယူလို့ရပါတယ်။ ကိုယ်နေတဲ့ ပတ်ဝန်းကျင်မှာ ပျက်စီးတဲ့သူတစ်ယောက်တော့ အနည်းဆုံးရှိပါတယ်။ သူတို့တွေ ဘာကြောင့် ပျက်စီးတာလဲဆိုရင် စိတ်ကိုအလိုလိုက်တာကြောင့်ပဲဖြစ်မယ်။ အခြားဆင်ခြေတွေပေးတတ်ကြသူတွေလည်း ရှိမှာပါ။ ဘယ်လိုကွေ့ဝိုက်ပြောပြော အဓိကကတော့ စိတ်ပဲဖြစ်ပါတယ်။ စိတ်ကိုတည်ငြိမ်အောင်မထားနိုင်တဲ့သူတွေက ပျက်စီးကြတဲ့သူတွေပါပဲ။

တချို့က မကောင်းမှုလုပ်တဲ့နေရာမှာ တစ်ခါတလေ၊ အပျင်းပြေ၊ စိတ်ညစ်လို့၊ ပျော်လို့ စသည်ဖြင့် အမျိုးမျိုးပြောတယ်။ ဒီလိုတွေ များများလာတော့ နေ့တိုင်းကို မှားချင်နေကြတာ။ စွဲလမ်းတပ်မက်လာကြတယ်။ မလုပ်ရမနေနိုင်တဲ့အထိပေါ့။ ပျက်စီးစေတဲ့အရာကို ကစားလို့မရပါဘူး။ သူ့ကို ကိုယ်က ကစားလိုက်ရင် နွံထဲဆင်းမိတဲ့ ခြေထောက်လိုပဲ လူ့ပ်လေကျွံလေ ဖြစ်လာတတ်တယ်။ အပျော်တွေကို လိုက်စားပါများရင် အပျက်ဖြစ်သွားတတ်တယ်။ ဒီလိုဆိုရင် သူများက ဖျက်ဆီးတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေတာပါပဲ။ ပျက်စီးသွားတဲ့သူတစ်ယောက်ဟာ လူကောင်းပြန်ဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ လူကောင်းကနေ ပျက်စီးတဲ့သူတစ်ယောက်ဖြစ်ဖို့က မိနစ်၊ စက္ကန့်ပိုင်းအတွင်းလည်း လွယ်ကူလှပါတယ်။

ဘယ်သူ့ကိုမေးမေး တိုးတက်အောင်မြင်ချင်လားဆို တိုးတက်အောင်မြင်ချင်တယ်လို့ပဲ ဖြေကြလိမ့်မယ်။ တိုးတက်အောင်မြင်ချင်တဲ့သူဖြစ်ပါလျက်နဲ့ စိတ်ကိုအလိုလိုက်၊ လေလွင့်ခံလိုက်ရင် ရောက်ချင်တဲ့ ပန်းတိုင်ပျောက်ပြီး ဒုက္ခနွံတွင်းထဲကို ပြေးဆင်းသွားကြတယ်။ "အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ"တဲ့။ နှိုင်းနှိုင်းဆဆ၊ ထိန်းချုပ်မှု၊ အကွပ်မရှိဘူးဆိုရင် ဘယ်တော့မှ ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်ပါဘူး။ ပရမ်းပတာမဖြစ်ဖို့ဆိုရင် ကိုယ့်စိတ်ကို အကွပ်ကွပ်ပြီး ထိန်းချုပ်ထားရပါမယ်။ ကိုယ့်စိတ်ကို ထိန်းကွပ်ထားနိုင်မှ မကောင်းမှုတွေကရှောင်ပြီး ကောင်းမှုတွေပဲ ခံစား၊ စံစားရမှာ ဖြစ်ပါတယ်။ ကိုယ့်စိတ်ကို အလိုလိုက်တာနဲ့ ကိုယ်ဘဝကို ဖျက်ဆီးတာနဲ့အတူတူပါပဲ။ ကိုယ်က စိတ်ကို အနိုင်ယူထားရမယ်။ စိတ်က ကိုယ့်ကိုနိုင်သွားရင် သူခိုင်းသမျှ လိုက်လုပ်နေရမှာပဲ။

ကျွန်တော်တို့ဟာ ကိုယ့်စိတ်ကို အခြားသူပိုင်တာမဟုတ်လို့ ကိုယ်တိုင်ထိန်းချုပ်ထားရပါမယ်။ သူများတွေရဲ့ မကောင်းတဲ့ သွေးဆောင်ဖြားယောင်းစကားတွေကို ယုံစားပြီး ကိုယ့်ဘဝကို အဖျက်ဆီးမခံရဖို့ ကြိုးစားဖို့လိုပါတယ်။ စိတ်ကို အလိုမလိုက်ဘဲ အမြဲထိန်းချုပ်ထားနိုင်ရင် ပျက်စီးတဲ့သူ ဖြစ်လာမှာမဟုတ်ပါဘူး။ အသိဉာဏ်ပညာတွေပြည့်ဝဖို့ လေ့လာဆည်းပူးမှုတွေ များများပြုလုပ်ရပါမယ်။ ဒါဆိုရင် စဉ်းစားချင့်ချိန်နိုင်တဲ့ စွမ်းအားတွေ ရရှိလာမယ်။ ခွဲခြားသိမြင်တတ်လာမယ်။ ဒီလိုတွေလုပ်ရင် ကိုယ့်ဘဝကို ဖျက်ဆီးတဲ့သူမဖြစ်ပါဘူး။ မကောင်းတဲ့ ဆင်းရဲနွံထဲကို မနစ်ရဖို့ ကိုယ့်စိတ်ကို ထိန်းချုပ်ပြီး ကိုယ့်ဘဝကို မဖျက်ဆီးကြပါနဲ့လို့ ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်ဗျာ။ ။

## မိုးရာသီ စိုက်ပျိုးချိန်

အနောက်တောင် လေအဝေ့
တရွေ့ရွေ့ တိမ်နှင်လာ။
လူ့ဌာနေ မြေဆီကျွန်းသို့
ရွာသွန်းစဉ်မှာ။
ထွန်ယက်ရေး စီမံကာ
လယ်မြေယာ အပြေးဆင်း။
စပါးနှံ စိုက်ကာပျိုးတယ်
မိုးနှင့်မကင်း။
ပတ်ပတ်လည် မြစ်ချောင်းအင်း
တောင်ယာခင်း အကျိုးထင်။
စိုက်ပျိုးမြေ လုပ်ငန်းများ
ထွန်းကားကျွမ်းကျင်။
နွား ထွန်စက် ထွန်ရေးငင်
လုပ်အားယှဉ် ပေါင်းစပ်သွား။
ဖြစ်ထွန်းရေး စီမံချက်ဖြင့်
တိုးတက်ကြီးပွား။
သုံးရာသီ ဥတုအကြား
ဘဝအား တည်ဆောက်ယူ။
လူ့ဝမ်းစာ ပြည့်ဝရေးအတွက်
ချွေးတလူလူ။
လယ်ထဲက တို့တောင်သူ
လုပ်အားကူ စိုက်ခင်းပျိုး။
မြေတောင်ယာ သီးနှံစိုက်တယ်
ထိုက်ကြအကျိုး။ ။

စိုးမင်းလွင်(ကညွတ်ကွင်း)

## အသိတရား ရင်ဝယ်ထား

ရှင်သန်ရာ ခရီးလမ်းမှာဖြင့်
ရှုက်ထမ်းကြ တာဝန်တွေ။
နည်းပညာ အမျိုးမျိုးရယ်နဲ့
တိုးတက်လို့နေ။
သိပ္ပံခေတ် ဆိုကြပေ
ရှာဖွေကာ အစဉ်လှုပ်ရှား။
မဆုံးနိုင် ပညာရပ်တွေကို
လေ့လာမှတ်သား။
အသိရှိပါ အကျိုးများအောင်ပ
သတိတရားနဲ့ ဆင်ခြင်ကာ။
ဉာဏ်နှင့်ယှဉ် ဆုံးဖြတ်ကြလို့
တွေးဆကြပါ။
မကောင်းမှု ရှောင်ဖယ်ခွာ
လောကမှာ ရပ်တည်လို့။
ဖေးမကာ လူအချင်းချင်း
ရိုင်းပင်းကြစို့။ ။

မင်းသူရိန်(သာကီနွယ်)

# စက်တင်ဘာ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၀၇၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၄-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃၁,၉၇၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၇၈) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၇၅၄,၁၄၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၁၂,၅၈၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၂၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၀,၄၉၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၇၉၅) ဦးရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၄-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၅၉)ခု | (၁၄၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၄)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၄)ခု | (၄၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁၄)ခု | (၁၁၀)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇၁)ခု | (၄၃)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၂)ခု | (၁၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၂၅)ခု | (၃၃၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၈,၃၇၄)ခု | (၂,၃၇၉)ဦး |
| စုစုပေါင်း | (၃၁,၉၇၃)ခု | (၃,၀၇၈)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၇၀၃၆၇၄ | ၃၁၂၆၅၈၄၇ | ၆၆၄၉၃၅ |
| ၂။ | အိန္ဒိယ | ၃၂၉၄၅၉၀၇ | ၃၂၁၀၀၀၀၁ | ၄၄၀၂၅၆ |
| ၃။ | ဘရာဇီး | ၂၀၈၅၆၀၆၀ | ၁၉၈၂၀၂၀၂ | ၅၈၂၇၅၃ |
| ၄။ | ရုရှား | ၆၉၉၃၉၅၄ | ၆၂၅၅၄၇၅ | ၁၈၆၄၀၇ |
| ၅။ | ဗြိတိန် | ၆၉၀၄၉၆၉ | ၅၅၆၁၉၂၈ | ၁၃၃၀၄၁ |
| ၆။ | ပြင်သစ် | ၆၈၁၂၇၀၆ | ၆၃၅၆၂၆၂ | ၁၁၄၇၇၃ |
| ၇။ | တူရကီ | ၆၄၅၈၆၃၀ | ၅၈၈၆၉၁၂ | ၅၇၅၅၉ |
| ၈။ | အာဂျင်တီးနား | ၅၁၉၉၉၁၉ | ၄၈၉၁၁၅၂ | ၁၁၂၃၅၆ |
| ၉။ | အီရန် | ၅၁၀၃၅၃၇ | ၄၃၃၂၈၉၂ | ၁၁၀၀၆၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၄၈၈၁ | ၄၇၄၄၃၉၄ | ၁၂၅၁၅၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၂၃၆၁၇ | ၃၈၂၇၄၄၉ | ၁၃၅၄၆၉ |
| ၂။ | ဖိလစ်ပိုင် | ၂၀၆၁၀၈၄ | ၁၈၆၉၃၇၆ | ၃၄၀၆၂ |
| ၃။ | မလေးရှား | ၁၈၂၄၄၃၉ | ၁၅၅၀၂၅၄ | ၁၇၈၈၃ |
| ၄။ | ထိုင်း | ၁၂၆၅၀၈၂ | ၁၀၉၇၃၁၇ | ၁၂၆၃၁ |
| ၅။ | ဗီယက်နမ် | ၅၀၁၆၄၉ | ၂၇၀၆၆၈ | ၁၂၄၄၆ |
| ၆။ | မြန်မာ | ၄၁၂၅၈၇ | ၃၆၀၄၉၄ | ၁၅၇၉၅ |
| ၇။ | ကမ္ဘောဒီးယား | ၉၄၈၃၉ | ၉၀၂၇၃ | ၁၉၅၀ |
| ၈။ | စင်ကာပူ | ၆၈၄၆၉ | ၆၆၃၆၈ | ၅၅ |
| ၉။ | လာအို | ၁၅၆၀၅ | ၅၄၆၃ | ၁၅ |
| ၁၀။ | ဘရူနိုင်း | ၃၀၉၃ | ၁၂၉၇ | ၁၂ |

## ကသာမြို့၌ ဒုတိယအကြိမ် ရပ်ကွက်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ကသာ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဒုတိယအကြိမ် ရပ်ကွက်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၈ နာရီမှစ၍ ကသာမြို့ မြို့တော်ခန်းမတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထိုးနှံရာတွင် ဩဂုတ် ၃ ရက်နှင့် ၄ ရက်တွင် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံခဲ့သောဝန်ထမ်းနှင့် အတူနေမိသားစုများ၊ သံဃာတော်များ၊ သာသနာ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်ထက် အဘိုးအဘွားများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများအား ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးခြင်းဖြစ်သည်။

ယခင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးခွဲတမ်း ၈၅၀၀ ရရှိခဲ့သဖြင့် လေးသုတ် ထိုးနှံခဲ့ပြီးဖြစ်သလို ယခုရရှိသည့်ဆေးခွဲတမ်း ၈၅၀၀ ကို သတ်မှတ်ထားသည့်အတိုင်း အလှည့်ကျဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းက ပြောသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကသာမြို့ မြို့တော်ခန်းမတွင် သတ်မှတ်ထားသည့် ရပ်ကွက်အလိုက် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**



# မေတ္တာမသေ့၊ မုန်းထုံ့ဖြေသည်

**- - - - - - - နွေဦးမောင် - - - - - - -**

**ငါနှင့် ငါသာ၊ နှိုင်းစရာဟု
ပညာမုန်ယို၊ အရွယ်ပျိုက
မဆိုစလောက်၊ မာန်စောင်မြောက်၍
နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း
နှောင်းပြီတစ်ခါ၊ ရိုသေစွာလျှင်
ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊
စိတ်ကြမ်းမာန်လျှော့၊ ငါကန်တော့၏၊
မပေါ့ချစ်ခင်၊ သားနှင့်ကြင်၍၊
အရှင်တကာ၊ သည်းခံပါလော့
မေတ္တာမသေ့၊ မုန်းထုံ့ဖြေသည်
မျက်ပြေလင်္ကာ ဆုတောင်းတည်း။**

ရှေးနှစ်ပေါင်း ငါးရာ့ငါးဆယ်ကျော်ကာလက အင်းဝခေတ်တွင် အင်းဝနေပြည်တော်ရှိ စာဆိုရဟန်းပညာရှိ ရှင်မဟာရဋ္ဌသာရ (မြန်မာသက္ကရာဇ် ၈၃၀-၈၉၂) သည် နာမည်ကျော် စတုဓမ္မသာရ ကိုးခန်းပျို့ကို စပ်ဆိုတော်မူခဲ့ပါသည်။ ဆရာတော်သည် ပျို့နိဂုံးတွင် ဆုတောင်းစာကို ရေးသားကာ မိမိငယ်စဉ်မှ ကျမ်းပြီးကာလအထိ ဘဝတစ်လျှောက်လုံးတွင် ပညာမာန်တက်ခဲ့ပြီး သူတစ်ထူးကို ကျူးလွန်ပြောဆိုခဲ့မိသမျှကို ဝန်ချတောင်းပန်ခဲ့သည်။

**ပြန်လည်တောင်းပန်**

စာဆိုကျော် ရှင်မဟာရဋ္ဌသာရသည် မိမိနုစဉ်ကာလက ပညာမာန်တက်ပြီး ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိထက် ကြီးငယ်မဟူ ပညာရှင် သံဃာ၊ လူတို့ကို အထက်စီးမှ ပြောဆိုခဲ့မိသမျှကို တရားသံဝေဂရသည့် အသက်အရွယ်ရောက်ခဲ့ပြီဖြစ်သောကြောင့် အမှားကို အမှားမှန်းသိမြင်ကာ ဝန်ချရမည်ကို နားလည်လျက် အချိန်မီဝန်ချတောင်းပန်ခဲ့ခြင်းဖြစ်သည်။ စင်စစ် ကိုးခန်းပျို့ကို သီကုံးရေးဖွဲ့ဆိုခွင့်ရခဲ့ခြင်းကြောင့် စာဆိုရှင်ဆရာတော်အနေဖြင့် ဗုဒ္ဓဘုရားရှင်၏သားတော်ပီသစွာ မာန်မာနကို ချိုးနှိမ်ကာ အပြစ်တို့ကို တရားနှင့်ယှဉ်ပြီး သိမြင်လာလျက် မိမိ၏အပြစ်ကြွေးများ နောင်သံသရာသို့ ယူဆောင်မသွားရစေရေးအတွက် ယခုဘဝတွင်ပင် ပြီးပျောက်နိုင်သမျှ ပြီးပျောက်စေရန် မိမိထက် သက်ကြီးဝါကြီးများကို ပြန်လည်တောင်းပန်ကန်တော့ခြင်းလည်း ဖြစ်ပါသည်။

စာဆိုရှင် ဆရာတော်အနေဖြင့် သူ့ခေတ်သူ့အခါက မာန်တက်မည်ဆိုလျှင်လည်း မာန်တက်လောက်ပါသည်။ တောက်မည့်မီးခဲ ရဲရဲဆိုသကဲ့သို့ ငယ်ရွယ်နုနယ်စဉ်အခါ လူဝတ်ကြောင် ငယ်အမည် မောင်မောက်ဘဝကပင် ဖခင်ကြီးနှင့် ရွှေနန်းတော်သို့ အလည်ရောက်သွားခိုက် အိမ်ရှေ့မင်း မဟာသီဟသူ၏ တောင်ဆောင်စံမြောက်သားတော်၏သမီး သျှင်စိုးမင်း၊ မြောက်ဆောင်စံတန်ဆောင်းရှင်ခံ မြောက်သားတော်၏သမီး မင်းလှမြတ်နှင့် မင်းဘုန်းထွတ်တို့ကို နားထွင်းမင်္ဂလာဆင်ယင်တော်မူသည်နှင့် ကြုံကြိုက်ခဲ့သည်။ ထိုအချိန်တွင် အိမ်ရှေ့မင်းက မောင်မောက်၏ဖခင်ကြီးအား သမီးတော်သုံးပါးနှင့် စပ်ဆိုင်ရာမင်္ဂလာရှိသော ကဗျာလင်္ကာတို့ကို ဖွဲ့ဆိုလျှောက်ထားရမည်ဟု မိန့်တော်မူ၏။ ထိုအခါ မောင်မောက်က ဖခင်အစား ကျွန်တော်မျိုး ဖွဲ့ဆိုလျှောက်ထားပါရစေဟု လျှောက်ထား၍ ရုတ်တရက်စပ်ဆိုလျှောက်ထားလိုက်သည်။

မောင်မောက်က သမီးတော် သျှင်စိုးမင်းအတွက် "အိုဘယ့်ဘယ် အိုဘယ့်သမီးတော် ထင်ပေါ်ဘုန်းပျံ့သင်း" ဟူ၍လည်းကောင်း၊ သမီးတော် မင်းလှမြတ်အတွက် "အိုဘယ့်ဘယ် အိုဘယ့်သမီးတော် နတ်သော်ပုံမယွင်း" ဟူ၍လည်းကောင်း၊ သမီးတော် မင်းဘုန်းထွတ်အတွက် "အိုဘယ့်ဘယ် အိုဘယ့်သမီးတော် စန္ဒရော်လနှယ်ဝင်း" ဟုလည်းကောင်း ရုတ်ခြည်းစပ်ဆိုလိုက်ပါသည်။ သမီးတော်သုံးပါးအတွက် မောင်မောက်စပ်ဆိုခဲ့သော လင်္ကာသည် ပြောင်မြောက်လွန်းသောကြောင့် မြန်မာစာသမိုင်းတွင် တွင်ရစ်ရသည့်နည်းတူ အသက် ၁၀ နှစ်အရွယ် မောင်မောက်သည်လည်း ထိုစဉ်က နန်းတော်တွင်းတွင် တစ်ရှိန်ထိုးအမည်ကျော်ကြားလာခဲ့သည်။

**ပြောင်မြောက်လှသောစာပေစုတ်ချက်**

စာဆိုရှင်ဆရာတော်သည် တစ်သက်ပတ်လုံး ဗုဒ္ဓစာပေ လောကုတ္တရာကျမ်းဂန်များသာမက လောကီစာပေကျမ်းဂန်တို့ကိုပါ လေ့ကျက်ဆည်းပူးခဲ့သောကြောင့် ကြီးကျယ်မြင့်မြတ်လှသော ဉာဏ်ပညာဖြင့် စာပေလင်္ကာအမျိုးမျိုးကို ရေးဖွဲ့သီကုံးနိုင်ခဲ့သည်။ ရေးဖွဲ့ခဲ့သလောက်လည်း ပုလဲလုံး၊ ရွှဲလုံးများ သီကုံးထားသကဲ့သို့ လှပတင့်ဆန်းသောကြောင့် နှောင်းလူတို့အတွက် နည်းယူမကုန်ဖြစ်နေရပါသည်။ ကျွမ်းကျင်သော ပန်းပုဆရာသည် ဆင်စွယ်အရိုင်းသက်သက်ကို အသက်ဝင်သော လှယမင်းအဖြစ် ထုဆစ်ပြောင်းလဲလိုက်သကဲ့သို့ စာဆိုရှင်ဆရာတော်၏ ပြောင်မြောက်လှသောစာပေစုတ်ချက်ခြယ်မှုန်းမှုကို ယခုတိုင် စာပေလေ့လာသူတို့ လက်ဖျားခါနေရဆဲဖြစ်ပါသည်။

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရဘဝတွင် ပညာကျော်ကြား လျှမ်းလျှမ်းတောက်ထင်ရှားနေသည့်ကာလအတွင်း ပုထုဇဉ်တို့ဘဝ မာန်မာနတံခွန်တလူလူလွင့်ထူမိခဲ့သည်မှာ သဘာဝကျပါသည်။ သို့ရာတွင် ဘုရားရှင်သားတော်ပီသစွာ ဉာဏ်ပညာကြီးမြတ်သူပီပီ အမှားအမှန်ကို ပြန်လည်သုံးသပ်နိုင်စွမ်းရှိသောကြောင့် မိမိ၏လျှောက်လှမ်းနေသောလမ်းမှားပေါ်မှ လမ်းမှန်ပေါ်သို့ ရဲဝံ့စွာပြောင်းလဲလျှောက်လှမ်းရင်း သံသရာတွင် ဆောင်ယူမသွားသင့်သည့် မာန်မာနကို ခဝါချပြီး တောင်းပန်သင့်သည်ကို တောင်းပန်ခဲ့ခြင်းဖြစ်ပါသည်။

စင်စစ် စာဆိုရှင်ဆရာတော်သည် နောင်လာနောက်သားများအားလုံးကို မှန်ကန်ကောင်းမွန်သော သံသရာ လျှောက်လှမ်းဖြတ်သန်းရာ နည်းလမ်းကောင်းကို ပြသသွားခဲ့ပါသည်။ မိမိကဲ့သို့ ကြီးမြတ်သော ဂုဏ်ထူးဝိသေသရှိသည့် ဘဝပိုင်ရှင်တစ်ယောက်ပင်ဖြစ်လင့်ကစား မာန်ကိုလျှော့ချလျက် အရာရာတွင် အမှားကို အမှားမှန်း၊ အမှန်ကို အမှန်မှန်း သိမြင်ကာ ဝန်ချကန်တော့ပန်းဆင်နိုင်ခြင်းသည် သာမန်လူတစ်ယောက် စွန့်စားလုပ်ဆောင်နိုင်မည် မထင်ရသော ဆောင်ရွက်ချက်ဖြစ်ပါသည်။ သို့သော် ဆရာတော်က ထူးခြားထင်ရှားစွာ ပေါ်ပေါ်ထင်ထင် ဆောင်ရွက်နိုင်သည့် သတ္တိထူးဖြင့် သမိုင်းတွင်အောင်ရှေ့ဆောင်လမ်းပြနိုင်ခဲ့သည်။ ဝမ်းမြောက်သာခုခေါ်ဖွယ်၊ နည်းယူဖွယ် ဖြစ်ပါသည်။

**ပြန်လည်ဆန်းစစ်သင့်**

ကျွန်တော်တို့ သံသရာလောကသားများ အားလုံးသည်လည်း မိမိတို့ဘဝတစ်လျှောက်လုံး တစ်ပါးသူအပေါ် ကာယကံ၊ ဝစီကံနှင့် မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် သိလျက်ဖြစ်စေ၊ မသိလျက်ဖြစ်စေ ကျူးလွန်စော်ကားခဲ့မိကြသမျှကို မည်မျှဝန်ချတောင်းပန်ခဲ့ကြပြီးကြပြီနည်းဟု မိမိတို့ကိုယ်ကို ဆန်းစစ်မေးခွန်း ထုတ်ကြည့်သင့်ပါသည်။

> ☆ သံသရာဘေးဝဋ်ကြွေးတို့ကို ပယ်သတ်တားမြစ်ကာ မိမိတို့၏ဘဝလမ်းကြောင်း ဖြောင့်ဖြူးစေရေးအတွက် ရှေ့မှ နမူနာပြတော်မူသွားသော စာဆိုရှင်ဆရာတော်ကြီး၏ ကျင့်သုံးသည့်ထုံး နှလုံးမူလျက် ကျူးလွန်မိသမျှအပြစ်တို့ လျှော့ပါးကျေပျက်စေရန် မှားခဲ့မိသည့်အတိုင်းအတာတိုင်းအတွက် ကန်တော့ရှိခိုး ဦးနှိမ်ရိုကျိုးလျက် မာန်မာနကို နှိမ့်ချသင့်
>
> ☆ အသိ၊ သတိတရားရှိသူ လူသားအချင်းချင်း အမုန်းကို ကင်းစင်စေကြောင်း၊ မေတ္တာတရား ပြန့်ပွားစေကြောင်း ရည်ရွယ်ဆောင်ရွက်မှုသည် သူတော်ကောင်း နတ်လူသတ္တဝါများ သာခုခေါ်ကြသည့်အပြုအမူဖြစ်

မိမိတို့၏ မပြီးဆုံးသေးသော သံသရာလမ်းကြောင်းအတွက် မည်မျှလမ်းရှင်းထားခဲ့ကြပြီးပြီကို ပြန်လည်ဆန်းစစ်သင့်ကြပါသည်။

တစ်ခါသော် ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီးသည် ဝိပဿနာတရား အားထုတ်ရန် ကြိုးပမ်းစကာလက ဖြတ်သန်းခဲ့သော ဘဝလမ်းကြောင်း စင်ကြယ်မှုရှိ၊ မရှိကို ပြန်လည်ဆန်းစစ်ရာ မိမိ၏မွေးရပ်မြေတွင် ငယ်စဉ်ကာလ မသိနားမလည်စဉ်က ကျူးလွန်ခဲ့မိသည့် ခွေးတစ်ကောင်အား လမ်းခင်းထားသောခဲတစ်လုံးကို ကောက်ယူပစ်ခတ်မိခြင်းအတွက် တရားဘာဝနာကို ကျကျနနကြိုးပမ်းအားထုတ်တော့မည့်ကာလမတိုင်မီ ဇာတိသို့ ပြန်လည်ကြွချီတော်မူပြီး လမ်းတစ်လမ်းလုံးကို ပြန်လည်ခင်းကျင်းခြင်းဖြင့် အကြွေးဆပ်တော်မူခဲ့သည့်သာဓကကို ကြည့်ပါလျှင် သူတော်ကောင်းတို့၏ အမူအကျင့်တို့သည် အံ့သြစရာကောင်းလောက်အောင် ထူးခြားသောအကျင့်လက္ခဏာစရိုက်တို့နှင့် ပြည့်နှက်နေသည်ကို သိမြင်လေးစားကြည်ညိုစရာဖြစ်ပါသည်။

စင်စစ် လောကလူသားအားလုံးသည် မသိမှု အဝိဇ္ဇာအမှောင်တိုက်ကြီး ပိတ်ဆည်းနေသောကြောင့် အရာရာကို သိမြင်တွေ့ကြားနေရသော်ငြားလည်း သိမြင်တွေ့ကြား မည်ကာမတ္တသာဖြစ်ကြပြီး ထွင်းဖောက်သိမြင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်းမရှိကြလေရာ ဘဝသံသရာတစ်လျှောက်တွင် အကုသိုလ်တရားများကို သိမ်းပိုက်ပြီး ငုပ်ချည်တစ်လှည့် ပေါ်ချည်တစ်ခါ ဝဲလည်ကျက်စားနေကြရပါသည်။ ဝိဇ္ဇာဉာဏ်အလင်း ပြည့်စုံသူများသာ ကျင်လည်ရာတရားများကို ကျင့်ကြံကာ ဖြတ်တောက်ကျော်လွှားပြီး သံသရာအဆုံးသတ်သို့ ရောက်ရှိကူးမြောက်နိုင်ကြပါသည်။

**တောင်းပန်ဝန်ချခြင်းကို ပြုလုပ်သင့်**

ထိုသို့ မရောက်ရှိသေးမီစပ်ကြား ကာလအပိုင်းအခြားတစ်ခုတွင် တည်ရှိနေရသမျှ သက်ရှိလူသားအားလုံးတို့သည် မိမိတို့ ထိတွေ့ဆက်ဆံကြရသမျှသဝိညာဏက၊အဝိညာဏကအားလုံးတို့အပေါ်တွင် တစ်နည်းနည်းဖြင့် ကျူးလွန်စော်ကားမိသည်များရှိကြပါသည်။ ထိုအပြစ်တို့ကို ကျေပျောက်သက်သာစေခြင်းအလို့ငှာ တောင်းပန်ဝန်ချခြင်းကို ပြုလုပ်သင့်ကြပေသည်။ သို့မှသာ သံသရာတွင် လေးပင်သောဝန်များ သယ်ဆောင်မသွားကြရဘဲ သံသရာလမ်းခရီးတစ်လျှောက်တွင် ပေါ့ပေါ့ပါးပါး သက်သာလျင်မြန်စွာ လျှောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ထို့အတွက် သံသရာဘေးဝဋ်ကြွေးတို့ကို ပယ်သတ်တားမြစ်ကာ မိမိတို့၏ဘဝလမ်းကြောင်း ဖြောင့်ဖြူးစေရေးအတွက် ရှေ့မှ နမူနာပြတော်မူသွားသော စာဆိုရှင်ဆရာတော်ကြီး၏ ကျင့်သုံးသည့်ထုံး နှလုံးမူလျက် ကျူးလွန်မိသမျှအပြစ်တို့ လျှော့ပါးကျေပျက်စေရန် မှားခဲ့မိသည့်အတိုင်းအတာတိုင်းအတွက် ကန်တော့ရှိခိုး ဦးနှိမ်ရိုကျိုးလျက် မာန်မာနကို နှိမ့်ချသင့်ကြပါသည်။ လူသာမန်ပုထုဇဉ်တို့အတွက် တစ်ပါးသူထံတွင် မိမိတို့၏ ရှိရင်းစွဲရာထူးဂုဏ်သိန်၊ ပညာမာန်မာနကို ခဝါချပြီး မိမိတို့ကျူးလွန်ခဲ့မိသမျှအပြစ်တို့ကို ဝန်ချတောင်းပန်ရခြင်းသည် ကိုယ်စိတ်နှလုံး သုံးပါးလုံးအတွက် အတော်အတန်ခက်ခဲလှသော အပြုအမူဖြစ်ပါသည်။ အသိ၊ သတိတရားရှိသူ လူသားအချင်းချင်း အမုန်းကို ကင်းစင်စေကြောင်း၊ မေတ္တာတရား ပြန့်ပွားစေကြောင်း ရည်ရွယ်ဆောင်ရွက်မှုသည် သူတော်ကောင်း နတ်လူသတ္တဝါများ သာခုခေါ်ကြသည့် အပြုအမူဖြစ်ပါသည်။ စင်စစ်မာန်မာနကို ခဝါချရသည့်အတွက် မိမိတို့အနေဖြင့် ရှက်စရာမလို၊ မိမိတို့၏မာန်မာနကို ချထားနိုင်ခြင်းကိုပင် မိမိကိုယ်တိုင်ပြုနိုင်ခဲ့ခြင်းကိုပြုခြင်းဟူ၍ ဂုဏ်ပင်ယူသင့်ပါသည်။ ထို့အပြင် လောကသဘာဝတရားနှင့်ပတ်သက်ပြီး အမှန်ကို အမှန်အတိုင်းသိမြင်သူများဖြစ်သည့်အတွက် လေးစားဂုဏ်ယူ စံနမူနာပြုထိုက်သူများအဖြစ်ပင် မှတ်တမ်းတင်သင့်သူများဖြစ်နေပါလိမ့်မည်။ ဂုဏ်၊ မာန်မာနများကို မချနိုင်သူများသာလျှင် မိမိကိုယ်တိုင်ဘဝနှင့် သံသရာလောကကြီး၏ ခလုတ်ကန်သင်းတစ်မျိုးဖြစ်နေကြောင်းကို သိနားလည်ထားကြရပါမည်။

လူသားအားလုံး သံသရာရှည်ကြောင်းတရားများကို ပယ်ရှားပြီး မဟာသမယသုတ်တော်တွင် ဖော်ပြပါရှိသည့် နှစ်ပြည်ထောင်မင်းသားငါးရာတို့ကဲ့သို့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို ရရှိဆည်းပူးနိုင်ရေးအတွက် မေတ္တာရည်ပက်ဖျန်းကာ အမုန်းတရားများကို ရင်တွင်းမှ ချေဖျက်ကြပါရန် တင်ပြရင်း သံသရာလွတ်မြောက်ရာ မေတ္တာလမ်းကြောင်းကို လူသားအားလုံး ရရှိမျက်မှောက်ပြုနိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား။**

၁။ ကိုးခန်းပျို့ (ရှင်မဟာရဋ္ဌသာရ)
၂။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယ ဦးဌေးလှိုင်)
၃။ အင်တာနက် ဝီကီပီးဒီးယား

# ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၂၁)ကြိမ်မြောက် ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကုသရေး ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့သည် သွားရောက် တာဝန်ထမ်းဆောင်လျက်ရှိသည်။



အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)၌ အကြိမ်(၂၀)မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ ပါဝင်သော ဆေးဝန်ထမ်းအဖွဲ့ဝင် ၄၀ နှင့် တာဝန်လဲလှယ်ထမ်းဆောင်ရန် (၂၁)ကြိမ်မြောက်တွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်ရမည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် ဆေးကုသမှု ပါရဂူ ခြောက်ဦး၊ စိတ်ကျန်းမာရေးပါရဂူ တစ်ဦး၊ မေ့ဆေးပါရဂူ ငါးဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဆေးမှူးဆရာဝန် ငါးဦး၊ ကာယကုပါရဂူ တစ်ဦး၊ သူနာပြုအရာရှိ ရှစ်ဦး၊ ရောဂါဗေဒပါရဂူ သုံးဦး၊ အထက်တန်းသူနာပြု ငါးဦး၊ ဓာတ်ခွဲကျွမ်းကျင် လေးဦး၊ ဓာတ်မှန်ကျွမ်းကျင် နှစ်ဦး၊ ဆေးဝါးကျွမ်းကျင် နှစ်ဦး စုစုပေါင်း ၄၃ ဦး ပါဝင်၍ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်–၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၅၃ ဦး စုစုပေါင်း ၃၃၀၊ ချင်းရွှေဟော်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး၊ လောက်ကိုင်မြို့သို့ ဝင်ရောက်လာသည့် အမျိုးသား တစ်ဦးကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၂၃ ဦးနှင့် အမျိုးသမီး ၈၀ စုစုပေါင်း ၂၀၃ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင်သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်များထံ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အနုပညာ

# ဂွမ်းဂျူအဆောက်အအုံ ပြိုကျခဲ့မှုပုံရိပ်တွေ ထည့်သွင်းပြသခဲ့တဲ့အတွက် Penthouse 3 ထုတ်လွှင့်သူများ တောင်းပန်

တောင်ကိုရီးယားမှာ လတ်တလောပြသလျက်ရှိပြီး ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Penthouse 3 ဟာ မကြာသေးမီက ဂွမ်းဂျူမှာ ဖြစ်ပွားခဲ့တဲ့ အဆောက်အအုံပြိုကျမှုအဖြစ်အပျက်တွေကို ဇာတ်လမ်းတွဲမှာ ထည့်သွင်းပြသခဲ့တာကြောင့် အဆိုပါလုပ်ရပ်အတွက် လတ်တလောမှာ တာဝန်ရှိသူတွေဘက်က တရားဝင်တောင်းပန်ခဲ့ကြောင်း အောကေပေ့ါပ်ဒ္ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၃ ရက်မှာ ထုတ်လွှင့်ပြသခဲ့တဲ့ အပိုင်းသစ်မှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်တွေက ပုံရိပ်တွေကို ထည့်သွင်းပြသခဲ့တာကြောင့် အဆိုပါဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ မြင့်တက်လာခဲ့ရပါတယ်။ ယခုနှစ်စပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ဂွမ်းဂျူအဆောက်အအုံပြိုကျမှုနဲ့ ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ ပိုဟန်ငလျင်က အဖြစ်အပျက်တွေကို ဇာတ်လမ်းနဲ့ လျော်ကန်မှုမရှိဘဲ ထည့်သွင်းပြသခဲ့တာလည်း ဖြစ်ပါတယ်။ ဒီပုံရိပ်တွေကို အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်တဲ့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဂျူဒန်းထယ် ဟယ်ရာနန်းတော်မှာရှိနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှာ ထည့်သွင်းပြသခဲ့တာဖြစ်ပါတယ်။

ဒီလိုအမှန်တကယ်ဖြစ်ပျက်ခဲ့တဲ့ အရာတွေကို ထည့်သွင်းအသုံးပြုခဲ့တာကြောင့် အဆိုပါဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသလျက်ရှိတဲ့ SBS ရုပ်သံလိုင်းဘက်က တရားဝင်တောင်းပန်စာတစ်စောင်ကို စက်တင်ဘာ ၄ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါစာမှာ ထုတ်လွှင့်ပြသခဲ့တဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ထိခိုက်ခံစားခဲ့ရသူတွေနဲ့ ပရိသတ်တွေအတွက် ဝမ်းနည်း၊ စိတ်ပျက်မှုတွေ ဖြစ်စေခဲ့တဲ့အတွက် တောင်းပန်ကြောင်းနဲ့ ယင်းဖြစ်ရပ်တွေပါဝင်တဲ့ ဇာတ်ဝင်ခန်းတွေကို နောက်ထပ်ထုတ်လွှင့်ပြသမှုတွေမှာ တည်းဖြတ် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကို လည်း တွေ့ရပါတယ်။

# ဂင်းနစ်မှတ်တမ်းဝင်တွေဖြစ်လာတဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ ကမ္ဘာလုံးဆိုင်ရာ စံချိန်သစ် ၂၃ ခုကို တင်နိုင်ခဲ့ပြီးနောက် ဂင်းနစ်မှတ်တမ်းဝင်တွေ ဖြစ်လာခဲ့ကြောင်း အောကေပေ့ါပ်ဒ္ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ဟာ သမိုင်းသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ ကမ္ဘာလုံးဆိုင်ရာ စံချိန်သစ် ၂၃ ခုကို တင်နိုင်ခဲ့ပြီးနောက် Guinness World Records 2022 Hall of Fame မှာ ဖော်ပြခံခဲ့ရတာပါ။ BTS ရယူနိုင်ခဲ့တဲ့ စံချိန်တွေအနက် စပေါ့တစ်ဖီမှာ အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသံရှင်၊ အင်စတာဂရမ်ပေါ်မှာ ဖော်လိုဝါအများဆုံး တေးဂီတအဖွဲ့၊ ယူကျူပေါ်မှာ ကြည့်ရှုသူအများဆုံး တေးဗီဒီယို စတဲ့ မှတ်တမ်းတွေလည်း ပါဝင်နေပါတယ်။


ဂင်းနစ်မှတ်တမ်းမှာ ဖော်ပြချက်တွေအရ BTS ဟာ သူတို့ရဲ့ အနုပညာဖန်တီးမှုတွေကနေတစ်ဆင့် ကိုရီးယားယဉ်ကျေးမှုနဲ့ ဘာသာစကားကို ကမ္ဘာတစ်ဝန်းကသူတွေ ပိုမိုသတိထားမိအောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရပါတယ်။

ဒ့ါအပြင် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ ကိုယ့်ကိုယ်ကိုယ် ချစ်မြတ်နိုးမှု၊ ကိုယ့်ကိုယ်ကိုယ်လေးစားမှု စတဲ့ အကောင်းမြင်တဲ့စိတ်ဓာတ်တွေ တိုးပွားလာအောင် မျှဝေပေးနိုင်ခဲ့ပါတယ်။ BTS အဖွဲ့ဟာ ယူနီဆက်နဲ့ ပူးပေါင်းကာ Love Myself campaign ကို လုပ်ဆောင်ခဲ့ပြီး အဆိုပါလှုပ်ရှားမှုဟာ ကလေးတွေ၊ လူငယ်တွေအတွက် စိတ်ကျန်းမာရေး အရေးကြီးပုံနဲ့ ကိုယ့်ကိုယ်ကိုယ် ချစ်မြတ်နိုးတတ်စေဖို့ သတိပြုမိလာအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

BTS ရဲ့ ဂင်းနစ်မှတ်တမ်းဝင်ခဲ့ရတဲ့ အကြောင်းအရာတွေကို Guinness World Records 2022 ရဲ့ စာမျက်နှာ ၂၁၂၊ ၂၁၃ တို့မှာ အဖွဲ့ရဲ့ အောင်မြင်မှုတွေနဲ့အတူ အသေးစိတ်ရေးသားဖော်ပြထားကြောင်းလည်း သိရပါတယ်။

**အေးပြည့် – ရေးသားသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မူတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible]

[illegible]

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ဆည်၊ လမ်း၊ တံတား ဒါယိကာမကြီး

# ဒေါ်ခင်ရီ (သံဖြူဇရပ်)

## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ အမှတ်(၇)၊ စကားဝါ (၁)လမ်းနေ ဦးတင်မောင်လတ်(ကလေးသူငယ်ကျန်းမာရေးအရာရှိ-ငြိမ်း)၏ဇနီး၊ ဦးနေလင်း-ဒေါ်ကေသီလတ်၊ ဦးသက်မင်းထွန်း-ဒေါ်သီတာလတ်၊ ဦးစိုးမိုးလတ်-ဒေါ်နှင်းယုခိုင်၊ ဦးစိုးမင်းလတ်-ဒေါ်ချောချောလင်းစန္ဒာ၊ ဦးစိုးသိန်းလတ်-ဒေါ်အိသီတာထွေး၊ ဦးစိုးကျော်လတ် တို့၏ချစ်လှစွာသောမွေးသမိခင်၊ မအေးသုစန္ဒီလင်း၊ မောင်ကောင်းပြည့်သန့်၊ မဆုပြည့်စန္ဒီလင်း၊ မောင်ဆက်တိုးတက်ထွန်း၊ မရွှန်းလဲ့ရာ၊ မခွန်းဆင့်သာ၊ မောင်သုတ တို့၏အဘွား ဒေါ်ခင်ရီသည် ၄-၉-၂၀၂၂ (စနေနေ့)မွန်းလွဲ ၁၂:၅၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ပါသော ကြောင့် ၅-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနဝ္ဂမြေ၊ ရေတွင်း၊ ရေကန်၊ ကထိန်၊ ဆွမ်း အလှူရှင်ဒါယိကာမကြီး

# ဒေါ်ခင်စီ(ခ)ဒေါ်ဝါဝါ(ခ) Nang Grace Tin (ကျိုင်းတုံ)

## အသက် (၈၁)နှစ်

ရန်ကုန်မြို့နေ ဦးကြည်လွင် (မြန်မာ့ရုပ်/သံ၊ ညွှန်ချုပ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုင်းမွေ-ဒေါ်ခင်မြဝင်း)၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်မေဝင်း၊ (ဒေါ်တင်တင်ဆွေ)၊ (ဦးကြင်အုန်း)-ဒေါ်လှထွေး၊ ဦးကြင်ထွန်း-(ဒေါ်ခင်ခင်ကျော်)တို့၏ညီမ၊ (ဦးဉာဏ်မြင့်)-ဒေါ်အုံးကြည်၊ ဦးခင်မောင်ဆင့်-(ဒေါ်အေးအေး)၊ (ဦးခင်မောင်တင့်)-ဒေါ်သန်းအိတို့၏အစ်မ၊ (ဦးစိန်ဟန်)-ဒေါ်နန်းစိုးစိုးဝင်း၊ ဦးစိုးတင့်-ဒေါ်နန်းစန္ဒာဝင်း၊ ဦးအောင်စိုးမင်း-ဒေါ်နန်းသီတာဝင်း၊ ဦးစိုင်းမောင်မောင်-ဒေါ်ဥမ္မာစိမ်း၊ ဦးဝင်းမြင့်-(ဒေါ်နန်းနီနီလွင်)၊ ဦးကိုကိုနိုင်-ဒေါ်ခင်သူဇာအေး၊ ဦးချစ်ကိုကို-ဒေါ်ခင်သိင်္ဂီအေး၊ ဦးနေထွန်း၊ ဦးစိုးမင်းထက်-ဒေါက်တာ ခင်စောရီ၊ ဦးအောင်ဇေယျာဦး-ဒေါ်ခင်စိုးစိုးအေး၊ ဒေါက်တာဇေယျာညီရွှေး-ဒေါက်တာခင်စံပယ်အေးတို့၏ ချစ်လှစွာသောအဒေါ်(မိခင်ကြီး) ဒေါ်ခင်စီ(ခ) ဒေါ်ဝါဝါ(ခ) Nang Grace Tin သည် ၁-၉-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၉ နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မှုးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

---

### ဒေါ်ညွှန့်ရီ(ကတိုးကော့နှပ်)

**B.A(English),B.Ed၊ အထက်တန်းပြဆရာမ(ငြိမ်း)**

**အ.ထ.က(၂)စမ်းချောင်း၊ အ.ထ.က(၁)ကမာရွတ်**

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၃၇)၊ (၄၆)လမ်း၊ (ဒု)ထပ်နေ [ဦးစံမြင့်-ဒေါ်ဖွားညွှန့်(ကတိုးကော့နှပ်)] တို့၏ သမီး၊ (ဒေါ်သန်းသန်း)-ဦးအောင်စန်း၊ ဒေါ်အေးအေးသန်း၊ (ဒေါ်အေးအေးမြင့်) တို့၏ ညီမ၊ ဦးမန်းအေးသောင်း- ဒေါ်အေးအေးမြင့်၊ ဒေါ်စောအိမွန်၊ ဒေါ်လှလှထွေး၊ ဦးမန်းကျော်သာ-ဒေါ်ရီရီမြသိန်း တို့၏အစ်မ၊ တူ/တူမ ရှစ်ယောက် တို့၏ ချစ်လှစွာသော အဒေါ်၊ မြေး ကိုးယောက် တို့၏ အဘွားသည် ၃-၉-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၂၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ရဲမှူးကြီးစိန်ဝင်း(ငြိမ်း) SB

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲကျော်အောင်လမ်း၊ အမှတ်(၁၇၄)နေ ဒေါ်သန်းသန်းနွဲ့ (ယာဉ်/စက်)(ငြိမ်း)၏ ခင်ပွန်း၊ ဦးနိုင်ဝင်းဦး-ဒေါ်သီတာဦး၊ ဦးနိုင်လင်းဦး-ဒေါ်နှင်းဦးခိုင် တို့၏ဖခင်၊ မင်းနိုင်ဦး၊ ကျော်ရန်နိုင်၊ မဝင်းရတနာဦး၊ မလှဝင်းမော်တို့၏ အဘိုး ရဲမှူးကြီးစိန်ဝင်း(ငြိမ်း)SB သည် ၃-၉-၂၀၂၂ ရက် နံနက် ၃:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ဖောင်ကြီးကိုဗစ်စင်တာ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်သန်းသန်းမေ(ခ)ချိုချို

**ကော့ကရိတ်**

### အသက်(၇၃)နှစ်

ကော့ကရိတ်မြို့နေ(ဦးကံစ-ဒေါ်ကျေးရင်)တို့၏ သမီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်နေ (ဦးလစ်-ဒေါ်ရှုကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်(စက္ကူ/ဓာတု-ငြိမ်း)၏ဇနီး၊ ဦးအောင်ချို-ဒေါ်သရဖီဌေး၊ ဦးဖေသန်းထက်၊ ဒေါ်ဖြူသွယ်ချို-ဦးဝေဖြိုးနိုင်၊ ဒေါ်ချိုမီထက်-ဦးသူရသန့်ဇင်တို့၏ ချစ်လှစွာသောမိခင်၊ (ဦးကျော်စိန်)၏ညီမ၊ မြေး ခုနစ်ယောက် တို့၏ ချစ်လှစွာသောအဘွားသည် ၃-၉-၂၀၂၂ (သောကြာနေ့) ညနေ ၃:၁၀ နာရီတွင် အထူးကြပ်မတ်ကုသဆောင်၊ အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ရင်မြင့်

**စာတည်း-ငြိမ်း၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊**
**ငြိမ်း-မြို့နယ်ပညာရေးမှူး/ကျောင်းအုပ်ဆရာမကြီး(အထက-၁၊ လှိုင်ကော်၊ အထက-၁၊ လှိုင်၊ အထက-၂၊ ကမာရွတ်၊ အထက-၁၊ ကြည့်မြင်တိုင်)**

### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၁)၊ မြေနုလမ်းနေ [ဦးဘိုကြီး(အင်/ယာဉ်ကြားရေးမှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ဇနီး၊ ဒေါက်တာ မြင့်ကျော်ဦး-ဒေါက်တာမစောမြင့်ဦး၊ ဦးသီဟနိုင်(UNDP)-ဒေါ်မြသန္တာဦးတို့၏ ချစ်လှစွာသော မိခင်၊ ဒေါက်တာအေးမြဦး၊ မင်းသော်ဦး၊ ခန့်သူ၊ တိုးပြည့်နိုင်တို့၏ ချစ်လှစွာသော အဘွား ဒေါ်ရင်ရင်မြင့်သည် ၂-၉-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ဆူဇန်ဂျာနန် (HPt. Maram Su San JA Nan)

### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၇၄၊ ၇၅၊၇၆)၊ (၆) ရပ်ကွက်နေ [ဒုတိယဗိုလ်မှူးကြီးဒီအောင်ဒွန်း(အမှတ်-၁၊ သံမဏိစက်ရုံမှူး MEC)]၏ ချစ်လှစွာသောဇနီး၊ ဦးဒီအောင်ဖုန်းမော်-ဒေါ်ဆိုင်းပန်၊ ဒေါ်ဒီနူးမိုင်-ဦးဇော်ဆိုင်းတောင်၊ ဦးဒီနောင်လတ်-ဒေါ်ရွယ်ဒင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ Debora နန်ဆိုင်းနူး၊ Daniel နိမ်ဂျားဇော်၊ Gloria ဆိုင်းဆန်ပန်၊ Grace နန်ရိန်အောင်၊ Joshua အောင်ထွယ်တို့၏ ချစ်လှစွာသောအဘွားသည် ၂-၉-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၃:၀၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၉-၂၀၂၁ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုများ

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်နုနုလှိုင်**

**အသက်(၅၈)နှစ်**

ဗိုလ်မှူးဝဏ္ဏ(ငြိမ်း)၏ ချစ်လှစွာသောဇနီး လူငယ်(ရေကြောင်း) အင်းလေးစခန်းမှ သင်တန်းသူဟောင်း ဒေါ်နုနုလှိုင် အသက်(၅၈)နှစ်သည် ၂-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လူငယ်(ရေကြောင်း)အဖွဲ့ချုပ်**

# သင့်
## သွေးဖြင့်
# အသက်ကယ်ပါ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဗိုလ်ချစ်

**(Ex . Captain)**
**O.S.E/Wing Tak.Shipping. Co.Ltd(HK)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်း(၁)လမ်းနေ (ဦးသွင်-ဒေါ်အေးကြည်)တို့၏ သားကြီး၊ ဦးမျိုးညွန့်-ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်မာကြည်၊ ဦးစံထွန်းဝေတို့၏ အစ်ကိုကြီး၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ (၃၂)အနီဃာလမ်း၊ ဘောက်ထော်၊ ရန်ကင်းနေ ဒေါ်သက်သက်၏ခင်ပွန်း၊ ဦးဇေလျှမ်းဗိုလ် (ခေတ္တ-စင်ကာပူ)-ဒေါ်ဝိုင်းလဲ့ဖြူ(ခေတ္တ-စင်ကာပူ)၊ ဦးသစ်ထူးအောင်-ဒေါ်စန္ဒာဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မပွင့်သစ်ပန်းချီ၏ ဘိုးဘိုးကြီး ဦးဗိုလ်ချစ်သည် ၃-၉-၂၀၂၁ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြရွှေ (တန့်ဆည်)

**ပညာရေး(ငြိမ်း)**

### အသက်(၇၅)နှစ်

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နေ ဒေါ်တင်မြင့်(ကျန်းမာရေးမှူး-ငြိမ်း)၏ခင်ပွန်း၊ ဦးစောလင်း-ဒေါ်အုန်းရွှေ(ဆီဆုံရွာ၊ ရေဦး)၊ ဦးမြထွန်း-ဒေါ်သိန်းသိန်းထွေး(မြစ်သားမြို့)တို့၏ မောင်/အစ်ကို၊ ဒေါ်သောင်း (ပညာရေး-ငြိမ်း)၊ ဒေါ်ငွေးငွေး(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)တို့၏ အစ်ကိုကြီး၊ ဒေါက်တာသန့်ဇင်အောင်-ဒေါ်ချမ်းမြေ့သဥ္ဇာ၊ ဒေါက်တာကျော်သူအောင်-ဒေါ်မို့မို့ကေခိုင်၊ ဒေါက်တာပြည့်စိုးအောင်-ဒေါ်ဝေဝေထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ဖုန်းမြတ်၊ မရှင်းသန့်မွန်၊ မယွန်းကေရီသန့်၊ မောင်အောင်ဖုန်းခန့်၊ မယွန်းသူသူအောင်တို့၏ ချစ်လှစွာသော အဘိုးသည် ၄-၉-၂၀၂၁ ရက် နံနက် ၈:၁၅ နာရီတွင် လူကြီးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့)မွန်းလွဲ ၁:၄၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်းလှ

**တရားလွှတ်တော်ရှေ့နေ**

### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်(၈၀)နေ ဦးဟန်ကြည်၏ဇနီး၊ (ဦးဟန်ရင်-ဒေါ်သန်း)တို့၏သမီး၊ ဦးကြည်လှိုင်၊ ဦးသန်းထွန်းစိန်၊ ဦးအောင်ထွန်းကျော်၊ ဦးထွန်းမြင့်တို့၏အစ်မ၊ ဒေါ်မီမီအောင်၊ ဦးကျော်ခိုင်တို့၏ မိခင်ဒေါ်သိန်းသိန်းလှသည် ၂၇-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်မှော်ဘီမြို့နယ်၊ မြိုင်သာယာစံပြကျေးရွာ၊ မေတ္တာမြိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့်**
**အန္တိမ အဂ္ဂိစျာပန အခမ်းအနား ကျင်းပပြီးစီးခြင်း**

## ဆရာတော် ဘဒ္ဒန္တ ပညာဝံသ

### သိက္ခာတော်(၈၀)၊ သက်တော်(၁၀၀)

ရန်ကုန်မြို့၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အရှေ့ဥယျာဉ်တိုက်၊ သီရိသုခကျောင်း၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် (၁၃၈၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်) ၃-၉-၂၀၂၁(သောကြာနေ့) ညနေ ၄ နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်) ၄-၉-၂၀၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမ အဂ္ဂိစျာပန အခမ်းအနား ကျင်းပပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိ တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

သီရိသုခကျောင်း

ဆရာတော်၏ တပည့်၊ ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်တင်ရီ

### အသက်(၉၄)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းရွာနေ (ဦးဝင်း-ဒေါ်သန်းရွှေ)တို့၏ သမီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ဥတ္တာရွာနေ(ဦးဘိုးရင်-ဒေါ်မယ်ညီး)တို့၏ သမီးချွေးမ၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်တိုက် (၁)၊ (၂၀၁)နေ [ဦးညီဝင်း(လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်)]၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်လှနွဲ့၊ ဒေါ်ယဉ်နု၊ ဦးစန်းဝင်း-(ဒေါ်ခင်ပြုံး)၊ (ဦးသန်းဝင်း)၊ ဦးအေးမင်း၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးနိုင်-ဒေါ်စန်းစန်းမြင်၊ ဦးနေဝင်း-ဒေါ်စပယ်၊ (ဦးရဲမြင့်)၊ ဦးကျော်စိုးမိုး-ဒေါ်တင်တင်မာ တို့၏ မိခင်ကြီး ဒေါ်တင်ရီသည် ၃-၉-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အာရုတော်ဝင်ဆေးရုံ၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုံးမြင့်

### အသက် (၈၃)နှစ်

ဒိုက်ဦးမြို့၊ ဈေးတောင်လမ်း၊ (က/၁၃၃)နေ (ဦးအေးမြိုင်-ဒေါ်စိန်ညွန့်)တို့၏သမီးကြီး၊ ဒေါက်တာဒေါ်စောမြင့်-ဦးရှိန်း၊ ဒေါ်သန်းမြင့်-ဦးဝင်းမြင့်၊ (ဒေါ်အေးမြင့်)၊ ဒေါက်တာဒေါ်စန်းရွှေ၊ ဦးခင်မောင်သန်းတို့၏ အစ်မကြီး၊ တူ၊တူမကိုးယောက်တို့၏ ကြီးကြီး၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်အုံးမြင့်သည် ၂၇-၈-၂၀၂၁ရက် ညနေ ၆:၄၅ နာရီတွင် ဒိုက်ဦးမြို့ဆေးရုံဟောင်း၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၂၁ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ဒိုက်ဦးမြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့မြေ၊ ရေတွင်း၊ ရေကန်၊ ကထိန်၊ ဆွမ်း အလှူရှင်ဒါယိကာမကြီး

# ဒေါ်ခင်စီ(ခ)ဒေါ်ဝါဝါ(ခ) Nang Grace Tin (ကျိုင်းတုံ)

## အသက် (၈၁)နှစ်

ကျိုင်းတုံမြို့နေ (ဦးစိုင်းဘတင်-ဒေါ်နန်းရှင်း)တို့၏သမီးထွေး၊ အောင်လံမြို့နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးကြည်လွင် (မြန်မာ့ရုပ်/သံ၊ ညွှန်ချုပ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစိုင်းအောင်သန့်-ဒေါ်နန်းသဲသဲအောင်(ခ)ဒေါ်ခင်သစ္စာအေး(TTC)၊ ဦးမျိုးမွန်ထွန်း-ဒေါ်ကြည်နန္ဒာစုတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်အောင်ဘုန်းမွန်ကျော်၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်စီ(ခ)ဒေါ်ဝါဝါ(ခ) Nang Grace Tin သည် ၁-၉-၂၀၂၁(ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၂၁ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာခြင်းကို စတုဘုမ္မိကစာသင်တိုက်၌ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းအမှုပေးဝေခြင်းအား Covid ကာလဖြစ်ပါသဖြင့် အကျဉ်းချုံး၍ မိသားစုဖြင့် သာပြုလုပ်ပါမည်။]

ကျန်ရစ်သူမိသားစု







**နေရောင်အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မန်ယူတောင်ပံကစားသမား ဂျာဒန်ဆန်ချို ဒဏ်ရာပြဿနာကြောင့် အင်္ဂလန်အသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များနှင့် လွဲချော်မည်

မန်ယူအသင်းတောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ ဒဏ်ရာပြဿနာရရှိထားတာကြောင့် အန်ဒိုရာအသင်း၊ ပိုလန်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့် အင်္ဂလန်အသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေနဲ့ လွဲချော်ရတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ ယခုတစ်ပတ်အစောပိုင်းက လေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရရှိခဲ့တာကြောင့် အင်္ဂလန်အသင်းက ဟန်ဂေရီအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် ဂျာဒန်ဆန်ချိုဟာ နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်ကစားသမား ၂၃ ဦးစာရင်းမှာ ပါဝင်သွားခဲ့တာကြောင့် လက်ရှိအချိန်မှာ မန်ယူအသင်းဆီ ပြန်သွားနိုင်ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋





အလုံမြို့နယ် မြို့ပတ်ရထားပေါ်၌ ရထားရဲတပ်ဖွဲ့ဝင်များထံမှ ပါဆုံးသွားသည့် လက်နက်၊ ခဲယမ်းများ ပြန်လည်ရရှိမှုမှ တရားခံများ၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

## အင်းစိန်မြို့ပတ်ရထားပေါ်တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးရထားရဲတပ်ဖွဲ့ထံမှ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များယူဆောင်သွားခဲ့သည့် လက်နက် / ခဲယမ်းများနှင့် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၄

ဩဂုတ် ၁၄ ရက်တွင် မီးရထားရဲတပ်ဖွဲ့မှ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ခြောက်ဦးသည် လက်နက်/ခဲယမ်းများနှင့်အတူ အင်းစိန်-ရန်ကုန်-အင်းစိန်-လှော်ကား-အင်းစိန်မြို့ပတ်ရထားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ၎င်းတို့အား အလုံဘူတာနှင့် ပန်းလှိုင်အကြားတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးကျဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက် လေးလက်နှင့် ခဲယမ်းအချို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍

### ကြေးမုံ ယနေ့ ဖတ်စရာ


အမေရိကန်နိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူ ၃၇၃ ဒသမ ၅ သန်းကျော်ရှိလာ
စာမျက်နှာ » ၁၂

မေတ္တာမသေ့၊ မုန်းထုံ့ဖြေသည်
စာမျက်နှာ » ၂၃

ဂင်းနစ်မှတ်တမ်းဝင်တွေဖြစ်လာတဲ့ BTS
စာမျက်နှာ » ၂၄

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၅၇ ဦးရှိ
စာမျက်နှာ » ၁၃

စက်တင်ဘာ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၀၇၈ ဦး တွေ့ရှိ
စာမျက်နှာ » ၂၂


## အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(D)ပွဲစဉ်များကို အောက်တိုဘာလသို့ ပြောင်းလဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(D) ပွဲစဉ်များကို အောက်တိုဘာလသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲအုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(D)ပွဲစဉ်များကို လက်ဘနွန်နိုင်ငံက လက်ခံကျင်းပခွင့်ရထားခြင်းဖြစ်သည်။ သို့သော် လက်ဘနွန်နိုင်ငံအနေဖြင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများကြောင့် လက်ခံကျင်းပနိုင်ခြင်းမရှိတော့သဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိတော့ကြောင်း **စာမျက်နှာ ၁၉ ကော်လံ ၄ သို့** ●